# ကြေးမုံ

The Mirror Daily

၁၉၅၇ ပြေ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957


**ကောင်းမှုကို ပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထိမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)


၁၃၈၆ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁၁ ရက်၊ တနင်္လာနေ့။ Monday, 24 March 2025 ၁၁၇၇၁


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ယခုနှစ်ဆန်းပိုင်းမှစ၍ မန္တလေးမြို့ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ စုဝေးတည်ရှိရာဒေသများသို့ ပြည်ပခရီးသွားဧည့်သည်ဝင်ရောက်မှု များပြား

မန္တလေး မတ် ၂၃

မန္တလေးမြို့ရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များစုဝေးတည်ရှိရာ မန္တလေးတောင်ခြေအနီးရှိ ကုသိုလ်တော်ဘုရား၊ မြနန်းစံကျော်ရွှေနန်းတော်နှင့် ရွှေနန်းတော်ကျောင်း(ရွှေကျောင်းကြီး)သို့ ယခုနှစ်ဆန်းပိုင်းမှစ၍ လာရောက်လေ့လာကြသည့် ပြည်ပခရီးသွားဧည့်သည် များပြားလာကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ)မှ သိရသည်။


စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻




မန္တလေးမြို့ရှိ ပဥ္စမသင်္ဂါယနာတင် မဟာလောကမာရဇိန်စေတီ ကုသိုလ်တော်မြတ်စွာဘုရားသို့ လာရောက်ကြသည့် ပြည်ပခရီးသွားများကို တွေ့ရစဉ်။


ယနေ့ ဖတ်စရာ

နေပြည်တော်ကောင်စီနယ်မြေအတွင်း ၂၃၀ ကေဗွီ ပျဉ်းမနား-နေပြည်တော် (၁) မဟာဓာတ်အားလိုင်း လိုင်းအူကြောင်း ပြောင်းရွှေ့တည်ဆောက်
စာမျက်နှာ » ၅

ပြည်သူအတွက် မော်ကွန်းတိုက်၏ ခြေလှမ်းသစ်
ဆောင်းပါး စာမျက်နှာ » ၆

၂၀၂၅ ခုနှစ် မတ်လအတွင်း (၁-၃-၂၀၂၅ ရက်နေ့မှ ၁၅-၃-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့် ပတ်သက်၍ သတင်းထုတ်ပြန်ချက်
စာမျက်နှာ » ၂၂

ကိုရီးယားသမ္မတနိုင်ငံသို့ မြန်မာလုပ်သား စေလွှတ်နိုင်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်
စာမျက်နှာ » ၂၅


## ထူးခြားသည့် နေ့အပူချိန်များ

နေပြည်တော် မတ် ၂၃

| | | |
|---|---|---|
| မင်းဘူး | ၄၃ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| ချောက် | ၄၀ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| ညောင်ဦး | ၃၉ ဒသမ ၇ | ဒီဂရီဆဲလ်စီးယပ် |
| မကွေး | ၃၉ ဒသမ ၆ | ဒီဂရီဆဲလ်စီးယပ် |
| ဆင်ဖြူကျွန်း | ၃၉ ဒသမ ၅ | ဒီဂရီဆဲလ်စီးယပ် |
| ဇောင်းတူ | ၃၉ ဒသမ ၄ | ဒီဂရီဆဲလ်စီးယပ် |
| မြင်းခြံ | ၃၉ ဒသမ ၃ | ဒီဂရီဆဲလ်စီးယပ် |

# ပြည်ပမှ တင်သွင်းခွင့်ပြုထားသော ဘိလပ်မြေများ ရန်ကုန်ဆိပ်ကမ်းသို့ ထပ်မံရောက်ရှိ

နေပြည်တော် မတ် ၂၃

ယခုအချိန်သည် ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်၍ နိုင်ငံတစ်ဝန်းတွင် ဆောက်လုပ်ရေးလုပ်ငန်းများအား အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိရာ ထိုသို့တည်ဆောက်မှုလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သည့် ပြည်တွင်းဘိလပ်မြေလိုအပ်ချက်ကို ပြည့်မီစေရန်နှင့် ပြည်တွင်းထုတ်လုပ်မှုကို အင်အားဖြည့်တင်းပေးနိုင်ရန်အတွက် ပြည်ပမှ ဘိလပ်မြေများကို တင်သွင်းခွင့်ပြုလျက်ရှိသည်။

**စဉ်ဆက်မပြတ်ရောက်ရှိလျက်ရှိ**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ကော့သောင်းနယ်စပ်ကုန်သွယ်ရေးစခန်းမှတစ်ဆင့် တင်သွင်းလာသော ဘိလပ်မြေရေယာဉ်များ စဉ်ဆက်မပြတ်ရောက်ရှိလျက်ရှိပြီး ယခုတန်ချိန် ၁၅၀၀ တင်ဆောင်လာသည့် ရေယာဉ်သည်


စာမျက်နှာ ၅ ကော်လံ ၁ သို့ ✪




ကြေးမုံ

# မြန်မာနိုင်ငံ၏အနာဂတ် လှပစွာပုံဖော်ထုဆစ်

ဗဟုဝင်ရိုးကမ္ဘာဟုဆိုသည့် ဝင်ရိုးစုံကမ္ဘာ (Multipolar World) သည် ယခင်က ကမ္ဘာ့စင်မြင့်ပေါ်တွင် အင်အားကြီးနိုင်ငံကြီးတစ်နိုင်ငံတည်းက လွှမ်းမိုးကြီးစိုးခဲ့ရာမှ ယခုအခါ အဆိုပါအခင်းအကျင်းများနှင့် မတူတော့ဘဲ နိုင်ငံများစွာနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများစွာတို့သည် သိသာထင်ရှားသော စုစည်းမှုစွမ်းအားများဖြာထွက်လာပြီး ကမ္ဘာ့စင်မြင့်ပေါ်တွင် နိုင်ငံစုံသြဇာသက်ရောက်လာသည့် အစီအစဉ်သစ်ဖြစ်သည်။

တစ်နည်းဆိုလျှင် အင်အားကြီးနိုင်ငံများ၏ သြဇာလွှမ်းမိုးမှုကို ပြန်လည်စိန်ခေါ်လာနိုင်ပြီး ကမ္ဘာကြီးတွင် ယခင်ကကဲ့သို့ တစ်ဖက်စောင်းနင်းမဖြစ်တော့ဘဲ ပါဝါဟန်ချက်ကို ထိန်းညှိလာနိုင်ခြင်းဖြစ်သည်။ ဗဟုဝင်ရိုး ကမ္ဘာ့အစီအစဉ်များတွင် နိုင်ငံများသည် ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေး ပကတိအခြေအနေများနှင့် လိုက်လျောညီထွေရပ်တည်နိုင်ရန် ဆောင်ရွက်လာကြသည်။ ပူးပေါင်းဆောင်ရွက်မှုများနှင့် ကမ္ဘာ့အစီအစဉ်သစ်ထဲတွင် ပါဝင်လာကြခြင်းသည် နက်နဲသိမ်မွေ့ပြီး မျှတမှု၊ ပေါင်းစည်းမှု၊ တည်ငြိမ်အေးချမ်းမှုတို့ကို တိုးတက်ရရှိစေမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်ကြမှသာ ဆုံးဖြတ်ချက်များချမှတ်ရာတွင် ပြောင်းလွယ်ပြင်လွယ်ဖြစ်စေပြီး မလိုအပ်သည့် ဖိအားများကို မိတ်ဖက်များ၏ ပေါင်းစည်းအားဖြင့် ကြံ့ကြံ့ခံရပ်တည်လာနိုင်မည်ဖြစ်သည်။ စီးပွားရေးအရ၊ လုံခြုံရေးအရ၊ နည်းပညာအရဟူသည့် မတူညီသည့်နယ်ပယ်အသီးသီးတွင် လိုက်ဖက်ညီအောင် ဆက်ဆံရေးတိုးမြှင့်ဆောင်ရွက်ရာ၌ အထူးသဖြင့် စီးပွားရေးပိုင်းတွင် ပြောင်းလဲလာသော ကမ္ဘာ့အစီအစဉ်သစ်နှင့် လိုက်ဖက်ညီအောင် လုပ်ဆောင်ကြရမည်ဖြစ်သည်။ ဈေးကွက်တစ်ခုတည်း အလွန်အမင်းမှီခိုခြင်းကို လျှော့ချကြရမည်ဖြစ်သည်။ ကုန်သွယ်ဆက်ဆံရေးကို ဒေသစုံတွင် ဖြန့်ကြက်နိုင်အောင် မြှင့်တင်ကြရမည်ဖြစ်သည်။

ကမ္ဘာလုံးဆိုင်ရာ ပြတ်တောက်မှုများကြောင့် ဖြစ်ပေါ်လာနိုင်သည့် ဆုံးရှုံးမှုများကို လျှော့ချနိုင်ရန်အတွက် စီးပွားရေးပေါင်းစပ်မှုများကို ပြုလုပ်ကြရန်လိုသည်။ ဒေသတွင်းကုန်ထုတ်လုပ်မှုဈေးကွက်များ အားကောင်းလာစေရန် ပူးပေါင်းပါဝင်ကြရမည်ဖြစ်သည်။ နိုင်ငံများ၏ အမျိုးသားအကျိုးစီးပွားလုံခြုံရေးအတွက် အဓိကကဏ္ဍများဖြစ်သည့် စားရေရိက္ခာ၊ နည်းပညာနှင့်စွမ်းအင်ကဏ္ဍကဲ့သို့ အရေးပါသောလုပ်ငန်းများတွင် ပိုမိုရင်းနှီးမြှုပ်နှံကြရမည်ဖြစ်သည်။ နည်းပညာနှင့်ဒစ်ဂျစ်တယ် အချုပ်အခြာပိုင်ဆိုင်မှုသည် အဓိကရင်းနှီးမြှုပ်နှံရမည့် ကဏ္ဍများပင်ဖြစ်သည်။ အထူးသဖြင့် ဉာဏ်ရည်တု AI ၊ ဆီမီးကွန်ဒတ်တာများနှင့် ဆိုက်ဘာလုံခြုံရေးများသည် အဆုံးအဖြတ်ပေးမည့် နည်းပညာကဏ္ဍများဖြစ်သည်။

လူမှုယဉ်ကျေးမှုအပိုင်းတွင် ပါဝါအရွေ့များဖြစ်ပေါ်ပြောင်းလဲမှု မြန်ဆန်လာသဖြင့် ပြည်တွင်းတည်ငြိမ်ရေးသည် အဓိကအချက်ဖြစ်လာသည်။ သတင်းတု၊ သတင်းမှားများကို တိုက်ဖျက်ရန်လိုပြီး မီဒီယာအတတ်ပညာတိုးတက်အောင် ဆောင်ရွက်ရန်နှင့် ပြည်ပသြဇာအရှိန်သက်ရောက်အောင် ကြိုးပမ်းနေမှုများကို တန်ပြန်ဆောင်ရွက်ကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ ပုံရိပ်ကို အမျိုးမျိုးဖျက်နေကြသည့် မီဒီယာအရေခြုံများ၊ ပြည်ပအထောက်အပံ့ခံမီဒီယာများ၏ မမှန်မကန်လုပ်ကိုင်နေမှုများကို ပြောင်းလဲလာသော ဗဟုဝင်ရိုးကမ္ဘာ့အထိုင်သစ်နှင့် လိုက်လျောညီထွေစွာ အလျင်အမြန် ပြန်လည်ချေဖျက်ပြီး နိုင်ငံ့ပုံရိပ်ကို မြှင့်တင်ကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံ၏ ပတ်ဝန်းကျင်နှင့် အိမ်နီးချင်းငါးနိုင်ငံအပါအဝင် လူဦးရေလေးဘီလီယံနီးပါးရှိပြီး ကမ္ဘာ့လူဦးရေ၏ ၅၀ ရာခိုင်နှုန်းနီးပါးရှိသည့်အတွက် မြန်မာနိုင်ငံ၏ ထုတ်ကုန်ပစ္စည်းများကို တင်ပို့နိုင်သောအခွင့်အလမ်းရှိသည့် ဈေးကွက်အခိုင်အမာရှိပြီးဖြစ်သဖြင့် ရှိပြီးအရင်းအမြစ်များကို ထိရောက်စွာအသုံးချတတ်ရန်လိုသည်။ မူလအရေးပါသည့်တန်ဖိုးများကို အရာရောက်အောင်ကြိုးပမ်းအားထုတ်ကြရန်လိုသည်။ မြတ်ဗုဒ္ဓဟောတော်မူသော သင်္ခါရလောက၊ မတည်မြဲသည့် လောကနိယာမတို့အရ အားကြီးသူတို့ခင်းသည့်လမ်းကိုလျှောက်ကြရသည့် ဒွိဝင်ရိုးကမ္ဘာ့အထိုင်၊ ဧကဝင်ရိုးကမ္ဘာ့အထိုင်တို့ ချုပ်ငြိမ်းသွားခဲ့ပြီဖြစ်သည်။ အဟောင်းအဟောင်းတို့ချုပ်ငြိမ်းပြီးနောက် အသစ်အသစ်တို့ အစားထိုးဝင်ရောက်လာသကဲ့သို့ ဗဟုဝင်ရိုးကမ္ဘာ့အထိုင်သစ် မကြာသေးမီကပေါ်ပေါက်လာသည်။ အပြောင်းအလဲနှင့်အတူ လိုက်ပါမပြောင်းလဲပါက မေးမှိန်ပျောက်ကွယ်နိုင်သည့် ကမ္ဘာ့နိယာမအရ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများသည် ကမ္ဘာ့ရေစီးကြောင်းတွင် မဖြစ်မနေလိုက်ပါပြောင်းလဲရမည်ဖြစ်သည်။

ဝင်ရိုးစုံကမ္ဘာသစ်အဖြစ် ပြောင်းလဲလာပြီဖြစ်သော ကမ္ဘာ့အခြေအနေကို ယခုကျင်းပခဲ့သော သုံးသပ်ဆွေးနွေးပွဲမှတစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့်သိရှိခဲ့ပြီဖြစ်သည်။ တက်ရောက်လာကြသူများနှင့် ပထဝီနိုင်ငံရေး၊ ပထဝီစီးပွားရေးကို စိတ်ဝင်စားသူ မြန်မာနိုင်ငံသားများ သိရှိသဘောပေါက်ကြပြီဖြစ်သည်။ အလားတူ ဖြစ်ပေါ်လာသော အခင်းအကျင်းအသစ်ကို မြန်မာနိုင်ငံသူ နိုင်ငံသားများအားလုံး နားလည်သဘောပေါက်စေရန် အသိအမြင်များ ဆက်လက်မျှဝေပေးကြရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် အခက်အခဲများ၊ စိန်ခေါ်မှုများ များစွာကြုံတွေ့ခဲ့ရပြီးဖြစ်သည်။ အဆိုပါအခက်အခဲများ၊ စိန်ခေါ်မှုများကို ကျော်ဖြတ်နိုင်ရန်အတွက် နိုင်ငံသူ နိုင်ငံသားအားလုံး၏ စည်းလုံးညီညွတ်မှုဖြင့် မြန်မာနိုင်ငံ၏ အနာဂတ်မြန်မာ့ပုံရိပ်ကို ပုံဖော်ထုဆစ်မြှင့်တင်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ နှစ်(၈၀)ပြည့် တပ်မတော်နေ့ ဦးတည်ချက်များ

(က) ဒို့တာဝန်အရေး(၃)ပါးကို အစဉ်အမြဲ ဦးထိပ်ပန်ဆင်ပြီး တပ်မတော်၏အဓိက လုပ်ငန်းကြီး (၃)ခုဖြစ်သည့် နိုင်ငံတော်ကာကွယ်ရေးတာဝန်၊ လေ့ကျင့်ရေးတာဝန်နှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းတာဝန်များအား ကျရာအခန်းကဏ္ဍမှ အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်ရေး။

(ခ) နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး စစ်မှန်သည့် ထာဝရငြိမ်းချမ်းရေး ရရှိရန် ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဦးတည်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် ကျရောက်လာနိုင်သည့် ဘေးအန္တရာယ်များမှ ကာကွယ်စောင့်ရှောက်ရေး၊ ပြည်သူလူထု၏ လူမှုဘဝလုံခြုံရေးနှင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဘက်ပေါင်းစုံကကူညီ ဆောင်ရွက်ပေးရေး။

(ဃ) ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကြီး ပေါ်ထွန်းလာစေရေး အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရေး တပ်မတော်က လိုအပ်သည်များ ကူညီဆောင်ရွက်ပေးရေး။

## ၂၀၂၅ ခုနှစ်အတွက် အာဆီယံဆု(ASEAN Prize 2025) လျှောက်ထားနိုင်ကြောင်း ကြေညာချက်

၁။ အာဆီယံအတွင်းရေးမှူးချုပ်ရုံးအနေဖြင့် အာဆီယံ၏ ဂုဏ်ပုဒ်၊ အာဆီယံစိတ်ဓာတ်နှင့် အောက်ဖော်ပြပါ သတ်မှတ်ထားသည့် နယ်ပယ်များတွင် အာဆီယံအသိုက်အဝန်း ထူထောင်ရေးတို့ကို မြှင့်တင်ပေးနိုင်သည့် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းတို့၏ ဆောင်ရွက်မှုများနှင့် အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ၂၀၂၅ ခုနှစ် အာဆီယံဆု (ASEAN Prize 2025)ကို ပေးအပ်ချီးမြှင့်ရန်အတွက် အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်-

(က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပူးပေါင်းဆောင်ရွက်မှုများ၊

(ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား ပူးပေါင်းဆောင်ရွက်မှုများ၊

(ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ၊

(ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စီးပွားရေးပေါင်းစည်းရေးနှင့် စံနှုန်းများမြှင့်တင်ရေး ဆောင်ရွက်မှုများ၊

(င) အာဆီယံအသိုက်အဝန်း တည်ထောင်ရေးအတွက် သိသာထင်ရှားသည့် ဆောင်ရွက်မှုများ။

၂။ အာဆီယံဆုအား အပြီးသတ်ရွေးချယ်မည့် အကဲဖြတ်အဖွဲ့ကို လက်ရှိအာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများအပါအဝင် ထင်ရှားသောအဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပြီး ဆုရရှိသူအား အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ချီးမြှင့်သွားမည်ဖြစ်ပါသည်။

၃။ အဆိုပါဆုအား လျှောက်ထားရန် အဆိုပြုသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား(သို့မဟုတ်) အဖွဲ့အစည်းဖြစ်ရမည်ဖြစ်ပြီး စည်းမျဉ်းစည်းကမ်းကိုအခြေခံပြီး ပြည်သူကိုဦးတည်၍ ပြည်သူကိုဗဟိုပြုသည့် အာဆီယံအသိုက်အဝန်းထူထောင်ခြင်းနှင့် အာဆီယံဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။

၄။ အကျဉ်းချုပ်တွင်ပါရှိရမည့် အချက်အလက်များကို လျှောက်လွှာပုံစံတွင် ဖော်ပြပါရှိကြောင်းနှင့် လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https:// asean.org/nomination-form/ တွင် download ရယူဖြည့်စွက်ပြီး အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၉)၊ နေပြည်တော် (သို့မဟုတ်) amns.mofa@gmail.com သို့ ၁၁-၄-၂၀၂၅ ရက်နေ့နောက်ဆုံးထား၍ လိပ်မူလျှောက်ထားနိုင်ပါကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။ အသေးစိတ်အချက်အလက်များကိုလည်း ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာကြည့်ရှုနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

## ၂၃ - ၃ -၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၅၈၀၀၀၀ ဖြစ်သည်။**

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com

www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁

ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂

မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦး (၆၅)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့အထိမ်းအမှတ်အခမ်းအနား တက်ရောက်



နေပြည်တော် မတ် ၂၃

(၆၅)ကြိမ်မြောက် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ရုံးအမှတ်(၅)၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတို့မှ ပြည်ထောင်စုဝန်ကြီးများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့မှ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းနယ်ပယ်နှင့် သက်ဆိုင်သောဌာနများမှ အကြီးအကဲများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးမြထွန်းဦးက အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူးချုပ်ဖြစ်သူ Prof. Celeste Saulo က ပေးပို့သော သဝဏ်လွှာဗီဒီယိုနှင့် ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ်ဗီဒီယိုကလစ်တို့ကို ပြသပြီး ကမ္ဘာ့မိုးလေဝသနေ့ အထိမ်းအမှတ် အခမ်းအနားဆောင်းပါးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက ဆုများချီးမြှင့်ပေးအပ်သည်။ ယင်းနောက် ဖိတ်ကြားထားသည့် ဧည့်သည်တော်များနှင့်အတူ ခင်းကျင်းပြသထားသော မိုးလေဝသနှင့် ဇလဗေဒ ညွှန်ကြားမှုဦးစီးဌာန၏ အထိမ်းအမှတ်ပြခန်းအား လှည့်လည်ကြည့်ရှုကြသည်။

မွန်းလွဲပိုင်းတွင် မိုးလေဝသ၊ ဇလဗေဒ၊ ငလျင်ဘာသာရပ်ဆိုင်ရာ စာတမ်း ၁၈ စောင်ကို ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ပညာရေး ဝန်ကြီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများက ဖတ်ကြား ဆွေးနွေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# ၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ သုံးသပ်ဆွေးနွေးပွဲတက်ရောက်ခဲ့ကြသည့် နိုင်ငံတကာမှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များ ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာ

ရန်ကုန် မတ် ၂၃

"၂၀၂၅ အလွန် ဗဟုဝင်ရိုးကမ္ဘာတွင် မြန်မာနိုင်ငံကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများ" သုံးသပ်ဆွေးနွေးပွဲ တက်ရောက်ခဲ့ကြသည့် ဂျပန်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် အီတလီနိုင်ငံတို့မှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များနှင့် လေ့လာသုံးသပ်သူများသည် ယနေ့တွင် ရန်ကုန်မြို့မှ သက်ဆိုင်ရာနိုင်ငံများသို့ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာကြသည်။

အဆိုပါအဖွဲ့အား ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြန်မာ့ပုံရိပ်ဖော်ညွှန်းရေးအဖွဲ့ (Myanmar Narrative Think Tank) တို့မှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

အဆိုပါအဖွဲ့မှ အိန္ဒိယနိုင်ငံနှင့် နီပေါနိုင်ငံတို့မှ ပထဝီစီးပွားရေးနှင့် ပထဝီနိုင်ငံရေးဆိုင်ရာ ကျွမ်းကျင်ပညာရှင်များသည် ယနေ့ညနေပိုင်းတွင် ရွှေတိဂုံစေတီတော်မြတ်ကြီးသို့ သွားရောက်ဖူးမြော်ကြပြီး မတ် ၂၄ ရက်တွင် ရန်ကုန်မြို့မှ ပြန်လည်ထွက်ခွာကြမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



# ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သစ်နှင့် ကြိမ် အချောထည်စက်ရုံများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၂၃

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ်ရှိ ချမ်းမြေ့သာ သစ်အချောထည်စက်ရုံ၌ ကျွန်း၊ မန်ကျည်းရှားနှင့် ရော်ဘာသစ်အချောထည် ပရိဘောဂများ ထုတ်လုပ်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

စစ်ဆေးစဉ် တာဝန်ရှိသူများက ကုန်ကြမ်းရရှိမှုနှင့် ကုန်ချောထုတ်လုပ်မှု၊ ပြည်တွင်း ဈေးကွက်ဝယ်လိုအားနှင့် ရောင်းချမှု၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက သစ်အခြေခံစက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပုဂ္ဂလိကအခန်းကဏ္ဍသည် အရေးကြီးသည့်အတွက် ကုန်ကြမ်းရရှိရေးနှင့် ထုတ်လုပ်ပြီးသော ကုန်ချောများ တင်ပို့ရာတွင် အဆင်ပြေချောမွေ့မှုရှိစေရေးအတွက် ဌာနနှင့် လုပ်ငန်းရှင်များ ညှိနှိုင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ အလားတူ အချောထည် ပရိဘောဂပြုလုပ်ရန် သင့်တော်သည့်သစ်မျိုးများကို ဖော်ထုတ်ပြီး ဌာနနှင့် ပုဂ္ဂလိက ပေါင်းစပ်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း မှာကြားသည်။

ယင်းနောက် တောင်ဒဂုံမြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်း၊ အမှတ်(၁၀) ပရိဘောဂစက်ရုံရှိ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ပြည်ထောင်စုဝန်ကြီးက မြန်မာ့သစ်လုပ်ငန်းအနေဖြင့် တန်ဖိုးမြှင့် သစ်အချောထည်များထုတ်လုပ်ပြီး ပြည်တွင်း၊ ပြည်ပ ဈေးကွက်များရှာဖွေ၍ ရငွေလျာထားချက် ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်ရေး၊ နည်းပညာနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်း၊ လုပ်ငန်းရှင်များနှင့် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ရေးတို့ကို မှာကြားကာ ထုတ်လုပ်ထားသော သစ်အချောထည်ပရိဘောဂများကို လှည့်လည်ကြည့်ရှုသည်။

ထို့နောက် တောင်ဒဂုံမြို့နယ်ရှိ Great Myanmar ကြိမ်အချောထည်လုပ်ငန်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ကုန်ကြမ်းရရှိမှု၊ ကုန်ချောထုတ်လုပ်မှု၊ ပြည်ပ ဈေးကွက်သို့ တင်ပို့ရောင်းချမှုနှင့် လုပ်ငန်းလိုအပ်ချက်များနှင့် စပ်လျဉ်း၍ တင်ပြမှုများအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။



ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် စလူကြိုးဝိုင်း ဝါးကတုတ်ပျိုးဥယျာဉ်ရှိ သီးနှံသစ်တော ရောနှောစိုက်ခင်း သရုပ်ပြကွက်အတွင်း ပျဉ်းကတိုး၊ မန်ကျည်းရှား၊ ယမနေ၊ ပိတောက်၊ မဟော်ဂနီသစ်မျိုးများနှင့် သရက်၊ ဒန့်သလွန်၊ ပိန္နဲ၊ ကော်ဖီသီးနှံများ ရောနှောစိုက်ပျိုးထားမှုနှင့် ပျားမွေးမြူခြင်း သရုပ်ပြဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ လုပ်ငန်းဆိုင်ရာ တင်ပြချက်များပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# နှစ် (၈၀) ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်စင်တာဖွင့်

ရန်ကုန် မတ် ၂၃

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး လူငယ်စင်တာဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် သာကေတမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး လူငယ်စင်တာ၌ ကျင်းပသည်။





**တက်ရောက်**

အခမ်းအနားသို့ မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီ ဥက္ကဋ္ဌ အားကစားနှင့်လူငယ်ရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်၊ ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် ဇနီး၊ မြန်မာနိုင်ငံ လူငယ်ရေးရာ ဗဟိုကော်မတီ အတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးဇင်မင်းထက်၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ တာဝန်ရှိသူများ၊ အလှူရှင်များနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီး၊ တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးနှင့် လူငယ်များက လူငယ်စင်တာကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီး ဝန်ကြီးချုပ်တို့က လူငယ်စင်တာ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး လူငယ်စင်တာအတွင်းရှိ စာကြည့်တိုက်၊ အင်တာနက်ခန်းမ၊ အစည်းအဝေးခန်းမ၊ သင်တန်းခန်းမ၊ အနုပညာခန်းမ၊ ဘက်စုံသုံးခန်းမနှင့် အားကစားခန်းမတို့ကို လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် လူငယ်များက "လူငယ်စွမ်းရည်"ဂုဏ်ပြုတေးသီချင်းဖြင့် ဖျော်ဖြေကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီး လူငယ်ရေးရာကော်မတီမှ ဖွင့်လှစ်သည့် လူငယ်စင်တာသည် ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် ပထမဦးဆုံး စတင်ဖွင့်လှစ်ခဲ့သည့်လူငယ်စင်တာဖြစ်ပါကြောင်း၊ ဝန်ကြီးဌာနများ၊ ကုလသမဂ္ဂ အဖွဲ့အစည်းများ၊ လူမှုရေးအဖွဲ့အစည်းများ၊ လူထုအခြေပြု အဖွဲ့အစည်းများနှင့် လူငယ်အဖွဲ့များ အချင်းချင်း မိတ်ဆက်ဆောင်ရွက်နိုင်သော လက်တွေ့ကျသည့် ယန္တရားတစ်ခု ဖော်ဆောင်ပေးရမည်ဖြစ်ပါကြောင်း၊ ပြည်နယ်နှင့် တိုင်းဒေသကြီးတို့တွင် လူငယ်စင်တာများကို ဆက်လက်ဖွင့်လှစ်သွားနိုင်ရေးအတွက် ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ပြောကြားပြီး တိုင်းဒေသကြီး လူငယ်ရေးရာ ကော်မတီနှင့် လူငယ်စင်တာတွင် အသုံးပြုရန်အတွက် ငွေကျပ် သိန်း ၁၀၀ တန်ဖိုးရှိ အားကစားပစ္စည်းများကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လက်ခံရယူသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး လူငယ်များက "လူချွန်လူကောင်း"တေးသီချင်းဖြင့် ဖျော်ဖြေကြသည်။

ယင်းနောက် အလှူရှင်များက အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြု ကော်မတီသို့ လှူဒါန်းငွေ စုစုပေါင်း ငွေကျပ် သိန်း ၆၄၈၀ ကိုပေးအပ်လှူဒါန်းရာ ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက လက်ခံရယူကြသည်။

ဆက်လက်၍ ကင်းထောက် လူငယ်များက "ပြည်သူ့အတွက် အစဉ်အသင့်" တေးသီချင်းဖြင့် ဂုဏ်ပြုသီဆိုပြီး လူငယ့်အားမာန် စာကြည့်တိုက်သို့ လှူဒါန်းသည့် စာအုပ်များကို ဒုတိယဝန်ကြီးက လက်ခံရယူသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်၏ ဇနီး၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၏ ဇနီးများသည် ဘင်ခရာ၊ ပန်းဖွားအဖွဲ့များနှင့် သရုပ်ပြအဖွဲ့များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ပြီး တိုင်းဒေသကြီး အားကစားနှင့် လူငယ်ရေးရာ အထောက်အကူပြု လုပ်ငန်းကော်မတီမှ တာဝန်ရှိသူများက လူငယ်စင်တာ ဖွင့်ပွဲ အထိမ်းအမှတ် လက်ဆောင်များကို ပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး လူငယ်များက "ဇာတိမာန်" တေးသီချင်းဖြင့် ဂုဏ်ပြုသီဆိုကာ တိုင်းဒေသကြီး အစိုးရအဖွဲ့က ရန်ကုန်တိုင်းဒေသကြီး လူငယ်စင်တာ တည်ဆောက်ပြုပြင်ခြင်း လုပ်ငန်းနှင့် တစ်နှစ်တာ လျှပ်စစ်မီးရရှိရေးအတွက် ကုန်ကျငွေကျပ် ၄၁၅၈ သိန်းကျော်ကို ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကမ္ဘာ့ရေနေ့ ၂၀၂၅ အထိမ်းအမှတ် ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲ ကျင်းပ

နေပြည်တော် မတ် ၂၃

ကမ္ဘာ့ရေနေ့ ၂၀၂၅ အထိမ်းအမှတ် ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲကို ယမန်နေ့ မွန်းလွဲပိုင်းတွင် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန(၂) နေပြည်တော်၌ ဆက်လက် ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ အတွင်းရေးမှူး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း၊ ရေနှင့်ဆက်နွှယ်သည့် ဝန်ကြီးဌာနအဖွဲ့အစည်းများ၊ နေပြည်တော်၊ ရန်ကုန်နှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံရေကဏ္ဍတွင် ဆောင်ရွက်လျက်ရှိသော ဌာနအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ စာတမ်းဖတ်ကြား ဆွေးနွေးတင်ပြမည့်သူများ၊ ဘာသာရပ်ဆိုင်ရာ စကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးမည့်သူများ၊ ရေနှင့် ဆက်နွှယ်သည့် ဌာနအဖွဲ့အစည်းများမှ စိတ်ပါဝင်စားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက ယခုနှစ် ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲတွင် ကမ္ဘာ့ရေနေ့ ၂၀၂၅ ဆောင်ပုဒ်ဖြစ်သည့် "ရေအရင်းအမြစ်များတည်မြဲဖို့ ရေခဲမြစ်များထိန်းသိမ်းစို့" (Glacier Preservation) နှင့် ဆက်နွှယ်သည့် စာတမ်းများကို သက်ဆိုင်ရာပညာရှင်များက ဖတ်ကြားတင်ပြမည်ဖြစ်ပြီး အခမ်းအနားသို့ တက်ရောက်လာသူများအနေဖြင့် သိရှိလိုသည်များကို မေးမြန်းခြင်း၊ ပိုမိုကောင်းမွန်စေရန် ဖြည့်စွက်အကြံပြုပေးခြင်းတို့ဖြင့် ပူးပေါင်းပါဝင်ဆွေးနွေးပေးကြစေလိုပါကြောင်း၊ မြန်မာနိုင်ငံသည် စိုက်ပျိုးရေးကိုအခြေခံသော နိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော ရေအရင်းအမြစ်များကို စနစ်တကျထိန်းသိမ်းပြီး ရေရှည်အသုံးပြုနိုင်ရန် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ရေအရင်းအမြစ်များတည်မြဲဖို့ရေခဲမြစ်များထိန်းသိမ်းစို့ စာတမ်း၊ မြန်မာနိုင်ငံအတွင်း ရေဖူလုံစေရေး ရေအရင်းအမြစ်များ ထုတ်ဖော်အသုံးချရေး စာတမ်းများကို လည်းကောင်း၊ ရေနှင့် သက်ဆိုင်သော ဝန်ကြီးဌာနအဖွဲ့အစည်းများက ဘာသာရပ်ဆိုင်ရာ စာတမ်း ၁၀ စောင်ကို လည်းကောင်း ဖတ်ကြားခဲ့ပြီး စာတမ်းများနှင့် ပတ်သက်သည့် တင်ပြချက်များအပေါ် တက်ရောက်လာကြသူများက သိလိုသည်များကို မေးမြန်းခြင်း၊ ဖြည့်စွက်အကြံပြုဆွေးနွေးခြင်းများ ပြုလုပ်ကြပြီး ရေဆိုင်ရာပညာရှင်များက "ရေအရင်းအမြစ်များတည်မြဲဖို့ ရေခဲမြစ်များ ထိန်းသိမ်းစို့"ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးက စာတမ်းဖတ်ကြားဆွေးနွေးခဲ့သည့် ပညာရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများ ချီးမြှင့်ပေးအပ်ပြီး နိဂုံးချုပ် ကျေးဇူးတင်စကား ပြောကြားသည်။

မွန်းလွဲပိုင်း ဘာသာရပ်ဆိုင်ရာဆွေးနွေးပွဲကျင်းပချိန်တွင် ကမ္ဘာ့ရေနေ့ ၂၀၂၅ အထိမ်းအမှတ် ဓာတ်ပုံပြပွဲ ပြခန်းများကို Nay Pyi Taw State Academy နှင့် နေပြည်တော်ရှိ အခြေခံပညာအလယ်တန်းနှင့် အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူများက လာရောက်ကြည့်ရှုလေ့လာကြသည်။

ကမ္ဘာ့ရေနေ့ အထိမ်းအမှတ် ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများကို ရေသယံဇာတအရင်းအမြစ်များ အကန့်အသတ်ရှိမှု၊ ရေအရင်းအမြစ်များ ရေရှည်တည်မြဲရန်လိုအပ်မှု၊ ရေအရင်းအမြစ်တစ်ခုဖြစ်သည့် ရေခဲမြစ်များ ထိန်းသိမ်းရန်လိုအပ်မှုနှင့် ရေကိုစနစ်တကျ ချွေတာသုံးစွဲရန် လိုအပ်မှုကို အများပြည်သူသိရှိပြီး လိုက်နာဆောင်ရွက်နိုင်ကြစေရန် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# နေပြည်တော်ကောင်စီနယ်မြေအတွင်း ၂၃၀ ကေဗွီ ပျဉ်းမနား-နေပြည်တော်(၁) မဟာဓာတ်အားလိုင်း လိုင်းအူကြောင်း ပြောင်းရွှေ့တည်ဆောက်

**နေပြည်တော် မတ် ၂၃**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးညဏ်ထွန်းသည် ဒုတိယဝန်ကြီး ဦးအေးကျော်နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်တို့တွင် ဆောင်ရွက်လျက်ရှိသည့် ၂၃၀ ကေဗွီ ပျဉ်းမနား-နေပြည်တော်(၁) မဟာဓာတ်အားလိုင်း လိုင်းအူကြောင်းပြောင်းရွှေ့ တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။





**ဖြည့်ဆည်းဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် လုပ်ငန်းခွင်အတွင်း ဓာတ်အားလိုင်း အူကြောင်း ပြောင်းရွှေ့ တည်ဆောက်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရန် တာဝါတိုင်များ စိုက်ထူပြီးစီးမှု၊ တိုင်ဆင်ခြင်းနှင့် ဓာတ်အားလိုင်း ကြိုးဆွဲခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှု၊ ဓာတ်အားလိုင်း အဟောင်း ပြောင်းရွှေ့ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် ၃၃ ကေဗွီ ဖွံ့ဖြိုးရေး(၁) ဓာတ်အားလိုင်း ပြောင်းရွှေ့ တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းခွင်သုံးပစ္စည်းများ စံချိန်စံညွှန်းပြည့်မီစေရေး၊ လေလွင့်ဆုံးရှုံးမှု မရှိစေရေးနှင့် သတ်မှတ်ချိန်အတွင်း အချိန်မီပြီးစီးနိုင်ရေး အလေးထားဆောင်ရွက်သွားရန် မှာကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဇမ္ဗူသီရိမြို့နယ်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနမှ အရာထမ်း/ အမှုထမ်းများ နေထိုင်သည့် ဝန်ထမ်းအိမ်ရာများ သန့်ရှင်းသာယာ လှပရေးနှင့် တစ်ပိုင်တစ်နိုင် စိုက်ပျိုးဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး စည်ပင်သာယာရေးကော်မတီကသတ်မှတ်ထားသော အိမ်ရာစည်းကမ်းများနှင့်အညီ တိကျစွာ လိုက်နာနေထိုင်သွားရန်၊ ဝန်ထမ်းများအချင်းချင်း စည်းလုံးညီညွတ်စွာနေထိုင်သွားကြရန် မှာကြားသည်။

ထို့နောက် ဒက္ခိဏသီရိမြို့နယ်ရှိ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေး လုပ်ငန်း မီတာစမ်းသပ်စစ်ဆေးရေးဌာနသို့ရောက်ရှိပြီး မီတာများ စမ်းသပ်စစ်ဆေးခြင်း လုပ်ငန်း ဆောင်ရွက်မှု အဆင့်ဆင့်နှင့် ပစ္စည်းသိုလှောင်ရေး စတိုအတွင်း ထိန်းသိမ်းထားရှိသည့် ရုံးလုပ်ငန်းသုံး ပရိဘောဂပစ္စည်းများ၊ ဓာတ်အားလိုင်း/ဓာတ်အားခွဲရုံသုံး ပစ္စည်းများနှင့် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်ရန် လုပ်ငန်းသုံးပစ္စည်းများ ဖြန့်ခွဲနေရာချထားမှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည် များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

*** ရှေ့ဖုံးမှ**

ပွင့်လင်းရာသီချိန်ဖြစ်ပြီး မြန်မာ့ရိုးရာ အတာသင်္ကြန်ကာလနှင့် နီးကပ်လာချိန်ဖြစ်၍ ၂၀၂၅ ခုနှစ် နှစ်ဆန်းပိုင်းမှစတင်ကာ ပြည်ပခရီးသွားဝင်ရောက်မှုမှာ ပိုမိုများပြားလာသည်ဟု ယင်းဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

"ဇန်နဝါရီလလောက်ကစပြီး ပြည်ပခရီးသွားဝင်ရောက်မှု အတော်များလာတယ်။ ပွင့်လင်းရာသီမှာ ပုံမှန်ထက် ခရီးသွားဧည့်သည်ဝင်ရောက်မှု ပိုလေ့ရှိတယ်။ မန္တလေးရောက်ရင် မြနန်းစံကျော်ရွှေနန်းတော်နဲ့ ရွှေကျောင်းကြီးကို လာရောက်လေ့လာကြသလို ကမ္ဘာ့အမွေအနှစ်စာရင်းဝင် ကမ္ဘာ့အကြီးဆုံးစာအုပ်ကြီးလို့ခေါ်တဲ့ ပိဋကတ်ကျောက်စာတွေရှိတဲ့ ကုသိုလ်တော်ဘုရားကိုလည်း ပြည်ပခရီးသွားဧည့်သည်တွေ သွားရောက်လေ့လာကြတယ်"ဟု ၎င်းကပြောသည်။

ပြည်ပခရီးသွားဝင်ရောက်မှုစာရင်းများအရ ၂၀၂၄ ခုနှစ် ဧပြီလမှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီလထိ ပြည်ပခရီးသွားဝင်ရောက်မှုမှာ မြနန်းစံကျော်ရွှေနန်းတော်တွင် ၂၆၈၄ ဦး၊ ရွှေနန်းတော်ကျောင်း (ရွှေကျောင်းကြီး)တွင်၂၃၀၉ ဦးရှိရာ အဆိုပါပြည်ပခရီးသွားများသည် ရွှေနန်းတော်ကျောင်းနှင့်နီးသော ကုသိုလ်တော်ဘုရားသို့လည်း ဝင်ရောက်လေ့လာကြကြောင်း သိရသည်။

မန္တလေးမြို့ကို မင်းတုန်းမင်းတရားကြီးက မြန်မာသက္ကရာဇ် ၁၂၂၁ ခုနှစ်တွင် ရတနာပုံ(မန္တလေး)ဟု မြို့တည်ခဲ့ရာ နှစ်ပေါင်း ၁၆၅ နှစ်ရှိပြီဖြစ်သော ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ပြည်ပခရီးသွားများက စိတ်ဝင်တစားလာရောက်လေ့လာကြကြောင်း သိရသည်။

**မင်းထက်အောင် (မန်းကိုယ်ပွား)**

**✪ ပြည်ပမှ**

ရန်ကုန်မြို့ ရွှေပြည်သာ ရွှေမဲဆိပ်ကမ်းသို့ ယမန်နေ့ ညနေပိုင်းတွင် ထပ်မံရောက်ရှိခဲ့၍ ယနေ့နံနက်ပိုင်းက ဈေးကွက်အတွင်း ဖြန့်ဖြူးရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြည်တွင်းဆောက်လုပ်ရေးလုပ်ငန်းများအတွက် ယခုကာလအတွင်း လိုအပ်သောဘိလပ်မြေကို တင်သွင်းခွင့်ပြုထားပြီး ယခုရေယာဉ်အပြင် ကျန်ဘိလပ်မြေတင်ဆောင်လာသည့် ရေယာဉ်များပါ အပတ်စဉ် ဆက်လက်ရောက်ရှိလာမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်မြိုင် ရထားလမ်းပိုင်းအခြေအနေများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် မတ် ၂၃**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်သည် မတ် ၂၀ ရက်မှ ၂၂ ရက်အထိ မြန်မာ့မီးရထားမှ အထွေထွေမန်နေဂျာများ၊ တိုင်းတာဝန်ခံ အရာရှိများနှင့်အတူ သာစည် – ရွှေညောင်ရထားလမ်းပိုင်းအခြေအနေ၊ လွန်းထိုးနေရာများနှင့် ဆင်တောင် – မြင်းဒိုက်ဘူတာကြားရှိ ကမ်းပါးနိဉ်မင်အဝင်/ အထွက်နေရာများ၊ အဆိုပါ ရထားလမ်းပိုင်းရှိ ရွှေမင်းဖုန်းဒေသတွင် ရေထုတ်မြောင်းတူးဖော်ခြင်းနှင့် ယာယီရှောင်ကွင်း ရထားလမ်းတာပေါင် တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေသည့် အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။



**ဆွေးနွေးမှာကြား**

ကြည့်ရှုစစ်ဆေးစဉ် လုပ်ငန်းများ သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးနိုင်ရေး လူအင်အား၊ ပစ္စည်းအင်အား၊ စက်ယန္တရားအင်အားများကို စနစ်တကျစုဖွဲ့ အသုံးပြု၍ စီမံဆောင်ရွက်သွားရန်နှင့် ရေမြောင်းများပိတ်ဆို့မှုမရှိစေရေး၊ ရေစီးရေလာကောင်းမွန်စေရေးစသည့် လုပ်ငန်းများကို အလေးထား ဆောင်ရွက်သွားရန် တို့ကို ဆွေးနွေးမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ပေါမူ – ထီသိမ် – တောင်ကြီး ရထားလမ်းပိုင်းတွင် ပျက်စီးချို့ယွင်းမှုများ ဖြစ်ပေါ်ခဲ့သည့် ရထားလမ်းအူကြောင်း တာပေါင်မြေကြီးလုပ်ငန်း၊ ရေထုတ်ပြွန်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း၊ Gabion Basket ကျောက်စီမြေထိန်းနံရံနှင့် ရေမြောင်း တည်ဆောက်ခြင်း လုပ်ငန်း ဆောင်ရွက်နေသည့် အခြေအနေများကိုစစ်ဆေးပြီး တာပေါင်နေရာများအား သတ်မှတ် Compaction ရရှိအောင် မြေဖို့ဖိကြိတ်ခြင်းများ စနစ်တကျဆောင်ရွက်ရန်နှင့် ကွေ့ဒီဂရီ၊ Alignment နှင့် Super Elevations များ မှန်ကန်မှုရှိစေရေး စနစ်တကျစစ်ဆေး၍ ပြုပြင်ဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးမှာကြားသည်။

ထို့ပြင် တောင်ကြီး – နောင်ကားလမ်းခွဲ – ပင်းပက် ရထားလမ်းပိုင်းရှိ တံတားနှင့် တာပေါင်များ ထိန်းသိမ်းမှု အခြေအနေကို စစ်ဆေးပြီး ကျောက်ဖြည့်တင်းရန် လိုအပ်သည့်နေရာများတွင် ကျောက်ထပ်မံ ဖြည့်သွင်း၍ ပက်ကင်ရိုက်ခြင်းများ စနစ်တကျ ဆောင်ရွက်ရန်၊ လမ်းပိုင်းအတွင်းရှိ တံတားနှင့် Box Culvert များ ရေရှည်ခိုင်ခံ့မှုရှိစေရေး စနစ်တကျ စစ်ဆေး၍ ထိန်းသိမ်းဆောင်ရွက်ရန်နှင့် ရေမြောင်းများ (Side Drains) စနစ်တကျ ဆောင်ရွက်သွားရန်တို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်းသိရသည်။

**သတင်းစဉ်**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် မတ် ၂၃**

လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**



# ဇီးကုန်းမြို့နယ်၌ နွေနှမ်းစိုက်ပျိုးမှု တောင်သူများစိတ်ဝင်စား၍ ပိုမိုစိုက်ပျိုး

**ဇီးကုန်း မတ် ၂၃**

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်တွင် စားသုံးဆီဖူလုံရေးအတွက် ဆည်ရေပိုရေလျှံများမှ ရရှိသောရေဖြင့် နွေနှမ်း(ပေါင်ကြီးတင်စနစ်) စိုက်ပျိုးမှုကို တောင်သူများစိတ်ဝင်စား၍ ပိုမိုစိုက်ပျိုးလာကြောင်း သိရသည်။

မိသားစုစားသုံးရန်အပြင် ဒေသတွင်း စားသုံးဆီဖူလုံရေးအတွက် မြို့နယ် စိုက်ပျိုးရေးကြီးကြပ်မှုကော်မတီ၊ စိုက်ပျိုးရေးဦးစီးဌာနတို့၏ ကြီးကြပ်လမ်းညွှန်မှုတို့ဖြင့် သက်တမ်းတို ထွက်နှုန်းကောင်း မကွေးနှမ်းနက် ၂/၁၄ နှင့် ဆင်းရတနာ နှမ်းမျိုးများကို စိုက်ပျိုးထားရှိကြောင်း နှင့် ဇီးကုန်းမြို့နယ်တွင် နွေနှမ်းစိုက်ပျိုးမှုကို တောင်သူများ စိတ်ဝင်စား၍ ပိုမိုစိုက်ပျိုးလာပြီး လက်ရှိတွင် ဧက ၅၀ ကျော်စိုက်ပျိုးထားရှိကာ မတ်လမကုန်မီ ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ မိုးစပါးစိုက်ပျိုးမှုအချိန်မီစေရန် သက်တမ်းတိုထွက်နှုန်းကောင်း နှမ်းမျိုးများကို ရွေးချယ်စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

■

# ပြည်သူအတွက် မော်ကွန်းတိုက်၏ ခြေလှမ်းသစ်

**ဒေါက်တာဥမ္မာလင်း**
**(မော်ကွန်းတိုက်)**

**မော်ကွန်းတိုက် စတင်တည်ထောင်**

တန်ဖိုးမဖြတ်နိုင်သည့် မြန်မာ့သမိုင်းဆိုင်ရာ မှတ်တမ်းများ၊ အမျိုးသားရေးမော်ကွန်းဝင် မှတ်တမ်းများ၊ မြန်မာနိုင်ငံ အစိုးရယန္တရားတစ်ခုလုံးနှင့် သက်ဆိုင်သည့် သမိုင်းဝင်မှတ်တမ်းများ ထာဝရ မပျောက်ပျက်အောင် ထိန်းသိမ်းရန်အတွက် **၁၉၇၂ ခုနှစ် မတ်လ ၁၅ ရက်နေ့**တွင် တော်လှန်ရေးကောင်စီ ကြေညာချက်အမှတ် ၉၇ အရ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန လက်အောက်တွင် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ကို စတင်တည်ထောင်ခဲ့သည်။ ထိုစဉ်ကတည်းက အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသည် မှတ်တမ်းနှင့် မော်ကွန်းများကို စနစ်တကျထိန်းသိမ်းရာဌာန တစ်ခုဖြစ်ပါသည်။

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသည် တိုင်းပြည်တစ်ပြည်၏ အရေးကြီးသော စာရွက်စာတမ်းများ၊ သမိုင်းဝင် အထောက်အထားများ၊ အစိုးရလုပ်ငန်းနှင့်သက်ဆိုင်သော အချက်အလက်များကို လုံခြုံစွာစနစ်တကျထိန်းသိမ်းထားသည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။ ထိန်းသိမ်းထားသည့် အထောက်အထားများအနေဖြင့် သမိုင်းဆိုင်ရာများ၊ အစိုးရစာတမ်းများ၊ ဥပဒေရေးရာ စစ်တမ်းများ စသည်တို့ပါဝင်ပါသည်။ ၎င်းတို့ကို အများပြည်သူများ၊ အစိုးရဌာနအဖွဲ့အစည်းများ၊ သမိုင်းပညာရှင်များ၊ ပြည်တွင်း ပြည်ပမှ သုတေသနပြုသူများ၊ ဥပဒေရေးရာဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများ အသုံးပြုနိုင်သည်။

**မော်ကွန်းတိုက်၏ အရေးပါမှု**

အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနတွင် ထိန်းသိမ်းထားသော အထောက်အထားများသည် တိုင်းပြည်၏ သမိုင်းနှင့် ယဉ်ကျေးမှုကို သိမြင်စေခြင်း၊ ဥပဒေပေါ်တွင်အခြေခံ၍ ရေးသားထားသည့် အထောက်အထားများကို ဖတ်ရှုနိုင်ခြင်း၊ နိုင်ငံအတွင်း တရားမျှတမှု တည်ဆောက်ရာတွင် အရေးကြီးခြင်း၊ သုတေသနလုပ်ငန်းများကို အထောက်အကူပြုပေးနိုင်ခြင်း၊ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ရန်လိုအပ်ချက်များကို သုံးသပ်နိုင်ခြင်းနှင့် လူမှုစီးပွားတိုးတက်ရန်အတွက် တိုင်းပြည်၏ စီးပွားရေးဆိုင်ရာ အချက်အလက်များကို ပံ့ပိုးပေးနိုင်ခြင်းဖြင့် နိုင်ငံနှင့် ပြည်သူများအပေါ် များစွာအထောက်အကူပြုပါသည်။ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသည် တိုင်းပြည်၏ အနာဂတ်အတွက် အရေးကြီးပြီး မှန်ကန်သည့် သတင်းအချက်အလက်များကို ရယူ၍ ပြန်လည်မျှဝေသော နေရာတစ်နေရာဖြစ်ပါသည်။



အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက် နေပြည်တော်(ရုံးချုပ်)။

**မော်ကွန်းတိုက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့မှုအစီအစဉ်**

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသည် အသစ်ဖွဲ့စည်းသော ဌာနတစ်ခုဖြစ်သည့်အတွက် လိုအပ်သော နည်းပညာနှင့် ပစ္စည်းကိရိယာတို့ကို ၁၉၈၂ ခုနှစ်တွင် ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) ဖြင့် ကမ္ဘာ့နိုင်ငံအသီးသီးရှိ မော်ကွန်းတိုက်များ၌ ဦးဆောင်ဦးရွက်ပြုနေကြသည့်ပုဂ္ဂိုလ်များ၊ UNESCO ၏ အတိုင်ပင်ခံ (Consultants) များ၊ UNESCO မှ အကြံပေးပညာရှင်များ မြန်မာနိုင်ငံသို့ လာရောက်၍ အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက် အင်အားဖြည့်တင်းရေးစီမံချက် (Strengthening of National Archives Project) ဖြင့် လုပ်ငန်းဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာများကို စာတွေ့၊ လက်တွေ့ လေ့ကျင့်သင်ကြားပို့ချပေးခဲ့သည်။ ထိုစီမံချက်ကို ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့်အတူ UNESCO မှ ညွှန်ကြားချက်များနှင့် အညီ ဆောင်ရွက်ခဲ့ပြီး အဆင့်မြင့်အရာထမ်းများအား အင်္ဂလန်၊ ဩစတြေးလျ၊ ကနေဒါ၊ အိန္ဒိယနိုင်ငံ မော်ကွန်းတိုက်များသို့ သွားရောက်လေ့လာစေခြင်း၊ ကျွမ်းကျင်ဝန်ထမ်းများရရှိစေရန် ကဏ္ဍအသီးသီးတွင် အဆင့်ဆင့်ဦးဆောင်နေသည့် အရာထမ်း၊ အမှုထမ်းများစွာတို့ကို ပြည်ပသို့ စေလွှတ်လေ့ကျင့်ပေးခြင်းများ ပြုလုပ်ခဲ့သည်။ ထို့ပြင် မော်ကွန်းတိုက် ဖွံ့ဖြိုးရေးအတွက် လိုအပ်သော စက်ပစ္စည်းများကိုလည်း ဖြည့်ဆည်းပေးခဲ့သည်။

၁၉၈၄ ခုနှစ်တွင်ပြည်ပ၌ မှတ်တမ်းရယူစုဆောင်းရေးဆောင်ရွက်ရန် ညွှန်ကြားရေးမှူးချုပ် အပါအဝင် အဆင့်မြင့်အရာရှိကြီးများက အင်္ဂလန်၊ ဂျပန်၊ ဩစတြေးလျ၊ တရုတ် စသည့်ဖွံ့ဖြိုးပြီးနိုင်ငံများသို့ သွားရောက်၍ မှတ်တမ်းများ ရယူစုဆောင်းသိမ်းဆည်းခြင်းများကို ဆောင်ရွက်ခဲ့ပြီး ထိုနိုင်ငံများ၏ မော်ကွန်း၊ မှတ်တမ်းစီမံခန့်ခွဲခြင်းတို့ကိုပါ လေ့လာခဲ့ကြသည်။ မြန်မာနိုင်ငံသည် ၁၉၉၁ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာ မော်ကွန်းတိုက်များကောင်စီ (ICA) အဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပြီး ၁၉၉၃ ခုနှစ်တွင် အရှေ့တောင်အာရှဒေသဆိုင်ရာ မော်ကွန်းတိုက်များကောင်စီ (SARBICA) အဖွဲ့ဝင် နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။

**အောင်မြင်မှုမှတ်တိုင်**

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၏ ဂုဏ်သိက္ခာအကြီးမားဆုံး မှတ်တိုင်တစ်ခုမှာ ၁၉၉၇ ခုနှစ်တွင် (၁၁) ကြိမ်မြောက် အရှေ့တောင်အာရှဒေသဆိုင်ရာ မော်ကွန်းတိုက်များကောင်စီ ညီလာခံကို မြန်မာနိုင်ငံ၌ အိမ်ရှင်နိုင်ငံအဖြစ် တာဝန်ယူ ကျင်းပခဲ့ခြင်းပင်ဖြစ်သည်။ မြန်မာနိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြစ်သည့်အတွက် ပညာရှင်အင်အား၊ ငွေကြေးအင်အား လိုအပ်ချက်များစွာ ရှိနေခဲ့သည်။

ထိုစဉ်က တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်မှ စာကြည့်တိုက်မှူးကြီး ဆရာကြီး စည်သူ ဒေါက်တာသော်ကောင်း၊ စာပေထိန်းသိမ်းရေးနှင့် အမျိုးသားကော်မရှင်ဥက္ကဋ္ဌ သမိုင်းပါမောက္ခ ဆရာကြီးဦးထွန်းအောင်ချိန်နှင့် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်၊ မြန်မာသမိုင်းအဖွဲ့ဝင် ဆရာကြီး စည်သူဒေါက်တာခင်မောင်ညွှန့်တို့က သဘာပတိများအဖြစ်လည်းကောင်း၊ ကျန်းမာရေးကိစ္စရပ်များကို ပါမောက္ခဒေါက်တာညွှန့်သိန်းနှင့်အဖွဲ့က လည်းကောင်း ဌာနများက ပူးပေါင်းကာ တာဝန်ယူဆောင်ရွက်ပေးခဲ့ကြသည့်အတွက် (၁၁)ကြိမ်မြောက် အရှေ့တောင်အာရှဒေသဆိုင်ရာ မော်ကွန်းတိုက်များ ညီလာခံသည် ဒေသတွင်းရှိ မော်ကွန်းတိုက်များကပင် ချီးကျူးရသည်အထိ ခမ်းနားထည်ဝါစွာဖြင့် အောင်မြင်မှုမှတ်တိုင်စိုက်ထူနိုင်ခဲ့သည်။

**ရယူစုဆောင်း၊ ထိန်းသိမ်း၊ ဝန်ဆောင်မှုပေး**

အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာနသည် ပြည်သူများ အမှားအမှန်ပိုင်းခြားဝေဖန်နိုင်သော အသိပညာတိုးတက်မြင့်မားစေမည့် မော်ကွန်း၊ မှတ်တမ်းအထောက်အထားများကို စနစ်တကျထိန်းသိမ်းထားရှိပါသည်။ မြန်မာဘုရင်ခေတ်မှစ၍ ယနေ့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ခေတ်အထိ နှစ်နိုင်ငံချုပ်ဆိုသည့် သဘောတူစာချုပ်များ၊ နိုင်ငံတော်အဆင့် ညီလာခံများ၊ ဒေသန္တရစီမံကိန်းနှင့် ကဏ္ဍစီမံကိန်းများ၊ ဘဏ္ဍာငွေအရအသုံးစာရင်းများ၊ ပြန်တမ်းများ၊ နိုင်ငံတော်အကျိုးစီးပွားနှင့် သက်ဆိုင်သော အထောက်အထားများ၊ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ အမိန့်ကြော်ငြာစာများ၊ ဌာနများ၏ ဖွဲ့စည်းပုံများ၊ အစည်းအဝေးမှတ်တမ်းများ၊ အစီရင်ခံစာများ၊ ဌာနဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ၊ သုတေသနစာတမ်းများကို ထိန်းသိမ်းထားရှိပါသည်။ ၎င်းမော်ကွန်းမှတ်တမ်းအထောက်အထားများကို အစိုးရဌာနများ၊ ပြည်တွင်း ပြည်ပသုတေသီများ၊ ကျောင်းသားကျောင်းသူများနှင့် အထောက်အထားရှာဖွေလိုသူ ပြည်သူများ ရည်ညွှန်းကိုးကားအသုံးပြုနိုင်ရန်အတွက် စနစ်တကျထိန်းသိမ်းကာ ဝန်ဆောင်မှုပေးလျက်ရှိသည်။

စာမျက်နှာ ၇ သို့ ❂

**❛ အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနတွင် ထိန်းသိမ်းထားသော အထောက်အထားများသည် တိုင်းပြည်၏ သမိုင်းနှင့် ယဉ်ကျေးမှုကို သိမြင်စေခြင်း၊ ဥပဒေပေါ်တွင်အခြေခံ၍ ရေးသားထားသည့် အထောက်အထားများကို ဖတ်ရှုနိုင်ခြင်း၊ နိုင်ငံအတွင်း တရားမျှတမှု တည်ဆောက်ရာတွင် အရေးကြီးခြင်း၊ သုတေသနလုပ်ငန်းများကို အထောက်အကူပြုပေးနိုင်ခြင်း၊ အုပ်ချုပ်ရေးဆိုင်ရာ ပြုပြင်ရန်လိုအပ်ချက်များကို သုံးသပ်နိုင်ခြင်းနှင့် လူမှုစီးပွားတိုးတက်ရန်အတွက် တိုင်းပြည်၏ စီးပွားရေးဆိုင်ရာ အချက်အလက်များကို ပံ့ပိုးပေးနိုင်ခြင်းဖြင့် နိုင်ငံနှင့် ပြည်သူများအပေါ် များစွာ အထောက်အကူပြု ❜**



အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက် ရန်ကုန်(ရုံးခွဲ)။

# ပြည်ထောင်စုဝန်ကြီး ပါမောက္ခဒေါက်တာသက်ခိုင်ဝင်း ဆေးတက္ကသိုလ်(၁) ရန်ကုန်၏ (၅၈)ကြိမ်၊ (၅၉)ကြိမ်နှင့် အကြိမ်(၆၀)မြောက် ဘွဲ့နှင်းသဘင်ဂုဏ်ပြုညစာစားပွဲသို့တက်ရောက်

**ရန်ကုန် မတ် ၂၃**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေး လူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာနဆေးတက္ကသိုလ်(၁) ရန်ကုန်၏ (၅၈)ကြိမ်၊ (၅၉)ကြိမ်နှင့် အကြိမ်(၆၀) မြောက်ဘွဲ့နှင်း သဘင်ဂုဏ်ပြုညစာစားပွဲကို ယမန်နေ့ညနေပိုင်းတွင် ဆေးတက္ကသိုလ်(၁) ရန်ကုန်၏မြက်ခင်းပြင်၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ ဘွဲ့ရကျောင်းသား ကျောင်းသူများ၏ မိဘများ တက်ရောက်ကြသည်။

ဦးစွာ ဆေးတက္ကသိုလ်ကျောင်းသူများက "မင်္ဂလာပါ" သီချင်းဖြင့် သီဆိုဖျော်ဖြေကြသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးက ဘွဲ့ရမောင်မယ်တို့မှာ မှန်ကန်သည့်ရည်မှန်းချက်ပန်းတိုင်ထားပြီး ကြိုးစားခဲ့ကြသည့်အတွက် ယခုကဲ့သို့ အောင်မြင်စွာဖြင့် သက်ဆိုင်ရာဘွဲ့အသီးသီးကို ထိုက်တန်စွာရရှိခဲ့ကြခြင်းဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ ကူးစက်ဖြစ်ပွားခဲ့ခြင်းနှင့် အခြေအနေအမျိုးမျိုးတို့ကြောင့် နိုင်ငံတော်၏ ကျန်းမာရေးကဏ္ဍတွင်ရှိသည့် လူ့စွမ်းအားအရင်းအမြစ်များ ပြုန်းတီးခဲ့ရကြောင်း၊ သို့သော် အခက်အခဲများကြားက မောင်တို့မယ်တို့ကဲ့သို့ နိုင်ငံတော်အပေါ် သစ္စာရှိသေစောင့်သိကြသည့် ကျန်းမာရေးဝန်ထမ်းကောင်းများ၏ ကြံ့ကြံ့ခံကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ မောင်တို့မယ်တို့ မျိုးဆက်သစ်ဆရာဝန်များ အနေဖြင့် နိုင်ငံတော်၏ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ပိုမိုခိုင်မာတောင့်တင်းလာစေရန် ပြည်သူလူထုအတွက် ကျန်းမာရေးစောင့်ရှောက်မှု အဆင့်အတန်းကို ယခင်ကထက်အဆများစွာ သာလွန်မြင့်မားလာစေရန် မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယတို့ဖြင့် ဝိုင်းဝန်းကြိုးပမ်း တာဝန်ယူဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

ယင်းနောက် ဆေးတက္ကသိုလ်(၁) ပါမောက္ခချုပ် ဒေါက်တာကျော်ရွှေက ဂုဏ်ပြုညစာစားပွဲ အထိမ်းအမှတ်လက်ဆောင်များကိုပေးအပ်ပြီး ကျေးဇူးတင်စကားပြောကြားသည်။

ထို့နောက် ဆေးပညာနောက်ဆုံးနှစ်အပိုင်း(ခ) တွင် ထူးချွန်စွာအောင်မြင်ခဲ့ကြသော ကျောင်းသားကျောင်းသူငါးဦးကို သက်ဆိုင်ရာပါမောက္ခ/ဌာနမှူးများက ဂုဏ်ပြုတံဆိပ်များပေးအပ်ချီးမြှင့်ကာ ဘွဲ့ရကျောင်းသား ကျောင်းသူများက အကအလှများဖြင့် သီဆိုဖျော်ဖြေကြပြီး မှတ်တမ်းတင် ဓာတ်ပုံရိုက်ကြသည်။

ဆေးတက္ကသိုလ်(၁)ဘွဲ့နှင်းသဘင် အခမ်းအနားများ၌ (၅၈)ကြိမ်မြောက် ဘွဲ့နှင်းသဘင်တွင် ဆေးလက်တွေ့ပါရဂူဘွဲ့ ၇၅ ဦး၊ ပါရဂူဘွဲ့ကိုးဦး၊ ဆေးပညာမဟာသိပ္ပံဘွဲ့ ၁၅၃ ဦး၊ ဒီပလိုမာဘွဲ့ ၂၀ နှင့် ဆေးပညာဘွဲ့ ၆၀ တို့ကိုလည်းကောင်း၊ (၅၉) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဆေးလက်တွေ့ပါရဂူဘွဲ့ ၂၅ ဦး၊ ပါရဂူဘွဲ့နှစ်ဦး၊ ဆေးပညာမဟာသိပ္ပံဘွဲ့ ၂၀၊ ဒီပလိုမာဘွဲ့ကိုးဦးနှင့် ဆေးပညာဘွဲ့ ၁၁၅ ဦးတို့ကိုလည်းကောင်း၊ အကြိမ်(၆၀)မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားတွင် ဆေးလက်တွေ့ပါရဂူဘွဲ့ ၁၈ ဦး၊ ဆေးပညာမဟာသိပ္ပံဘွဲ့ ၆၁ ဦး၊ ဒီပလိုမာဘွဲ့ ၁၁ ဦးနှင့် ဆေးပညာဘွဲ့ ၁၇၈ ဦးတို့ကိုလည်းကောင်း ဘွဲ့များ ချီးမြှင့်အပ်နှင်းသည်။




ဆေးတက္ကသိုလ်(၁) ရန်ကုန်ကို ၁၉၀၇ ခုနှစ်တွင် စတင်ဖွင့်လှစ်ခဲ့ပြီး ယခုဘွဲ့နှင်းသဘင်အပါအဝင် ဆေးတက္ကသိုလ်(၁) ရန်ကုန်မှမွေးထုတ်ပေးခဲ့သည့် ဆရာဝန်ပေါင်း ၁၈၁၄၄ ဦးရှိခဲ့ပြီး ဆေးလက်တွေ့ပါရဂူဘွဲ့ ၆၆၄ ဦး၊ ပါရဂူဘွဲ့ ၁၃၀၊ ဆေးပညာမဟာသိပ္ပံ ၄၂၇၅ ဦးနှင့် ဒီပလိုမာဘွဲ့ ၁၈၂၄ ဦးတို့ကို အောင်မြင်စွာ လေ့ကျင့်ပျိုးထောင် မွေးထုတ်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# သမဝါယမအသင်းများက နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် နွေစပါးစိုက်ပျိုးထားရှိမှုအား ကွင်းဆင်းကြည့်ရှု

**ညောင်လေးပင် မတ် ၂၃**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ်၌ နွေစပါး စိုက်ပျိုးသည့် သမဝါယမအသင်းများ၏ နွေစပါးစိုက်ဧက ၅၀၅ ဧကအတွက် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ပံ့ပိုးငွေ ရယူပြီး တစ်ဧကလျှင် ငွေကျပ် နှစ်သိန်းနှုန်းနှင့် ညီမျှသော မျိုးနှင့်သွင်းအားစုများကို မြို့နယ်သမဝါယမအသင်းစုမှ တစ်ဆင့် ပံ့ပိုးဆောင်ရွက်သည်။ ၎င်း နွေစပါး စိုက်ဧကများအနက် ရဲနွယ် စိုက်ပျိုးထုတ်လုပ်ရေး သမဝါယမ အသင်းပိုင်လယ်တွင် စိုက်ပျိုးထားသည့် စိုက်ပျိုးဧက ၁၄၉ ဧက၏ နွေစပါးစိုက်ပျိုးထားရှိမှုအခြေအနေများကို မြို့နယ်သမဝါယမဦးစီးဌာနနှင့် မြို့နယ်သမဝါယမအသင်းစုမှ တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

❐

❂ စာမျက်နှာ ၆ မှ

အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာနတွင် သမိုင်းဝင်ရန္တပိုစာချုပ်၊ ပင်လုံစာချုပ်၊ အောင်ဆန်း- အက်တလီစာချုပ်၊ နု-အက်တလီစာချုပ်နှင့် မြန်မာနိုင်ငံ လွတ်လပ်ရေးကြေညာစာတမ်း အစရှိသည့် အရေးကြီးစာချုပ်စာတမ်းများကို ထိန်းသိမ်းထားရှိပြီး မြန်မာနိုင်ငံပြန်တမ်းများ အနေဖြင့် ၁၈၆၉ ခုနှစ်မှ ယနေ့အထိ ပြန်တမ်းများကို စနစ်တကျထိန်းသိမ်းထားရှိပါသည်။ မှတ်တမ်းများ စဉ်ဆက်မပြတ် ရရှိနိုင်ရေးအတွက် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့များသို့ ဆက်သွယ်ညှိနှိုင်း၍ မှတ်တမ်းများ ရယူစုဆောင်းလျက်ရှိပါသည်။ ထိန်းသိမ်းထားရှိသော မှတ်တမ်းနှင့် မော်ကွန်းများကို အမျိုးသားမှတ်တမ်းနှင့် မော်ကွန်းဥပဒေနှင့်အညီ သုတေသီများအား အချက်အလက်ရယူနိုင်ရေး ဝန်ဆောင်မှုပေးလျက်ရှိပါသည်။

**မော်ကွန်းတိုက်၏ ခြေလှမ်းသစ်**

အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်ဦးစီးဌာန၏ အဓိကလုပ်ငန်းတစ်ရပ်မှာ အထောက်အကူပြုဝန်ဆောင်မှု (Reference Services) ပေးခြင်းပင်ဖြစ်သည်။ **'Preserve Today, Share Tomorrow'** ဆိုသည့်အတိုင်း ကိုဗစ်-၁၉ နှင့်အတူ ယှဉ်တွဲနေထိုင်ခဲ့ရစဉ်ကတည်းက ကျောင်းသား ကျောင်းသူများနှင့် သုတေသီများ မော်ကွန်းတိုက်မှ အထောက်အထားများကို လေ့လာနိုင်စေရန်အတွက် Website လွှင့်တင်၍ Online မှ ဝန်ဆောင်မှုပေးရန် ဆောင်ရွက်ခဲ့သည်။ ပြည်သူများအနေဖြင့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၏ Website ဖြစ်သည့် www.nam.gov.mm တွင် မော်ကွန်းတိုက်ပိုင် စာရင်းဝင်မော်ကွန်း၊ မှတ်တမ်း e-Resources များကို ၉-၆-၂၀၂၀ ရက်မှစတင်၍ Online အသုံးပြုရှာဖွေနိုင်သည့် ဝန်ဆောင်မှုများကို ရယူဆောင်ရွက်ခဲ့ပါသည်။ စုဆောင်းထားသော မော်ကွန်း၊ မှတ်တမ်း အချက်အလက်များကို Website Home Page ရှိ Online အသုံးပြုရှာဖွေနိုင်မည့် Discover Archives တွင် အချိန်တိုအတွင်း လျင်မြန်လွယ်ကူစွာ ရှာဖွေနိုင်မည်ဖြစ်ပါသည်။ www.nam.gov.mm Home Page ရှိ Discover Archives ၌ လွတ်လပ်ရေး မရမီခေတ် (၁၈၂၄ - ၁၉၄၈) မော်ကွန်းများကို National Archives Information System Database ဖြင့် ချိတ်ဆက်ဆောင်ရွက်ထားပြီးဖြစ်၍ စာဖတ်သူများ အနေဖြင့် Archives Online တွင် ဝင်ရောက်ရှာဖွေ အသုံးပြုနိုင်ပါသည်။ မော်ကွန်းမှတ်တမ်းအထောက်အထားများကို Download ရယူလိုပါက Online Register ပြုလုပ်ပြီး e-Payment စနစ်ကို အသုံးပြု၍ ဦးစီးဌာနသို့ လူကိုယ်တိုင်လာရောက်ရန် မလိုအပ်ဘဲ Online ဖြင့် Download ရယူနိုင်မည် ဖြစ်ပါသည်။

ကိုဗစ်-၁၉ ဖြစ်ပွားခဲ့စဉ်ကတည်းက လူနေမှုပုံစံပြောင်းလဲလာသည်နှင့်အညီ လိုက်လျောညီထွေရှိစေရန် သုတေသီဝန်ဆောင်မှုလုပ်ငန်းများကိုလည်း Online မှ ရှာဖွေအသုံးပြုနိုင်ရန်အတွက် ပုံစံသစ်ဖြင့် ဆောင်ရွက်ခဲ့သည်။ ၁၉၇၂ ခုနှစ် မတ်လတွင် စတင်တည်ထောင်ခဲ့သော မော်ကွန်းတိုက်သည် ယခု ၂၀၂၅ ခုနှစ် မတ်လတွင် နှစ်ပေါင်း ၅၃ နှစ် ရှိခဲ့ပြီဖြစ်သည်။ ရွှေရတုကျော်ကာလမှသည် စိန်ရတုဆီသို့ လျှောက်လှမ်းရာတွင် တစ်ချိန်က အရှေ့တောင်အာရှနိုင်ငံများရှိ မော်ကွန်းတိုက်များအကြား ရရှိခဲ့သည့် အောင်မြင်မှုများ တစ်ဖန်ပြန်လည်ရရှိစေရန်အတွက် **"ပြည်သူများအား မှတ်တမ်းနှင့် မော်ကွန်းဆိုင်ရာ အသိပညာပြန့်ပွားစေခြင်း၊ အသုံးချမှု တိုးပွားစေခြင်းဖြင့် ကောင်းမွန်သော အစိုးရအုပ်ချုပ်ရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အထောက်အပံ့ဖြစ်စေရန်"** ဆိုသည့် မျှော်မှန်းချက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ၂၀၂၀ ပြည့်နှစ်မှစ၍ ယနေ့အချိန်အထိ ပြည်သူ့အတွက် Online စာမျက်နှာသစ် ဖွင့်လှစ်၍ ဝန်ဆောင်မှုပေးနေသည့် အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၏ ခြေလှမ်းသစ်များကို အများပြည်သူသိရှိစေရန် တင်ပြလိုက်ရပါသည်။ ။

**ကျမ်းကိုးစာရင်း -**

၁။ **ဒေါ်ခင်ခင်ထွန်း၊ ညွှန်ကြားရေးမှူး (ငြိမ်း) အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၏ နှုတ်ပြောသမိုင်း၊**

၂။ **စည်သူဒေါက်တာသော်ကောင်း စာကြည့်တိုက်မှူး၊ (ငြိမ်း) တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၏ နှုတ်ပြောသမိုင်း၊**

၃။ **ဒေါ်တင်ဘုန်းနွယ်စာကြည့်တိုက်မှူး၊ (ငြိမ်း) တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်၏သင်တန်းပို့ချချက် (၁၃-၁၂-၂၀၁၈ မှ ၁၄- ၁၂-၂၀၁၈)၊**

၄။ **ဦးမောင်မောင်သိုက်၊ ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း) အမျိုးသားမှတ်တမ်းများ မော်ကွန်းတိုက်ဦးစီးဌာန၏ မော်ကွန်း၊ မှတ်တမ်းစီမံခန့်ခွဲမှုသင်တန်းပို့ချချက်၊**

၅။ **The Role of Archives and Records Management in National Information Systems UNESCO, A RAMP Study Paris, 1983.**

၆။ **AG. 9/1(1) (FERD), Acc; No. 404, Year. 1986, Strengthening of National Archives Progress Report. (January to June 1986) and Internal Evaluation Report.**

၇။ **AG. 9/1(1) (FERD), Acc; No. 451, Year. 1988, Strengthening of National Archives, Classification of National Archives of Burma.**

၈။ **AG. 20/3 (အမစ), Acc; No. 32, Year. 1988–89, National Archives Annual Report 88/89 (Singapore).**

၉။ **AG. 20/3 (အမစ), Acc; No. 59, Year. 1988–89, Department of National Archives Myanmar (December).**

၁၀။ **Project BUR/ 78/ 005, STRENGHTENING OF NATIONAL ARCHIVES OF BURMA, Report of Mission, 3 – 27 February 1983 by Bernard Wellbrenner.**

# သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၌ အဆင့်မြင့်တာရာဇိုကြမ်းခင်းနှင့် ရင်ပြင်တော် နေပူခံစကျင်ကျောက်ပြားခင်းကျင်းမှု အပိုင်း(၁)အောင်ပွဲ ရေစက်သွန်းလောင်းအလှူတော်မင်္ဂလာ အခမ်းအနားကျင်းပ

ရန်ကုန် မတ် ၂၃

ဆဋ္ဌသင်္ဂါယနာသာသနာ့သမိုင်းဝင် သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် အဆင့်မြင့်တာရာဇိုကြမ်းခင်းနှင့် ရင်ပြင်တော် နေပူခံစကျင်ကျောက်ပြား ခင်းကျင်းမှု အပိုင်း(၁)အောင်ပွဲ ရေစက်သွန်းလောင်း အလှူတော်မင်္ဂလာ အခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီတွင် အဆိုပါ စေတီတော်၌ ကျင်းပသည်။

ဦးစွာ စေတီတော်မုခ်ဦးရှေ့၌ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များနှင့် အလှူရှင်များက အဆင့်မြင့်တာရာဇိုကြမ်းခင်းနှင့် ရင်ပြင်တော် နေပူခံစကျင်ကျောက်ပြားခင်းကျင်းမှု အပိုင်း(၁) အောင်ပွဲကို ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အခမ်းအနားကို စေတီတော်ပရိဝုဏ်အတွင်း၌ ဆက်လက်ကျင်းပရာ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်မြတ်ကြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသထံမှ ဥဒ္ဒေ့ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော်သံဃာတော်များ ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များ နာယူကြသည်။

ယင်းနောက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များနှင့်အလှူရှင်များက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် အဆင့်မြင့်တာရာဇိုကြမ်းခင်းနှင့် ရင်ပြင်တော် နေပူခံစကျင်ကျောက်ပြားခင်းကျင်းမှု အပိုင်း(၁) အောင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးလှထွန်းက အောင်ပွဲရေစက်သွန်းလောင်း အလှူမင်္ဂလာကျင်းပရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဂီတစာဆို စန္ဒရား ဦးသက်ဆွေ ရေးစပ်သီကုံးသော ရေစက်သွန်းလောင်းအလှူတော်အောင်ပွဲမင်္ဂလာပိုဒ်စုံရတုကို တေးသံရှင်မေသကြိန်လွမ်းနိုင်က ဖတ်ကြားသည်။



ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာဂန္ထဝါစက ပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဇောတိဿရထံမှ အနုမောဒနာတရားနာယူကြပြီး ရေစက်သွန်းလောင်း အမျှပေးဝေကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ ရေစကြိုဆရာတော်ကြီး၏ သက်တော် (၇၀)ပြည့် ဝိဇာတမွေးနေ့မင်္ဂလာနှင့် စာအောင်သံဃာတော်များ ဂုဏ်ပြုပူဇော်ပွဲကျင်းပ

ရန်ကုန် မတ် ၂၃

ရေစကြိုဆရာတော် တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသ၏ သက်တော် (၇၀)ပြည့် ဝိဇာတမွေးနေ့မင်္ဂလာနှင့်စာအောင်သံဃာတော်များအား ဂုဏ်ပြုပူဇော်ပွဲမင်္ဂလာအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ် ကျန်စစ်သားလမ်းရှိ တိပိဋက မဟာဂန္ထဝင် နိကာယ်ကျောင်းတိုက်(၁)၌ ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဇောတိဿရ (ကြံခင်းဆရာတော်) အမှူးပြုသည့် ဆရာတော်သံဃာတော်များ ကြွရောက်တော်မူကြသည်။

ဦးစွာ ကြံခင်းဆရာတော်ထံမှ ဥဒ္ဒေ့ပရိသတ်များက ငါးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ချီးမြှင့်တော်မူသည့် ပရိတ်တရားတော်များ နာယူကြသည်။

ထို့နောက် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တစန္ဒဝံသာလင်္ကာရာဘိဝံသ (ရွှေဘိုဆရာတော်)ထံမှ ဩဝါဒကထာ နာယူကြသည်။

ယင်းနောက် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ် ဥဩင်တုန်းကျောင်းတိုက် ကျမ်းပြုစာဆို၊ စာချ နာယက ပဋ္ဌာန်းအလင်းရောင်ဆရာတော် အရှင်တေဇနိယ ရေးသားပူဇော်သည့် သုံးချက်ညီ ပိုက်စုံရတုကို တေးသံရှင် ရွှေဖူးသွယ်က သီဆိုပူဇော်ပြီး အရှင်စန္ဒနာလင်္ကာရ (ပေါင်းဝ ရွှေသိမ်တော်)ရေးသားပူဇော်သည့် ဂုဏဝိသိဋ္ဌပူဇာ ကထာကို ကျောက်ပန်းတောင်း တိပိဋကဆရာတော် အရှင်ပညာဝံသာဘိဝံသက ဖတ်ကြားပူဇော်သည်။

ဆက်လက်၍ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား ဥဒ္ဒေ့ပရိသတ်များက လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရေစကြိုဆရာတော် ဘဒ္ဒန္တဝါယာမိန္ဒာဘိဝံသနှင့် ၂၀၂၅ ခုနှစ် (၇၇)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ ရွေးချယ်ရေးစာမေးပွဲ၌ တိပိဋက မဟာဂန္ထဝင်နိကာယ်ကျောင်းတိုက်မှ အောင်ပန်းဆင်ခဲ့ကြသော သာသနာ့အာဇာနည် ၃၆ ပါး၊ နိကာယ်စာမေးပွဲအသီးအသီး အောင်မြင်ခဲ့ကြသော သာသနာ့အာဇာနည် အရှင်မြတ်များအား အလှူရှင်များက အလှူတော်ငွေများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရေစကြိုဆရာတော် ဘဒ္ဒန္တ ဝါယာမိန္ဒာ ဘိဝံသထံမှ အနုမောဒနာတရားတော် နာယူကြပြီး ရေစက်သွန်းချအမျှပေးဝေကြသည်။

နံနက်ပိုင်းတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ တွဲဖက်အကျိုးတော်ဆောင် ဆရာတော်ကြီးနှင့် ဆရာတော် သံဃာတော်များအား အလှူရှင်များက ဆွမ်းဆန်စိမ်း လောင်းလှူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက်၌ ပရိယတ္တိ သာသနာနုဂ္ဂဟအသင်း အောင်လက်မှတ်နှင့် ဆုနှင်းသဘင်ပူဇော်ပွဲကျင်းပ

ပြည် မတ် ၂၃

စာအောင်လက်မှတ်ဆက်ကပ်ပွဲကို ပဲခူးတိုင်းဒေသကြီး ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ်ကျောင်းတိုက် မဟာသုခဇောတိကကျောင်းတော်ကြီး အလယ်ထပ်၌ ယနေ့ ညနေ ၃ နာရီတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

အခမ်းအနားကို ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)တိုင်းသံဃနာယကဥက္ကဋ္ဌ ပြည်မြို့ ဇောတိကာရုံ ပါဠိတက္ကသိုလ်ကျောင်းတိုက် ဦးစီးပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တသုမင်္ဂလ၊ တိုက်အုပ်ဆရာတော် ဘဒ္ဒန္တဉာဏောဘာသ၊ တိုက်ကြပ်ဆရာတော် နိုင်ငံတော်ဗဟိုသံဃဝန်ဆောင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဥတ္တမသီရိ မဟာထေရ်မြတ်တို့က ဩဝါဒကထာ မြွက်ကြားသည်။

အဆိုပါ အခမ်းအနားတွင် အစိုးရနိကာယ် ငါးကျမ်းအောင် ရှစ်ပါး၊ အစိုးရဓမ္မာစရိယ သုံးကျမ်းအောင် ငါးပါး၊ အစိုးရဓမ္မာစရိယ နှစ်ကျမ်းအောင် ၁၁ ပါး၊ ပထမလတ်တန်းအောင် သုံးပါး၊ ပထမငယ်အောင် နှစ်ပါး၊ အခြေပြုမူလတန်းအောင် ၁၃ ပါး၊ ပရိယတ္တိသာသနာနုဂ္ဂဟအသင်း သုံးကျမ်းအောင် ခုနစ်ပါး၊ ပရိယတ္တိသာသနာနုဂ္ဂဟအသင်း နှစ်ကျမ်းအောင် လေးပါး၊ ပရိယတ္တိသာသနာနုဂ္ဂဟအသင်း ပထမကြီးတန်းအောင် တစ်ပါး၊ ပရိယတ္တိသာသနာနုဂ္ဂဟအသင်း ပထမလတ်တန်းအောင် သုံးပါး၊ ပရိယတ္တိသာသနာနုဂ္ဂဟအသင်း ပထမငယ်တန်းအောင် ၁၀ ပါးနှင့် ပရိယတ္တိသာသနာနုဂ္ဂဟအသင်း အခြေပြုမူလတန်းအောင် ၁၀ ပါးတို့အား အောင်လက်မှတ်များ ဆက်ကပ်ပူဇော်သည်။

အခမ်းအနားသို့ ပရိယတ္တိသာသနနုဂ္ဂဟအသင်း ဥက္ကဋ္ဌ ဦးသိန်းတန် (ကရဝိတ် သင်္ကန်းတိုက်)၊ အတွင်းရေးမှူး ဦးတင်ဝင်းနိုင်(လင်းရောင်ခြည်ရွှေဆိုင်)နှင့် အမှုဆောင်အဖွဲ့ဝင်များ၊ ပြည်မြို့ပေါ်ရှိ ဘာသာရေးအဖွဲ့များမှ ပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**



## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများအား ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံး
https://sacoffice.gov.mm

၂။ ကာကွယ်ရေးဝန်ကြီးဌာန
https://www.mod.gov.mm

၃။ ဥပဒေရေးရာဝန်ကြီးဌာန
https://www.mlis.gov.mm

၄။ ပြန်ကြားရေးဝန်ကြီးဌာန
https://www.moi.gov.mm

၅။ Myawady Webportal
https://myawady.net.mm

၆။ Myanmar National Portal
https://myanmar.gov.mm

**ပြင်ပအလင်းရောင်ကို အသုံးချပါ၊ မလိုအပ်သော အိမ်တွင်းလျှပ်စစ်မီးများကို လျှော့သုံးပါ**

# နှစ် (၈၀) ပြည့် တပ်မတော်နေ့စစ်ရေးပြအခမ်းအနားတွင်ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်

**နေပြည်တော် မတ် ၂၃**

နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော် (ကြည်း၊ရေ၊လေ) အရာရှိ၊ စစ်သည်များ၊ တပ်မတော်(ကြည်း) အမျိုးသမီးစစ်ရေးပြတပ်ခွဲ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ အမျိုးသမီး စစ်ရေးပြတပ်ခွဲတို့က ယနေ့ နံနက်ပိုင်းတွင် ပြည်ထောင်စု နယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်၌ တည်ထားပူဇော်သည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်သည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

**ကြည်ညို**

အဆိုပါ နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင်ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ ဘုရားဖူးလာ စစ်ရေးပြ စစ်ကြောင်းများသည် မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ဖူးမြော်ကြည်ညိုကြပြီး ဘုရားရင်ပြင်တော် ပတ်လည်၌ စကျင်ကျောက်များ အသုံးပြု၍ တည်ဆောက်ထားသည့် ဂန္ဓကုဋိတိုက်များအတွင်း လေ့လာကြည့်ရှုကြသည်။

ထို့နောက် ဗိသုကာလက်ရာများဖြင့် ခမ်းနားထည်ဝါစွာ တည်ထားပူဇော်ထားသည့် အဂ္ဂါဓိပတိ သာသနာ့ဗိမာန်တော်ကြီး၊ ကျောက်စာရုံ စေတီတော်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒအိုင်နှင့် အခြားသာသနိက အဆောက်အအုံများကို ဆက်လက်ဖူးမြော်ကြည်ညိုကြကြောင်း သိရသည်။

နှစ်(၈၀)ပြည့် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားတွင် ပါဝင်သည့် စစ်ရေးပြစစ်ကြောင်းများမှ တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်များ၏ စကားသံများကိုလည်း ယခုကဲ့သို့ကြားသိရခဲ့ရပါသည်-









**အမျိုးသား**

မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးမှာဆိုရင် ဂန္ဓကုဋိတိုက်၊ ကျောက်စာရုံ နောက်ပြီး ရေပန်းကို သွားရောက်လေ့လာမိပါတယ်။ အခုလို ပင်ပန်းနွမ်းနယ်နေတဲ့ ကြားကနေပြီးတော့ ကျွန်တော်တို့ ဗဟုသုတတိုးပွားအောင်လို့ သွားရောက်လည်ပတ်ဖြစ်အောင် လိုက်လံပို့ဆောင်ပေးတဲ့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်တကွ တာဝန်ရှိသူတွေအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ ယခု နှစ်(၈၀) ပြည့် တပ်မတော်နေ့မှ နောင်နှစ်ပေါင်းများစွာ တိုင်အောင် တပ်မတော်ကြီး အစွန့်ရှည်တည်တံ့ပါစေလို့ ပြောချင်ပါတယ်။

**အမျိုးသမီး**

အခုလိုမျိုး ကမ္ဘာပေါ်မှာ ဉာဏ်တော်အမြင့်ဆုံး ကျောက်ဆစ်ဘုရားကို လာဖူးရတဲ့အတွက်ရယ်၊ အရင်တုန်းကလည်း မဖူးဖူးဘူးဆိုတာကြောင့်ရယ် အခုလိုပထမဦးဆုံးအနေနဲ့ ဖူးရတာဆိုတော့ ကိုယ့်နိုင်ငံအတွက်လည်း အလွန်ဂုဏ်ယူမိပါတယ်။ ဗဟုသုတတွေလည်း အများကြီးရတယ်။ နှစ် (၈၀) ပြည့် တပ်မတော်နေ့မှာ ပါဝင်ခွင့်ရတဲ့အတွက် ကိုယ့်ကိုယ်ကိုယ်လည်း ဂုဏ်ယူဝမ်းမြောက်မိပါတယ်။ အခုလိုမျိုး လေ့လာရေးခရီးတွေ ပို့ဆောင်ပေးတဲ့ အကြီးအကဲ တွေကိုလည်း ကျေးဇူးတင်ပါတယ်လို့ ပြောချင်ပါတယ်။

**အမျိုးသား**

ကျွန်တော်တို့ အောင်ဆန်းစစ်ကြောင်း အဖွဲ့ကနေပြီးတော့ ဒီဘုရားကို လာပြီးဖူးတာပါ။ ဘုရားကလည်း တအားသပ္ပာယ်ပြီးတော့ ကြည်ညိုဖို့လည်း ကောင်းပါတယ်။ ကျွန်တော်တို့အားလုံး ပီတိလည်းဖြစ်ရပါတယ်။ နိုင်ငံတော် အကြီးအကဲကိုလည်း ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ကို တကူးတက အခုလိုမျိုး လေ့လာရေး ခရီးအနေနဲ့ အမှတ်တရတွေ၊ ကျွန်တော်တို့ရဲ့ ဗုဒ္ဓနဲ့ဆိုင်တဲ့ စာပေကျမ်းဂန်တွေကို လေ့လာခွင့်ရတဲ့အတွက် အင်မတန်ဝမ်းသာပီတိ ဖြစ်မိပါတယ်။ နှစ် (၈၀) ပြည့် တပ်မတော်နေ့မှသည် နောက်လာမည့်နှစ်ဆက်တိုင်းဆက်တိုင်း မြန်မာ့တပ်မတော် နေ့ရက်တိုင်းမှာ တည်တံ့ခိုင်မာပြီးတော့ အင်အားတောင့်တင်းတဲ့ တပ်မတော်ကြီးဖြစ်ပါစေလို့ ဆုတောင်းပေးပါတယ်။

**သတင်းစဉ်**



## အာဖရိကဝက်အပြင်းဖျားရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

အာဖရိကဝက်အပြင်းဖျားရောဂါသည် ဝက်များတွင် ဗိုင်းရပ်စ်ပိုးကြောင့်ဖြစ်ပွားတတ်သော ကူးစက်မြန်ရောဂါတစ်ခုဖြစ်သည်။ အာဖရိကဝက်အပြင်းဖျားရောဂါသည် လူသို့ လုံးဝ(လုံးဝ)ကူးစက်ခြင်းမရှိပါ။ မိမိတို့မွေးမြူထားသောဝက်များကို အဆိုပါရောဂါဖြစ်ပွားကျရောက်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ဝက်မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြုမြှင့်တင်ရန်၊

(၂) ဝက်ခြံများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(၃) ဝက်များကို စားသောက်ဆိုင်နှင့် အိမ်များမှ စားကြွင်းစားကျန်များကျွေးမွေးခြင်း မပြုရန်၊

(၄) အခြားခြံမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်းမပြုရန်နှင့် လူအဝင်အထွက် ထိန်းချုပ်ကန့်သတ်ရန်၊

(၅) အသက်အရွယ်တူဝက်များကိုသာ အတူတူမွေးမြူရန်၊

(၆) ဝက်ခြံများ အပူချိန်၊ စိုထိုင်းဆ၊ လေဝင်လေထွက်ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(၇) ရောဂါကင်းရှင်းကြောင်း စိတ်ချရသောခြံမှ ဝက်များကို ဝယ်ယူမွေးမြူရန်၊

(၈) ဝယ်ယူသည့်ဝက်များကို မိမိခြံရှိဝက်များနှင့်အတူ ထည့်သွင်းမွေးမြူခြင်းမပြုမီသီးသန့်ခွဲခြားထား၍ ရောဂါကင်းရှင်းမှ မွေးမြူရန်၊

(၉) ပြည်ပမှတရားမဝင်တင်သွင်းလာသော ဝက်အရှင်နှင့် ဝက်ထွက်ပစ္စည်းများဖြစ်သည့် ဝက်သား၊ အအေးခဲဝက်သား၊ ဝက်ပေါင်ခြောက်၊ ဝက်အူချောင်းနှင့် အခြား ဝက်ထွက်ပစ္စည်းများ တင်သွင်းခြင်း၊ ရောင်းချခြင်း၊ စားသုံးခြင်း မပြုရန်၊

(၁၀) တောဝက်နှင့် အိမ်မွေးဝက်များ ရောနှောထိတွေ့ခြင်းမရှိစေရန် အိမ်မွေးဝက်များအား ခြံလှောင်စနစ်ဖြင့် မွေးမြူရန်၊

(၁၁) တောဝက်နှင့် အိမ်မွေးဝက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံမွေးမြူရေး လုပ်ငန်း အဖွဲ့ချုပ်ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(၁၂) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်နှင့် ညွှန်ကြားချက်များအား လိုက်နာဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**





# နီပေါဝန်ကြီးချုပ်ဟောင်း Mr.Madhav Kumar Nepal နှင့် အဖွဲ့ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ထီးလိုမင်းလိုဘုရားဖူးမြော်ပြီး ယွန်းပညာကောလိပ် လေ့လာ

ညောင်ဦး မတ် ၂၃

မတ် ၂၁ ရက်က နေပြည်တော်၌ ကျင်းပသော ၂၀၂၅ အလွန် ဗဟုဝင်ရီးကမ္ဘာတွင် မြန်မာနိုင်ငံ ကြုံတွေ့လာရမည့် စိန်ခေါ်မှုများနှင့် အခွင့်အလမ်းများသုံးသပ်ဆွေးနွေးပွဲတက်ရောက်ခဲ့သည့် နီပေါဝန်ကြီးချုပ်ဟောင်း Mr.Madhav Kumar Nepal နှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ထီးလိုမင်းလိုဘုရားသို့ သွားရောက်ဖူးမြော်ကြသည်။

ထိုသို့ သွားရောက်ဖူးမြော် ကြည်ညိုစဉ် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန (ပုဂံဌာနခွဲ)မှ တာဝန်ရှိသူတစ်ဦးက ဘုရားကြီးသမိုင်းကြောင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ဘုရားကြီးပုံတော်ကို လက်ဆောင်အဖြစ်ပေးအပ်သည်။

ထို့နောက် ယွန်းပညာကောလိပ်(ပုဂံ)သို့ ရောက်ရှိရာ ယွန်းပညာကောလိပ်(ပုဂံ) ကျောင်းအုပ်ဆရာမကြီးက ကောလိပ်နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ယွန်းပညာကောလိပ် ကျောင်းသားကျောင်းသူများ၏ ယွန်းထည်ပြုလုပ်ပုံအဆင့်ဆင့်ကိုလည်းကောင်း၊ ယွန်းလက်မှုပစ္စည်းအရောင်းဆိုင်များကိုလည်းကောင်း၊ ဦးဘငြိမ်းယွန်းပစ္စည်းအရောင်းဆိုင်ကိုလည်းကောင်း သွားရောက်ကြည့်ရှုလေ့လာကြသည်။

မွန်းလွဲပိုင်းတွင် နီပေါနိုင်ငံဝန်ကြီးချုပ်ဟောင်းနှင့်အဖွဲ့သည် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ထွက်ခွာသွားသည်။ **သတင်းစဉ်**

# ရွှေစက်တော်ဘုရားပွဲရာသီတွင် မြန်မာ့ကြယ်လိပ်များအား လာရောက်ကြည့်ရှုလေ့လာနိုင်

မင်းဘူး မတ် ၂၃



မကွေးတိုင်းဒေသကြီး မင်းဘူး (စကု)မြို့နယ် ရွှေစက်တော်ဘုရားပွဲတော်ရာသီတွင် ရှားပါးမျိုးစိတ်စာရင်းဝင် မြန်မာ့ကြယ်လိပ်များအား လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း ရွှေစက်တော် ဘေးမဲ့တောဥယျာဉ် သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနမှ သိရသည်။

ရွှေစက်တော် ဘေးမဲ့တောရှိ ကြယ်လိပ်များသည် မြန်မာနိုင်ငံ အလယ်ပိုင်း အပူပိုင်းဒေသတွင် သာတွေ့ရသော ဒေသရင်းဖွားမျိုးစိတ်များဖြစ်သည်။ မြန်မာ့ကြယ်လိပ်(ခ)ပင့်ကူလိပ် Burmese Star Tortoise များဖြစ်ကြပြီး မန္တလေးရတနာပုံ ဥယျာဉ်၊ လောကနန္ဒာဘေးမဲ့တော၊ မင်းစုံတောင်ဘေးမဲ့တော၊ ရွှေစက်တော်ဘေးမဲ့တောတို့တွင် သစ်တောဦးစီးဌာန သားငှက်တိရစ္ဆာန်အဖွဲ့နှင့် လိပ်မျိုးရှင်သန်ရေးအဖွဲ့တို့ ပူးပေါင်း၍ မွေးမြူကြပြီး ၂၀၁၄ ခုနှစ်တွင် ၂၈၇ ကောင်မှ ယခုအချိန်တွင် ၁၇၇၈ ကောင်အထိ မျိုးပွားကာ ပေါက်ဖွားလျက်ရှိသည်။ ရှားပါးမျိုးစိတ်စာရင်းဝင်ဖြစ်သောကြောင့် မျိုးသုဉ်းပျောက်ကွယ်မည့်အန္တရာယ်မှ ကာကွယ်နိုင်ရန် ခြံခတ်၍ မွေးမြူလာခဲ့ခြင်းဖြစ်သည်။

ရွှေစက်တော် တောရိုင်းတိရစ္ဆာန် ဘေးမဲ့တောဥယျာဉ်၌ နို့တိုက်သတ္တဝါ၊ ကုန်းနေရေနေသတ္တဝါ၊ လိပ်ပြာမျိုးစိတ်၊ ငါးမျိုးစိတ်၊ ငှက်မျိုးစိတ်များစွာ တွေ့ရှိနိုင်သည့်အပြင် ဇွဲငှက်၊ နဖားကြိုးငှက်၊ မြန်မာဘီလုံးငှက်၊ ငှက်မင်းသား၊ ဗိုက်ဖြူ ရွှေသမင်နှင့် ကြယ်လိပ်တို့ ကျက်စားနေထိုင်ကြပြီး ယခုနှစ် မန်းရွှေစက်တော်ပွဲတော်ချိန်တွင် ဘုရားဖူးလာပြည်သူများ ကြယ်လိပ်များအား ကြည့်ရှုလေ့လာနိုင်စေရန် ခြံလှောင်အိမ်များပြုလုပ်ကာ ပြသထားကြောင်း ရွှေစက်တော်ဘေးမဲ့တောဥယျာဉ် သဘာဝဝန်းကျင်နှင့် သားငှက်တိရစ္ဆာန် ထိန်းသိမ်းရေးဌာနမှ သိရသည်။

**ဇေယျာနိုင်(ရွှေကန်မြေ)**

# ဟင်္သာတမြို့နယ်၌ အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလှုပ်ရှားမှုဆောင်ရွက်

ဟင်္သာတ မတ် ၂၃

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ်၌ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှဦးဆောင်၍ မတ် ၂၁ ရက် နံနက်ပိုင်းက အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလှုပ်ရှားမှုကို ဆောင်ရွက်ခဲ့ရာ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေခြည်ထက်ထက်လင်းအောင် ဦးဆောင်သော ကျန်းမာရေးဌာနဝန်ထမ်းများ၊ မြို့နယ်မိခင်နှင့် ကလေးနှင့် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်အိအိခင်နှင့်အဖွဲ့ဝင်များက ဟင်္သာတမြို့ပဒေသာဈေး၊ ငွေဝင်းဈေးနှင့် လူစည်ကားရာလမ်းဆုံများ၊ မြန်မာ့စီးပွားရေးဘဏ်တွင် ပင်စင်လာရောက်ထုတ်ယူကြသော သက်ကြီးအငြိမ်းစားများအား အပူဒဏ်အန္တရာယ်အကြောင်းသိကောင်းစရာများ၊ လိုက်နာရန်အချက်များ၊ ရှောင်ကြဉ်ရန်အချက်များအား အသိပညာပေးဆွေးနွေးခြင်းနှင့် အပူဒဏ်အန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင် ၅၀၀ တို့အား ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**



# ငါးမွေးမြူရေးကန်များ အပူချိန်ပြင်းထန်လွန်ကဲမှုဒဏ်မှကြိုတင်ကာကွယ်ရေးနှိုးဆော်ချက်

- ❖ နေအပူချိန်မြင့်မားလွန်ကဲမှုကြောင့် ငါးမွေးမြူရေးကန်များရှိ ကန်ရေများရေငွေ့ပြန်ပြီး ရေလျော့နည်းကျဆင်းလာသဖြင့် ကန်ထဲရှိ ငါးများ၏ စွန့်ပစ်အညစ်အကြေးကြောင့် သော်လည်းကောင်း၊ မွေးမြူထားသောငါးများကို အစာကျွေးလွန်ကဲသဖြင့် စားကြွင်းစားကျန်များကြောင့်သော်လည်းကောင်း ရေထုညစ်ညမ်းပြီး ဆက်စပ်၍ ငါးရောဂါကျရောက်တတ်သဖြင့် ဩဇာဓာတ်ထည့်သွင်းခြင်းနှင့် ငါးအစာအလွန်အကျွံကျွေးခြင်းကို လျှော့ချပေးပါရန်။
- ❖ နံနက်ပိုင်း မိုးအုံ့သောရက်၊ နှင်းကျသောရက်များနှင့် နေထွက်နောက်ကျသောရက်များတွင် ငါးများခေါင်းထောင်လျက် ကူးခတ်ခြင်း၊ ကမ်းစပ်သို့ စုပြုံလာခြင်းမျိုးရှိပါက ငါးမွေးမြူကန်သည် ညဘက်နှင့် နံနက်စောစောတို့တွင် အောက်ဆီဂျင်လျော့နည်းမှုဖြစ်ပွားနေသဖြင့် ကန်အတွင်းသို့ ရေသစ်သွင်းခြင်း၊ ရေပန်းချခြင်း၊ ရေဒလက်များမောင်းပေးခြင်း၊ မွေးမြူကန်အတွင်း လေလှော်ပေးခြင်းစသည့် နည်းလမ်းများအား ရေတွင်ပျော်ဝင်အောက်ဆီဂျင်မြင့်တက်စေရေး ဆောင်ရွက်ပေးပါရန်။
- ❖ ငါးမွေးမြူရေးကန်များ နေအပူချိန်လွန်ကဲမှုကြောင့် ရေခန်းလာပါက သန့်ရှင်းသောရေသစ်များ ဖြည့်သွင်းပေးပါရန်။
- ❖ ရေသစ်သွင်းရန်အခက်အခဲရှိပါက မွေးမြူထားသောငါးများကို အရေအတွက်လျှော့ချမွေးမြူရန်။
- ❖ အပူချိန်ပြင်းပြသည့်အချိန်များဖြစ်သည့် နေ့လယ်ပိုင်းတွင် ငါးများကန်ပြောင်းရွှေ့ခြင်းမပြုရန်။
- ❖ ကန်ရေအရည်အသွေးသတ်မှတ်ချက်ဖြစ်သည့် ရေကြည်နှုန်း (၂၅-၄၀) စင်တီမီတာအတွင်း ရှိနေစေရန် (မိမိလက်ကို တံတောင်ဆစ်အထိ ရေတွင်နှစ်၍ လက်ဝါးကိုဖြန့်ပါက ခပ်ရေးရေး မြင်ရသော အခြေအနေရှိရပါမည်)။
- ❖ ကန်ရေအပူချိန်မြင့်မားသောအချိန်များတွင် ရေထုညစ်ညမ်းမှုဖြစ်စေသည့် ကဖော်ဖတ်၊ ဝါဇေ့ဖတ်များကျွေးခြင်းကို ရှောင်ကြဉ်၍ ပုံမှန်အစာများကိုသာ ချိန်ဆကျွေးပါရန်။
- ❖ အစာကျွေးပြီးပါက အစာကျန်များရှိ/မရှိကို ပုံမှန်စစ်ဆေးပါရန်။
- ❖ မွေးမြူရေးကန်အားလိုအပ်ပါက ရေသစ်လဲလှယ်နိုင်ရေးအတွက် ရေကောင်းရေသန့်သိုလှောင်သည့် အရန်ကန်စီစဉ်ထားရှိပြီး ရေများရနိုင်သမျှ သိုလှောင်ထားပါရန်။
- ❖ ကန်အခြေအနေနှင့် ရေအရည်အသွေးပြောင်းလဲမှုအခြေအနေများကို နေ့စဉ် နံနက်(၆)နာရီ၌ ပုံမှန်စစ်ဆေးပါရန်။
- ❖ ငါးမွေးကန်၌ ပုံမှန်မဟုတ်သော အခြေအနေပြောင်းလဲခြင်းမျိုးများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါက အနီးဆုံး ငါးလုပ်ငန်းဦးစီးဌာနသို့ ဆက်သွယ်ဆောင်ရွက်ပါရန်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**ငါးလုပ်ငန်းဦးစီးဌာန**

# စာပေထဲက အသိတရား

**စာဖတ်ပရိသတ်တစ်ဦး**

ညဥ့်နက်မှ အိပ်စက်တတ်သူတစ်ဦးပေမို့ နံနက်စောစောအိပ်ရာထရန် ဝန်လေးတတ်ပါသည်။ တစ်ခါတစ်ရံအကြောင်းကိစ္စရှိလျှင် နာရီနှိုးစက်အကူအညီရယူရပေသည်။ သို့နှင့်တိုင် အိပ်ရာမှ ချက်ချင်းမထသေး။ အိပ်ချင်မူးတူးဖြင့် ဆက်မှေးလျှင် မှေးလိုက်သေးသည်။

လင်းကြက်တွန်သံနှင့် ကျေးငှက်လေးတို့၏ တစာစာတွန်ကျူးသံများက နားထဲဝင်ရောက်လာသည်။ တစ်ဆက်တည်းမှာပင် တစ်ခေတ်တစ်ခါက ရဟန္တာတစ်ပါးဟု ထင်ရှားကျော်ကြားခဲ့သော ဘုန်းတော်ကြီး ဦးသီလ၏ ဆုံးမသြဝါဒစကားကို အမှတ်ရကြားယောင်လာမိသည်။

“တောထဲမှကြက်တွေ မနက်ထဖို့ ဘယ်သူက ကုလားတက်ခေါက်နှိုးရသတုံး”

ဘုန်းတော်ကြီး ဦးသီလသည် တစ်နေ့သော် ရဟန်းပျိုတပည့်ငယ်တစ်ပါးအား စာပေသင်ကြားရန် အရပ်တစ်ပါးသို့ လွှတ်လိုက်၏။ တပည့်ငယ်သည် သုံးလေးလကြာသောအခါ ဘုန်းတော်ကြီး ခေတ္တသီတင်းသုံးရာကျောင်းသို့ ပြန်ရောက်လာ၏။

“ဟဲ့ မောင်ပဥ္စင်း၊ ဘာကိစ္စပြန်လာတာလဲ”

“မှန်လှပါ၊ တပည့်တော် ကုလားတက်တစ်ခုအလိုရှိလို့ပါ ဘုရား”

“ကုလားတက်က ဘာလုပ်ဖို့တုံး”

“နံနက်စောစောထ၍ စာကျက်ဖို့ဖြစ်ပါတယ် ဘုရား”

“အမယ်မင်း မောင်ပဥ္စင်းရယ်၊ မင်းတို့မှာ ပလိဗောဓများလိုက်တာ၊ တောထဲက ကြက်တွေ မနက်ထဖို့ ဘယ်သူက ကုလားတက်ခေါက်နှိုးရသတုံး”ဟု မိန့်တော်မူသောဟူ၏။

ရံဖန်ရံခါ ကျွန်တော်သည် ဆရာကြီး ဦးသုခ၏ ရာမာခရစ်ရှနာ၏ ပုံပြင်များစာအုပ်ပါ ခါးစည်းတစ်လွှာကြောင့် ပလိဗောဓများတစ်ခုပြီးတစ်ခုပေါ်ပေါက်လာကာ မူလဘူတတရား အလုပ်ပျက်သွားခဲ့ပုံ ပုံပြင်ကိုလည်း အမှတ်ရမိသည်။

တစ်ခါတစ်ရံ ခေတ်စမ်းစာပေပညာရှင်ဆရာကြီး သိပ္ပံမောင်ဝ၏ **“ငယ်ငယ်တုန်းက ဘွားဒွေးကြီး၏ ဝါးခြမ်းကိုကြောက်သောကြောင့် အိပ်ရာမှစောစောထခဲ့ရ၏။ ယခုမူကား တာဝန်ဝါးခြမ်းကို ကြောက်သောကြောင့် စောစောအိပ်ရာမှထလေ့ရှိလေသည်။ တာဝန်ဝါးခြမ်းက ဘွားဒွေးကြီး၏ ဝါးခြမ်းထက်အဆတစ်ရာမက ကြီးမားပေသေး၏။ အိပ်မောကျနေရင်း ဆတ်ခနဲလန့်၍နိုးအောင်ပင်တတ်နိုင်သော တာဝန်ဝါးခြမ်းပေတည်း”**ဟူသော **“နိဗ္ဗာန်ဆော်”** ဝတ္ထုဆောင်းပါးကို အမှတ်ရမိလေသည်။ ထိုသောအခါ ကျွန်တော်သည် အိပ်ရာမှ ချက်ချင်းလူးလဲထလေ့ရှိပါတော့သည်။

လခစားဝန်ထမ်းတစ်ဦးပေမို့ ပြတ်တုန်းလပ်တုန်း ၂၃ ဆိုသလို လကုန်ခါနီး ရက်နှစ်ဆယ်ကျော်ဆိုလျှင် အသုံးစရိတ်ကပြတ်ချင်လပ်ချင်သည်။ လုံးလုံးပြတ်လပ်မသွားအောင် ခြိုးခြံရသည်။ ချွေတာရသည်။ ယခင်ကချေးများတတ်သော်လည်း ယခုမူ ယနေ့ခေတ်ကုန်ဈေးနှုန်းအရ ချေးများနေ၍မရတော့။ ဝင်ငွေနှင့် ထွက်ငွေမျှတစေရန် ကိုယ့်အိုးနှင့်ကိုယ့်ဆန် တော်ရုံသင့်ရုံစားကြရ၏။

ရံဖန်ရံခါ အိမ်ရှင်မ ဈေးကဝယ်ခြမ်းလာခဲ့သည့် တန်ဖိုးသင့်ဟင်းလျာတို့နှင့် ညမနက်ပြီးရသည့်နေ့များလည်းရှိသည်။ ထိုနေ့ထိုရက် ထမင်းဝိုင်းများတွင် ထမင်းစားရင်း သတင်းစာဆရာ စာရေးဆရာကြီး သခင်အောင်ဖေ၏ဘဝဇာတ်ကြောင်းကို ဖျတ်ခနဲသတိရလေ့ရှိသည်။

**“ကျွန်တော်တို့ တစ်အိမ်သားလုံး ပဲပြုတ်လေးသော်မှမစားနိုင်။ ဆားဖြူးစားရသည့် အနပ်ပေါင်းသုံးလေးဒါဇင်ကျော်ပါပြီ။ ကျွန်တော်၏ နေ့စဥ်မှတ်တမ်း၌ ယနေ့ပိုက်ဆံတစ်ပြားမှမရှိ၍ ထမင်းကို ဆားဖြူးစားရသည်ဟု ခဏခဏရေးနေသည်။**

**သားသမီးများသည် ကြေးမုံ၌ ကျွန်တော့်ဆောင်းပါး၊ မပါကိုဘဲ ဂရုတစိုက်ကြည့်ကြ၏။ ကြေးမုံ၌ဆောင်းပါးပါလျှင် ညနေစာ ဘဲဥနှင့် အာလူးဟင်းစားကြရသကိုး။**

**ကြေးမုံသည် ယနေ့ဆောင်းပါးပါလျှင် ယနေ့ပင်ငွေထုတ်လို့ရ၏။ အခြားသတင်းစာများမှာ သုံးလေးရက်ကြာမှရတတ်၏။ ကြေးမုံသည် ကျွန်တော့်ကိုဆောင်းပါးခ နှစ်ဆယ်၊ အစိတ်ပေး၏။ လုပ်သားသည်လည်း နှစ်ဆယ်ပေး၏။ ဟံသာဝတီမှာ ဆယ့်ငါးကျပ်ပေး၍ နောက် နှစ်ဆယ့်ငါးကျပ်ပေး၏။ မြန်မာ့အလင်းနှင့် ဗိုလ်တထောင်မှာ ပထမ ကတစ်ဆယ်ပေးပြီး နောက်ပိုင်း ဆယ့်ငါးကျပ်ပေးသည်”** စသည်ဖြင့် ဆရာကြီးသခင်အောင်ဖေက သူ၏ **“သခင်အောင်ဖေ၏ သခင်အောင်ဖေ”** အတ္ထုပ္ပတ္တိစာအုပ်တွင် ဘဝတစ်ကွေ့ဝယ် လုပ်ငန်းများ အဆင်မပြေခိုက်က ကြုံတွေ့ခဲ့ဖူးသော ဘဝအခက်အခဲများကို ရေးသားခဲ့ဖူးလေရာ ကျွန်တော်သည် ထိုသို့အမှတ်ရခိုက်တွင် စားလက်စထမင်းဝိုင်းသည် ပို၍မြိန်ရှက် စားကောင်းလာသည်ဟု စိတ်ဝယ်ထင်မြင်လာတတ်သည်။

ရံဖန်ရံခါတွင် သုံးလောကထွတ်ထား သဗ္ဗညုမြတ်စွာဘုရားရှင် ဝေရဥ္ဇာမြို့တွင် ဝါကပ်တော်မူစဥ်အခါက မြို့သူမြို့သားများမှာ ဒုဗ္ဘိက္ခန္တရကပ်ကြီးနှင့် ကြုံတွေ့ခဲ့၍ မြင်းကုန်သည်တို့ လှူဒါန်းသော မုယောဆန်များကိုသာ တစ်ဝါတွင်းလုံး ဘုဉ်းပေးသုံးဆောင်တော်မူခဲ့ရသည့် ဖြစ်စဥ်တော်ကို အောက်မေ့အမှတ်ရမိသည်။

မြင်းကုန်သည်များလှူဒါန်းသော မုယောဆန်တို့ကို သည်အတိုင်းစား၍လည်းမဖြစ်။ ဆွမ်းဖြစ်အောင်ချက်ကြရန်လည်း ရဟန်းများမို့ ကိုယ်တိုင်ချက်ခွင့်မရှိ၍ စား၍လည်းဖြစ်စေ၊ အပြစ်လည်းလွတ်စေရန် ကျောက်ဆုံမှာအမှုန့်ကြိတ်ပြီးမှ မြတ်စွာဘုရားရှင်နှင့် ရဟန်းသံဃာတော်အရှင်သူမြတ်တို့သည် ဘုဉ်းပေးသုံးဆောင်တော်မူကြရ၏။

မြိန်မြတ်သော ခဲဖွယ်ဘောဇဉ်များဘုဉ်းပေးရစဥ်ကကဲ့သို့ပင် ဘုရားရှင်သည် မုယောဆန်မှုန့်ကိုလည်း ငြိမ်သက်စွာဘုဉ်းပေးတော်မူသည်ဟု ဗုဒ္ဓစာပေကျမ်းဂန်များတွင် ဖတ်ရှုမှတ်သားခဲ့ဖူးရာ ထိုအခါတွင် မြတ်ဗုဒ္ဓ၏ တာဒိဂုဏ်ကိုကြည်ညိုဦးခိုက်ဖြစ်ရပါသည်။

တစ်ခါတစ်ရံ ဇနီးသည်နှင့်အတူ ကျွန်တော်ဈေးလိုက်သွား၏။ ထိုအခါ နေ့တိုင်း ကိုယ်တိုင်ဈေးဝယ်ထွက်လေ့ရှိသော နိုင်ငံကျော်စာရေးဆရာကြီး ဆရာသော်တာဆွေကို သတိရမိပြန်သည်။ ဝက်သားဆိုင်ရှေ့ရောက်တော့ ပိုလို့သတိရလာသည်။ ဝက်သားတစ်ဆယ်သား ၃၅၀၀။ ကြက်သားဈေးနှုန်းများ ယခုရက်ပိုင်းအနည်းငယ်ပြန်ကျသွားသော်လည်း ဝက်သားဈေးနှုန်းက ယခုအထိခေါင်းမာနေဆဲ၊ ပန်းပန်နေဆဲပင်။ ဆရာသော်တာဆွေတို့ ခေတ်ဝယ် ဝက်သားက အပေါဆုံးဖြစ်သည်။ ဆရာက **“ဆီရှား၍ ဝက်သားဖိုကြိတ်”** ဟု ရေးခဲ့သည်ကို ခေါင်းထဲစွဲနေမိသည်။

> ❖ **စာပေထဲကအသိတရားများကား စာဖတ်နာလျှင် နာသလောက်၊ စာစုံအောင်ဖတ်လျှင် ဖတ်သလောက် မကုန်နိုင်ပါပေ။ အသိပညာပေးရန် (ဝါ) ဗဟုသုတပေးရန်ရည်ရွယ်ရင်းဖြစ်သော အသိပညာပေးစာ သို့မဟုတ် ဗဟုသုတပေးသောစာပေကို ဖတ်ရှုခြင်းဖြင့် စာဖတ်သူသည် ဗဟုသုတကိုရစေသည်**
>
> ❖ **လူတစ်ယောက်သည် ယနေ့အထိစာဖတ်နေ၏။ ထိုလူသည် ယနေ့အထိခေတ်မီသော အသိရှိပေ၏။ ငယ်စဥ်ကမိုးပျံနေအောင် စာသင်ခဲ့ပါစေ၊ ယနေ့စာမဖတ်လျှင် ယနေ့ပင်အသိရပ် အသိတုံးသွားပေ၏**
>
> ❖ **တစ်နေ့ စာနဲ့အဆက်ပြတ်ရင် တစ်နေ့ အကန်းဖြစ်တာပဲ။ သတင်းစာအလုပ်ကိုလုပ်ရင် စာဖတ်မှ။ စာမကျေတာဟာ အစာမကြေတာထက်ဆိုးတယ်**

ထို့အတူ ၁၉၆၉ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ အိုးဝေဂျာနယ်တွင် **“ပြောရဦးမယ် မမြရီရေ”**ခေါင်းစဥ်ဖြင့် ဆရာ ဆက်တိုက်ရေးသားခဲ့သောဆောင်းပါးများထဲမှ **“မီးဖိုချောင်အရေး နိုင်ငံရေး”** ဆောင်းပါးကိုလည်း သတိရလာသည်။ ဆရာက **“မီးဖိုချောင်ထဲမှာ ငရုတ်ကြက်သွန်တဒုံးဒုံးထောင်းပြီး စဉ်းတီတုံးမှာ အသားငါးတဒုတ်ဒုတ်ခုတ်နေရရင် တို့တိုင်းပြည် စည်ပင်သာယာဝပြောတာပဲကွ”** ဟု ဆိုသည်။

**အသိပညာပေးစာ သို့မဟုတ် ဗဟုသုတပေးသောစာပေ**

စာပေထဲကအသိတရားများကား စာဖတ်နာလျှင်နာသလောက်၊ စာစုံအောင်ဖတ်လျှင် ဖတ်သလောက် မကုန်နိုင်ပါပေ။ အသိပညာပေးရန် (ဝါ) ဗဟုသုတပေးရန်ရည်ရွယ်ရင်းဖြစ်သော အသိပညာပေးစာ သို့မဟုတ် ဗဟုသုတပေးသောစာပေကိုဖတ်ရှုခြင်းဖြင့် စာဖတ်သူသည် ဗဟုသုတကိုရစေသည်။

စေတနာနှိုးစာ သို့မဟုတ် သုတရသစာမျိုးကိုဖတ်ရှုလျှင် စာဖတ်သူသည်အံ့သြခြင်း၊ သနားခြင်း၊ ချစ်ခြင်း၊ ကြောက်ရွံ့ခြင်းစသည်ဖြင့် ရသလည်းခံစားရ၊ ဗဟုသုတလည်း ရကြလေသည်။ အဘယ်ကြောင့်ဆိုမူ သုတရသစာရေးဆရာသည် တစ်ခါတစ်ရံ သူသိသည့်အကြောင်းအရာကို စာဖတ်သူလက်ခံချင်လာအောင်ဖျောင်းဖျသွေးဆောင်ကာ ရေးသောကြောင့် ဖြစ်ပေသည်။

ရသစာရေးဆရာကား သူသိသောအကြောင်းကိုအခြေခံပြု၍ သူ့စေတနာကိုအဓိကထားကာ သူ့စိတ်ကူးဉာဏ်ဖြင့်ဆေးရောင်စုံခြယ်မှုန်းကာ ရေးသားလေ့ရှိသည်။ သို့ဖြင့် စာဖတ်သူသည် နှစ်သက်ခြင်းတည်းဟူသော ရသအဖုံဖုံကိုခံစားရရုံမက ဘဝအတွက် အမှားအမှန်၊ အကောင်းအဆိုး၊ အကြောင်းအကျိုးတို့ကိုသဘောပေါက်ကာ ဘဝအသိကို ရလာနိုင်ပေသည်။ ထိုစာမျိုးကိုအဆင့်အတန်းရှိသော **“ရသစာပေ”** ဟု သတ်မှတ်ကြပေသည်။

ထိုထိုသော ဗဟုသုတစာပေ၊ သုတရသစာပေနှင့် ရသစာပေများကို စာစုံအောင်ဖတ်ရှုလေ့လာသော စာဖတ်သူသည်စာဖတ်သက်ရင့်လာသည်နှင့်အမျှ စာဖတ်နာလာသည်နှင့်အမျှ စာပေထဲကအသိတရားများကို လက်တွေ့ဘဝတွင်စံနမူနာဆောင်ရန်များ၊ သင်ခန်းစာယူရှောင်ရန်များအဖြစ် ချိန်ထိုးအသုံးပြုနိုင်ပါသည်။

စာဖတ်ဝါသနာပါသူတိုင်း စာဖတ်လေ့ရှိကြသည်။ အချို့က အပျော်ဖတ်၊ အချို့ကား စာကြမ်းပိုးဟုခေါ်ရလောက်အောင် စာပေထဲတွင် မွေ့လျော်ပျော်ပိုက်စွာ စွဲစွဲမြဲမြဲဖတ်ရှုလေ့ရှိကြသည်။ ထို့အတူ စာပေဖတ်ရှုရာတွင် အချို့ကကိုယ်သန်ရာသန်ရာ၊ ကိုယ်နှစ်သက်ရာ စာပေအမျိုးအစားကိုရွေးချယ်ဖတ်ရှုသကဲ့သို့ အချို့မူကား စာကိုမျိုးစုံအောင်ဖတ်ရှုလေ့ရှိကြသည်။

စာရေးဆရာကြီးဇေယျကမူ စာဖတ်ရာတွင်အင်္ဂလိပ်စာအုပ်ရောမြန်မာစာအုပ်ပါ ဖတ်သင့်သည်။ နားလည်ရန်ခက်ခဲ၍မဖတ်ဟုမရှိရာ။ တတ်နိုင်သလောက်ကြိုးစားဖတ်ရမည် ဟူ၍လည်းကောင်း၊ စာရေးလိုသူသည် လောကီလောကုတ္တရာနှစ်ဖြာစလုံးသော စာများဖတ်ရမည်။ စာကိုများများဖတ်၍ အာဂုံဆောင်သင့်သည်များကို ဆောင်ရမည်။ စာဖတ်နာလာသောအခါ များများဖတ်လာရသောအခါ စာမရေးခင်ကပင်နိုင်နင်းသလို ဖြစ်လာမည်။ စာရေးလိုသူသည် ဗဟုသုတပြည့်ရမည်။ ထို့ကြောင့် မြန်မာစာကို များများဖတ်ပေးရမည်ဟူ၍လည်းကောင်း **“စာကောင်းပေကောင်း”** ဆောင်းပါးတွင် လမ်းညွှန်အကြံပြုခဲ့ပါသည်။

ဆရာကြီး သခင်အောင်ဖေကမူ **“ကျွန်တော်တို့သည် အများနည်းတူ တိုင်းပြည်ချစ်တတ်၏။ ကိုယ့်လူမျိုးကို ချစ်တတ်၏။ ဤသို့ချစ်တတ်လာအောင်စာပေကလမ်းညွှန်၏။ စာပေက အလင်းရောင်ပေး၏။ စာပေဟူသည်မှာ ကျမ်းစာ၊ ဆောင်းပါး၊ ဝတ္ထု၊ ကဗျာ စသည် တို့ဖြစ်၏။**

**လူတစ်ယောက်သည် ယနေ့အထိစာဖတ်နေ၏။ ထိုလူသည် ယနေ့အထိခေတ်မီသော အသိရှိပေ၏။ ငယ်စဥ်ကမိုးပျံနေအောင် စာသင်ခဲ့ပါစေ၊ ယနေ့စာမဖတ်လျှင် ယနေ့ပင်အသိရပ် အသိတုံးသွားပေ၏”**ဟုဆိုပါသည်။

သတင်းစာဆရာကြီး ဂျာနယ်ကျော်ဦးချစ်မောင်ကလည်း **“တစ်နေ့ စာနဲ့အဆက်ပြတ်ရင် တစ်နေ့အကန်းဖြစ်တာပဲ။ သတင်းစာအလုပ်ကိုလုပ်ရင် စာဖတ်မှ။ စာမကျေတာဟာ အစာမကြေတာထက်ဆိုးတယ်”**ဟုဆိုခဲ့ပါသည်။

သို့ဖြစ်ရကား စာဖတ်ဝါသနာရှင်များ၊ အထူးသဖြင့် တက်ခေတ်လူငယ်မောင်မယ်များသည် ခေတ်မီသောအသိပညာ ဗဟုသုတရရှိစေရန်၊ တိုင်းပြည်နှင့်လူမျိုးကို ချစ်တတ်လာစေရန်၊ ကိုယ်ချင်းစာတရားရှိလာစေရန်၊ ဘဝ၏အခက်အခဲများကို ယောနိသောမနသိကာရဖြင့် နှလုံးသွင်းဆင်ခြင်တတ်စေရန် စာကောင်းပေမွန်များကို စွဲစွဲမြဲမြဲဖတ်ရှုလေ့လာစေချင်သည်။ စာပေထဲကအသိတရားများကား ဘဝကိုခွန်အားဖြစ်စေသည်။ ဘဝခရီးကို မတိမ်းစောင်းစေရန် လမ်းညွှန်ပေးနိုင်သည်။

မဃဒေဝကျမ်းတွင်လည်း -

**“ပညာပြည့်ဝ၊ နှလုံးလှသော်**
**ကိစ္စကြီးငယ်၊ ဆောက်သဖွယ်လျှင်**
**ကျဉ်းကျယ်ထွင်းဖောက်၊ ဖြတ်တောက်လိုရာ**
**ပြီးနိုင်စွာ၏။”**

ဟူ၍ဆိုထားခဲ့သည်မဟုတ်ပါလား။ ။

# နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ပညာဘဏ်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၂၃

နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် ရှမ်းတဲကြီးကျေးရွာ ပညာဘဏ်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၃ နာရီက အဆိုပါစာကြည့်တိုက်အဆောက်အအုံသစ်တွင် ကျင်းပသည်။

ဦးစွာ စာကြည့်တိုက်အဆောက်အအုံသစ်ကို ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ခင်စောလင်း၊ ဒဂုံမြို့သစ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်ကို၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်၊ ရှမ်းတဲကြီးကျေးရွာ အုပ်ချုပ်ရေးမှူး ဦးဝင်းထွန်းနှင့် ပညာဘဏ်စာကြည့်တိုက်ကော်မတီနာယက ဦးဝင်းနိုင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး စာကြည့်တိုက်များကြီးကြပ်ရေးကော်မတီနာယက၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက စာကြည့်တိုက်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးခဲ့ပြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ကမ္ဗည်းမော်ကွန်းအား အမွှေးနံ့သာရည်များ ပက်ဖျန်းပေးခဲ့သည်။

ဆက်လက်ပြီး အခမ်းအနားကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသော ပရိဘောဂပစ္စည်းနှင့် စာအုပ်စာစောင်များပေးအပ်ရာ ပညာဘဏ်စာကြည့်တိုက်ကော်မတီ ဥက္ကဋ္ဌ ဦးအုန်းသန်းက လက်ခံရယူသည်။

ယင်းနောက် စာကြည့်တိုက်ဆိုင်ရာ အချက်အလက်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန့်ဇော်ကပေးအပ်ရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရန်ကုန်အရှေ့ပိုင်းခရိုင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှနွယ်က လက်ခံရယူသည်။

အဆိုပါ စာကြည့်တိုက် အဆောက်အအုံသစ်ကို မြန်မာနိုင်ငံစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ပူးပေါင်းဆောင်ရွက်မှုကော်မတီ၏ မတည်ငွေကျပ်သိန်း ၁၅၀၊ အလှူရှင်များက စုပေါင်းလှူဒါန်းသည့် ငွေကျပ် ၁၄၂ သိန်း စုစုပေါင်း ငွေကျပ် ၂၉၂ သိန်းဖြင့် အမြင့် ၁၃ ပေ၊ အလျား ပေ ၂၀ နှင့် အနံ ပေ ၃၀ ဖြင့် ဆောက်လုပ်ခဲ့ခြင်းဖြစ်ပြီး စာကြည့်တိုက်တွင်လည်း သုတ၊ ရသစာအုပ်စာစောင် ၁၅၀၀ လှူဒါန်းထားရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က တပ်မတော်သားများအား တွေ့ဆုံအားပေး၍ စားသောက်ဖွယ်ရာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်

ပြည် မတ် ၂၃

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ပွဲ အခမ်းအနားအား ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ပြည်)၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ငွေကျပ် ၆၀၃၉၀၃၂၀ တန်ဖိုးရှိ စားသောက်ဖွယ်ရာနှင့် သီးခြားဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ရာ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးက လက်ခံရယူသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးတို့သည် ရွှေတောင်မြို့ အမှတ်(၆) တပ်မတော်ဆေးရုံ ခုတင်-၁၀၀ သို့ ရောက်ရှိခဲ့ပြီး တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိသော အရာရှိ၊ စစ်သည်များအား သွားရောက်ကြည့်ရှု၍ တစ်ဦးချင်းကျန်းမာရေး တိုးတက်ကောင်းမွန်မှုအခြေအနေများအား ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားခဲ့ကာဆေးရုံတက်ရောက်လူနာများအား အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုငွေများ ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**




# ရှမ်းပြည်နယ်(တောင်ပိုင်း)မြို့နယ်အသီးသီးရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

နေပြည်တော် မတ် ၂၃

ရှမ်းပြည်နယ် (တောင်ပိုင်း) မြို့နယ်အသီးသီးမှ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား တွေ့ဆုံပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ခရေရိပ်သာ၌ပြုလုပ်ရာ တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား အမှာစကားပြောကြားသည်။ ထို့နောက် ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအတွက် စားသောက်ဖွယ်ရာများနှင့် ဂုဏ်ပြုချီးမြှင့်ငွေများ ချီးမြှင့်ပေးအပ်ရာ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့အသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မဟာအောင်မြေမြို့နယ် လူထုအခြေပြုဗဟိုဌာန၌ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

မန္တလေး မတ် ၂၃

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ယမန်နေ့ညနေပိုင်းက လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပသည်။

ဦးစွာ မဟာအောင်မြေမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်သိန်းစိုးက လူငယ်များ ဗလငါးတန်ဖွံ့ဖြိုးတိုးတက်စေရေးအတွက်ရည်ရွယ်၍ လူငယ်ရေးရာအသိပညာပေးဟောပြောပွဲကို ပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန ဦးစီးအရာရှိ ဦးရိုးမွန်က "လူငယ်နှင့်အားကစား"ခေါင်းစဉ်ဖြင့် ဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများက ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး တက်ရောက်လာကြသူများက အသိပညာပေးနံရံကပ်စာစောင်များနှင့် သုတ၊ ရသစာအုပ်များကို စိတ်ပါဝင်စားစွာ လေ့လာကြည့်ရှုခဲ့ကြောင်း သိရသည်။ **အောင်ဇော်မင်း**



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ကျောက်စိမ်းများ၊ ရေယာဉ်နှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂၃

တရားမဝင် ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင် ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ မတ် ၂၁ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် ဘားအံစက်မှုဇုန် အနီး၌ ယာဉ် ၁၈ စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်းမျိုးစုံ ၃၀၊ လူသုံးကုန်ပစ္စည်း ၂၃ မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၇၀၅၆၅၀၀၀)နှင့် အဆိုပါ ပစ္စည်းများတင်ဆောင်လာသည့် Nissan Diesel Truck ငါးစီး၊ Nissan Condor Truck သုံးစီး၊ Golden Truck နှစ်စီး၊ Nidi Truck တစ်စီး၊ Win Myanmar Truck တစ်စီး၊ Mitsubishi Fuso Truck တစ်စီး၊ Hino Profia Truck တစ်စီး၊ Hino Truck တစ်စီး၊ Pyay Truck တစ်စီး၊ Hin Thar Truck တစ်စီး၊ Done Feng Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၂၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၈၉၀၅၆၅၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြိတ်မြို့ စန္ဒဝတ်ကျေးရွာ အုပ်စု ကျောက်ဖြူတောင်ကျေးရွာ အနီး၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့သွားရောက်မည့် ယာဉ် နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း ၁၇ မျိုး၊ လူသုံးကုန်ပစ္စည်း သုံးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၃၉၁၀၈၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Scania Bus တစ်စီး၊ Yutong Bus တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၂၀၀၀၀၀၀၀)၊ စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၅၁၃၉၁၀၈၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။



ကရင်ပြည်နယ်၌ သိမ်းဆည်းရမိမှု။

ထို့အတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသော ယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၃၄၀၀၀၀) နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀)ကိုလည်းကောင်း၊ ရတနာပုံတံတား (မန္တလေး) စစ်ဆေးရေးဂိတ်၌ မန္တလေးမြို့မှ မြစ်ကြီးနားမြို့သို့သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၁မျိုး(ခန့်မှန်း တန်ဖိုးငွေကျပ် ၁၃၃၄၇၇၉၀) နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၅၀၀၀၀၀၀)ကို လည်းကောင်း၊ ၁၆ မိုင် ကျောက်ချော စစ်ဆေးရေးစခန်း၌ မန္တလေးမြို့မှ ပြင်ဦးလွင်မြို့သို့ သွားရောက်မည့် ယာဉ်တစ်စီးပေါ်မှ တရားဝင် စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ကျောက်စိမ်းဟု ယူဆရသော အရွယ်စုံကျောက်တုံး ကီလိုဂရမ် ၁၀၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်း များတင်ဆောင်လာသည့် Mazda Bongo Light Truck တစ်စီး (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်-မန္တလေး လမ်းဟောင်း ထုံးဘိုလမ်းခွဲအနီး၌ ယာဉ်နှစ်စီး ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၂ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၄၁၃၆၇၀၀)နှင့် အဆိုပါပစ္စည်း များတင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ စက်မှုဇုန် ထုတ် Aung Soe Tin Truck တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၆၃၀၀၀၀၀၀)ကို လည်းကောင်း၊ ရန်ကုန်-မန္တလေး လမ်းဟောင်း စဉ့်ကိုင်ဘီးခွန် ကောက်ခံရေးဂိတ် အနီး၌ ယာဉ်သုံးစီးပေါ်မှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ပစ္စည်းသုံးမျိုး (ခန့်မှန်းတန်ဖိုးငွေ ကျပ် ၄၁၈၂၅၇၀၀)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Foton Auman Tractor Head နှစ်စီး၊ Howo Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်သုံးတွဲ (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၁၈၀၀၀၀၀၀)ကို လည်းကောင်း (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၇၆၅၀၁၉၀ )ကို သိမ်းဆည်းရမိ ခဲ့ပြီး အကောက်ခွန် လုပ်ထုံး လုပ်နည်းများနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ရှမ်းပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက် ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ကြီးမြို့အထွက် ၄ မိုင် ပူးပေါင်း စစ်ဆေးရေးဂိတ်၌ တန့်ယန်းမြို့မှ တောင်ကြီးမြို့သို့ မောင်းနှင်လာသည့် ယာဉ်တစ်စီး ပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် စားသောက်ကုန်ပစ္စည်း ခုနစ်မျိုး၊ လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်း တန်ဖိုးငွေကျပ် ၁၀၈၂၆၈၀၀)နှင့် အဆိုပါပစ္စည်း များတင်ဆောင်လာသည့် Yutong Bus တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၇၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်း တန်ဖိုးငွေကျပ် ၈၀၈၂၆၈၀၀ကို သိမ်းဆည်းရမိခဲ့ ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်း များနှင့်အညီ အရေးယူဆောင်ရွက် လျက်ရှိသည်။

ထို့ပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရွှေမဲဆိပ်ကမ်း၌ ကော့သောင်းမြို့မှ ရန်ကုန်မြို့သို့ ဆိုက်ကပ်လာသော ရေယာဉ် တစ်စီးပေါ်မှ တရားဝင်စာရွက် စာတမ်း အထောက်အထားတင်ပြ နိုင်ခြင်းမရှိသည့် လုပ်ငန်းသုံး ပစ္စည်းငါးမျိုး (ခန့်မှန်းတန်ဖိုးငွေ ၉၉၇၇၈၆၉၂ ကျပ်)နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် MV.MCL-8 ရေယာဉ်တစ်စင်း (ခန့်မှန်း တန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀၀)ကိုလည်းကောင်း၊ အေးရှားဝေါလ် ဆိပ်ကမ်း၌ ကုန်သေတ္တာတစ်လုံး အတွင်းမှ တရားဝင် စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် လုပ်ငန်းသုံးပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေ ၂၇၉၈၇၄၅၆ ကျပ်) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေ ၂၆၂၇၇၆၆၁၄၈ ကျပ်ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်း များနှင့်အညီ အရေးယူဆောင် ရွက်လျက်ရှိသည်။

ထို့အတူ မတ် ၂၂ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရား မဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့နယ်နှင့် မုံရွာမြို့နယ် တို့၌ လိုင်စင်မဲ့ယာဉ်သုံးစီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၀၀၀၀၀၀)ကို သိမ်းဆည်းရမိ ခဲ့ပြီး ပို့ကုန်၊ သွင်းကုန်ဥပဒေနှင့် အညီ အရေးယူဆောင်ရွက်လျက် ရှိသည်။

မတ်၂၁ ရက်နှင့် ၂၂ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၇၂ မှု (ခန့်မှန်းတန်ဖိုးငွေ ၄၆၈၆၇၁၈၉၃၈ ကျပ်) ကို သိမ်းဆည်းရမိခဲ့သည်။ တရားမဝင် တင်သွင်းမှုများကြောင့် နိုင်ငံ၏ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ပန်းတိုင်များကို အောင်မြင်အောင် ဆောင်ရွက်ရာတွင် သိသာစွာ ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်စေနိုင် သကဲ့သို့ ရင်းနှီးမြှုပ်နှံမှုကဏ္ဍမှ ရရှိသည့် အခွန်အခများ၊ တရားဝင် အလုပ်အကိုင် အခွင့်အလမ်းများ နှင့် ပြည်သူတို့၏ အသက်အိုးအိမ် စည်းစိမ်များအပေါ် ထိခိုက်နစ်နာ မှုများလည်း ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်၍ တရားမဝင်ကုန်သွယ်မှု များ လျှော့နည်းပပျောက်စေရေး သက်ဆိုင်ရာ တာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ် ဆောင်ရွက်သွားမည်ဖြစ် ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး ဦးဆောင်ကော်မတီ မှ သိရသည်။

သတင်းစဉ်

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၄-၃-၂၀၂၅ တနင်္လာနေ့

### MRTV HD

- ၀၆:၀၀ အန္တရာယ်ကင်းပရိတ်တရားတော်(မေတ္တသုတ်၊ ရတနသုတ်၊ မောရ်သုတ်)
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၉:၁၀ နိုင်ငံ့စီးပွားတိုးတက်စေဖို့ MSME လုပ်ငန်း တက်ညီလက်ညီဆောင်ရွက်စို့(အပိုင်း-၁)
- ၁၀:၃၀ နှစ်(၈၀)ပြည့်တပ်မတော်နေ့ဂုဏ်ပြုတေး
- ၁၀:၄၀ ဒဟတ်ကုန်းသကြားစက်ရုံမှ သကြားထုတ်လုပ်ပုံ အဆင့်ဆင့်
- ၁၁:၂၅ ဘဝနှင့်အနုပညာ 'သက်ဝင်ရုပ်ထွားပုံရိပ်များနှင့် တေးအလှဆင်ခဲ့သူ' (အပိုင်း-၁)(အေဝမ်းတင်တင်လှ)
- ၁၂:၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ(ဖိလစ်ပိုင်) 'သူတောင်းပြည့်ကြွယ်တာရာစတာလာ' (အပိုင်း-၇၀)(ဇာတ်သိမ်းပိုင်း)
- ၁၃:၃၀ MRTV National News
- ၁၅:၀၀ ကျန်းမာရေးမဂ္ဂဇင်း (ကျန်းမာရေးအတွက်ထိုင်းရင်းဆေးပညာအစီအစဉ်)
- ၁၅:၁၀ မျိုးဂုဏ်တင့်စေဆိုကရေးတီးအမွေ
- ၁၆:၄၀ ချစ်စရာအရွယ်ကစားကြမယ်
- ၁၇:၁၅ သတင်းသမားပြောတဲ့သတင်းစကား
- ၁၇:၃၀ This Week's Special Interest
- ၁၈:၄၀ နှစ်(၈၀)ပြည့်တပ်မတော်နေ့ဂုဏ်ပြုတေး
- ၁၉:၀၀ နှစ်(၈၀)ပြည့်တပ်မတော်နေ့ဂုဏ်ပြုဇာတ်လမ်း 'သစ္စာမိုးဆက်' (အပိုင်း-၅)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၀၀ နှစ်(၈၀)ပြည့်တပ်မတော်နေ့ဂုဏ်ပြုတေး
- ၂၁:၁၅ သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ
- ၂၁:၃၀ နိုင်ငံခြားဇာတ်လမ်းတွဲ (တရုတ်) 'အလင်းဖမ်းသူများ' (အပိုင်း-၃၀) (ဇာတ်သိမ်းပိုင်း)
- ၂၂:၁၅ ရုပ်မြင်သံကြားဇာတ်လမ်း

### mitv

- 07:01 Evergreen Classic: Kyun Nawt Htar Nay Bagan Pyay (Ye Htike)
- 07:08 Ecotourism: The Tourist Attractions of Mingun, Sagaing
- 07:32 The Lapidarist
- 07:48 Union Day Exhibition & Traditional Dance Competition (Rakhine)
- 08:01 News
- 08:26 Asia Updates; Queen of the rainforest B
- 08:42 The Wave That Changed The World (Part -1)
- 09:01 Edible Beauty: Tha Khut
- 09:29 Discovering Tribes "Rvwang" Their Life and Customs (Part-1)

### Me

- ၀၆:၀၀ အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ
- ၀၆:၁၅ တိုင်းရင်းသားသီချင်းအက(ကယားတိုင်းရင်းသား)
- ၀၆:၅၀ မြန်မာသံစဉ်တေးများ
- ၀၇:၂၀ မြန်မာဇာတ်လမ်းတွဲ 'လျှို့ဝှက်အချစ်ရဲ့တံတားတွက်' (အပိုင်း-၁၅)
- ၀၇:၅၀ "ပြည်ချစ်သားမွန်တေးသဝဏ်"ပွဲစဉ်(၃) တေးဂီတဖျော်ဖြေပွဲ
- ၀၈:၅၀ နိုင်ငံခြားသံစဉ်တေးများ
- ၀၉:၀၅ ကာတွန်းအစီအစဉ် 'မြူဝင်စိတ်လှ' (အပိုင်း-၂၅)
- ၀၉:၂၀ စတီရီယိုတေးများ
- ၀၉:၄၀ မြန်မာရုပ်ရှင်(မြူမှုန်) 'ဘဲလှုံ့ဘောင်တွင်'

### MRTV NRC

- ကချင် (၀၆:၀၀ မှ ၀၈:၀၀) ကချင်ရိုးရာဝတ်စားဆင်ယင်ခြင်း
- ကယား (၀၈:၀၀ မှ ၁၀:၀၀) အပန်းဖြေစရာဘုရားဖြူကြာကန်သို့အရောက်လှမ်းခဲ့ပါ
- ဝကောကရင် (၁၀:၀၀ မှ ၁၁:၀၀) တစ်နိုင်တစ်ပိုင်ရိုးရာငါးပိပြုလုပ်ပုံ
- အနောက်ပိုးကရင် (၁၁:၀၀ မှ ၁၂:၀၀) ဝင်ငွေတိုးတဲ့ပီလောပီနံ
- အရှေ့ပိုးကရင် (၁၂:၀၀ မှ ၁၃:၀၀) ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ(အပိုင်း-၁)
- ချင်း (လိုင်ဇို) (၁၃:၀၀ မှ ၁၄:၀၀) အုံ့ပွယ်အစွမ်းထက်ချဉ်ပေါင်
- ချင်း (ချိုး) (၁၄:၀၀ မှ ၁၅:၀၀) ကျုံလောင်းကျေးရွာလုံပုံးပွဲ
- မွန် (၁၅:၀၀ မှ ၁၇:၀၀) ကြက်ဟင်းခါးသီးအစွမ်း
- ရခိုင် (၁၇:၀၀ မှ ၁၉:၀၀) တို့ရွာအလှနဲ့ရာသီစာ(အပိုင်း-၂)
- ရှမ်း (၁၉:၀၀ မှ ၂၁:၀၀) ဘီးမုန့်ပြုလုပ်နည်း
- ဝ (၂၁:၀၀ မှ ၂၃:၀၀) 'ဝ' ဘာသာစကားပြောကြရအောင် (လူမျိုးများဆိုင်ရာအခေါ်အဝေါ်)

### MRTV NEWS

- ၀၆:၀၀ အဖွင့်၊ တေးသီချင်း
- ၀၆:၀၅ လှုပ်လှုပ်ရှားရှားအားကစား
- ၀၆:၄၀ အားကစားသတင်း
- ၀၈:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၀၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၀၉:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၁:၀၀ ပြည်တွင်းသတင်း(LIVE)
- ၁၁:၃၅ Sports Diary
- ၁၂:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၄:၀၀ MRTV National News
- ၁၆:၀၀ သတင်းမှန်ကဏ္ဍ(LIVE)
- ၁၇:၃၀ နိုင်ငံတကာသတင်း(LIVE)
- ၁၉:၀၀ ပြည်တွင်းသတင်း(LIVE)
- ၂၀:၀၀ ပြည်တွင်းသတင်း(LIVE)

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊ အလံ
- ၀၉:၁၅ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ထိုင်းနိုင်ငံ'
- ၀၉:၃၀ ဥပဒေရေးရာအပြာဖြာဇာတ်လမ်းတို 'အကျိုးဖျက်ဆီးမှုအကြောင်း သိမှတ်စရာဥပဒေမှာ'
- ၁၀:၀၀ ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ဗီယက်နမ်နိုင်ငံ'
- ၁၀:၃၀ နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'ဂျပန်နိုင်ငံ' (အပိုင်း-၁)
- ၁၁:၀၀ ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၄၄)

### MRTV FARMERS' HD

- ၀၆:၀၀ အဖွင့်၊ နိုင်ငံတော်သီချင်း
- ၀၆:၁၀ တန်ဖိုးမြင့်မားမြန်မာ့ကော်ဖီစိုက်ကြပါစို့လား
- ၀၇:၀၀ တောင်သူလယ်သမားရေးရာသတင်း
- ၁၈:၃၅ Modern Agriculture Machines That Are At Another Level 3
- ၁၉:၁၅ Starting a year Pig Farm Business
- ၂၀:၃၀ တိတ်ဆိတ်ခြင်း(ဇာတ်လမ်း)
- ၂၂:၀၀ Departures (နိုင်ငံခြားဇာတ်လမ်း)

### MRTV SPORTS HD

- ၀၆:၀၀ အဖွင့်
- ၀၆:၂၀ လူငယ်တို့အတွက်လမ်းပြကြယ်
- ၀၆:၄၅ Sports Diary
- ၁၇:၄၀ Weekly Sports Info
- ၁၈:၀၀ အားကစားသတင်း
- ၂၂:၀၀ ကမ္ဘာ့ဖလားအလွတ်တန်းဖိုက်ငေါ် ဘောလုံးပြိုင်ပွဲ (Replay) (Yangon Region U-21 Vs Glory FC)

Scan Here
MRTV MRTV MRTV Radio MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်၌ “တိတ်ရှိန်ရွှေဆိုင်”အား သေနတ်ပြခြိမ်းခြောက်၍ ငွေကျပ်သိန်း ၁၂၀၀ ခန့်တန်ဖိုးရှိ ရွှေထည်ပစ္စည်းမျိုးစုံ ၂၀ ကျပ်သား လုယက်မှုကျူးလွန်သူ တရားခံအမျိုးသား လေးဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ

နေပြည်တော် မတ် ၂၃

၂၀၂၅ ခုနှစ် မတ် ၂၃ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် အမှတ်(၆)ရပ်ကွက် (၂၉)လမ်းနှင့် (၃၀)လမ်းကြား မဟာဗန္ဓုလလမ်းပေါ်ရှိ “တိတ်ရှိန်” ရွှေဆိုင်၌ ဆိုင်ပိုင်ရှင်၏သမီးဖြစ်သူ မမြတ်သဥ္ဇာမိုး ၂၃ နှစ်သည် ဆိုင်ဝန်ထမ်းအမျိုးသမီး ခုနစ်ဦးတို့နှင့် အတူရှိနေစဉ် Mask များတပ်ဆင်ထားသည့် အမျိုးသား လေးဦး(စိစစ်ဆဲ)သည် ဆိုင်အတွင်း ဝင်ရောက်လာပြီး ၎င်းတို့ လေးဦးအနက် တစ်ဦးက သေနတ်အတိုတစ်လက်အား ကိုင်ဆောင်ကာ သေနတ်ပြ ခြိမ်းခြောက်ပြီး မှန်ကောင်တာအတွင်းရှိ ရွှေထည်ပစ္စည်းမျိုးစုံ ၂၀ ကျပ်သားခန့် (တန်ဖိုးငွေကျပ်သိန်း ၁၂၀၀ ခန့်)အား လုယက်ယူဆောင် ထွက်ပြေးသွားခဲ့သည့် ဖြစ်စဉ်ဖြစ်ပွားခဲ့ကြောင်း သတင်းအရ ပန်းဘဲတန်းမြို့မရဲစခန်း၌ (ပ)၃၉/၂၀၂၅၊ ရာဇသတ်ကြီးပုဒ်မ ၃၉၂ ဖြင့် အမှုရေးဖွင့်ကာ ပြစ်မှုကျူးလွန်သူများအား ဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေး စုံစမ်းစစ်ဆေးမှုများဆောင်ရွက်ခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ပြစ်မှုကျူးလွန်သူ တရားခံများအား ဖမ်းဆီးရမိနိုင်ရေး အခင်းဖြစ်ရပ်မှတ်တမ်းများရယူခြင်း၊ နယ်မြေအတွင်း သတင်းရယူစုံစမ်းခြင်းများ ဆောင်ရွက်ခဲ့ရာ အခင်းဖြစ်ပတ်ဝန်းကျင်ရှိ တာဝန်သိပြည်သူများ၏ သတင်းပေးချက်အရ လုယက်မှုကျူးလွန်သူ တရားခံများသည် YGN-42 AA-1938 နံပါတ်တပ်ဆင်ထားသည့် Toyota Corolla အမျိုးအစား အဖြူရောင်အငှားယာဉ်ဖြင့် ပန်းဆိုးတန်းလမ်းဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့ကြောင်း သိရှိရသဖြင့် အဆိုပါအငှားယာဉ်အား စုံစမ်းရှာဖွေခဲ့ရာ နံနက် ၁၁ နာရီတွင် လမ်းမတော်မြို့နယ် အမှတ်(၂)ရပ်ကွက် ဝါးတန်းလမ်းနှင့် အနော်ရထာလမ်းဆုံတွင် ယာဉ်နှင့်အတူ ယာဉ်မောင်းဖြစ်သူ စည်သူကျော် ၄၃ နှစ်အား တွေ့ရှိရသဖြင့် သက်ဆိုင်ရာသို့ ထိန်းသိမ်းခေါ်ယူစစ်ဆေးခဲ့သည်။



တရားခံဝဲမှယာ သက်ထူးဇင်၊ ကောင်းခန့်သူရ(ခ)ဝသုန်၊ လင်းသန့်အောင်၊ မင်းခန့်ကို(ခ)ဖိုးကာ။

ယာဉ်မောင်းဖြစ်သူ စည်သူကျော်၏ ထွက်ဆိုချက်အရ ၎င်းသည် လုယက်မှုကျူးလွန်သူ တရားခံများအား ကျောက်တံတားမြို့နယ် အမှတ်(၉)ရပ်ကွက် ကမ်းနားလမ်းနှင့် ဗိုလ်အောင်ကျော်လမ်းဆုံသို့ ငွေကျပ် ၄၀၀၀ ဖြင့် လိုက်ပါပို့ဆောင်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ဆက်လက်စုံစမ်းစစ်ဆေးခဲ့ရာ မွန်းလွဲ ၂ နာရီ ၁၅ မိနစ်တွင် ဗိုလ်တထောင်မြို့နယ် အမှတ်(၇)ရပ်ကွက် ဗိုလ်အောင်ကျော်လမ်း အမှတ်(၁၁၄/၁၁၆)ရှိ Casa Myanmar Hotel အခန်းအမှတ်(၃၀၁)၌ “တိတ်ရှိန်” ရွှေဆိုင်အား လုယက်မှုကျူးလွန်သူ တရားခံများဖြစ်ကြသည့် မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ပတ္တမြားရပ်ကွက်နေ လင်းသန့်အောင် ၁၈ နှစ် (ဘ)ဦးသိန်းထွန်း၊ သထုံမြို့နယ် ပေါ်တော်မူကျေးရွာနေ သက်ထူးဇင် ၂၀ နှစ် (ဘ)ဦးအောင်မျိုးဆက်၊ ရွှေပြည်သာမြို့နယ် အမှတ်(၁၉)ရပ်ကွက်နေ ကောင်းခန့်သူရ(ခ)ဝသုန် ၁၉ နှစ် (ဘ)ဦးကျော်သူရ၊ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့နယ် စစ်ဗိုလ်ကြီး ကျေးရွာနေ မင်းခန့်ကို(ခ) ဖိုးကာ ၁၉ နှစ် (ဘ)ဦးနိုင်ထူးတို့ လေးဦးအား လုယက်မှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အနက်ရောင်ကော်သေနတ်တစ်လက်၊ သံဖြတ်လွှသုံးချောင်း၊ လုယက်ယူဆောင်ရာမှရရှိသည့် ရွှေလက်ကောက်မျိုးစုံ ၅၁ ကွင်း၊ ရွှေလက်စွပ်မျိုးစုံ ၃၇ ကွင်းနှင့်အတူ တွေ့ရှိဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိသူ တရားခံ လင်းသန့်အောင်ပါ လေးဦးအား ဆက်လက်စစ်ဆေးချက်အရ ၎င်းတို့ လေးဦးသည် မတ် ၂၀ ရက်တွင် Casa Myanmar Hotel သို့ ရောက်ရှိတည်းခိုခဲ့ပြီး ငွေကြေးလိုအပ်ချက်အရ မဟာဗန္ဓုလလမ်းပေါ်ရှိ ရွှေဆိုင်များအား လုယက်မှုကျူးလွန်ရန်အတွက် လိုက်လံ၍အခြေအနေ ကြည့်ရှုခဲ့ကြကြောင်း၊ ထိုသို့ကြည့်ရှုပြီး နောက် “တိတ်ရှိန်”ရွှေဆိုင်အား လုယက်မှုကျူးလွန်ရန် ရွေးချယ်ခဲ့ကြခြင်းဖြစ်ကြောင်း၊ လုယက်ရာတွင် အသုံးပြုခဲ့သည့် အနက်ရောင် ကော်သေနတ်အား ဆူးလေဘုရားအနီး မဟာဗန္ဓုလ လမ်းပေါ်ရှိ စတိုးဆိုင်တစ်ဆိုင်မှ ဝယ်ယူခဲ့ခြင်းဖြစ် ကြောင်းနှင့် လုယက်မှုကျူးလွန်ရာတွင် တရားခံ လင်းသန့်အောင်က အဆိုပါကော်သေနတ်အား ကိုင်ဆောင်အသုံးပြုကာ ဦးဆောင်၍ လုယက်မှုကျူးလွန်ခဲ့ခြင်းဖြစ်ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖြစ်စဉ်တွင် “တိတ်ရှိန်”ရွှေဆိုင်အား သေနတ်ပြခြိမ်းခြောက်၍ ရွှေထည်ပစ္စည်းများအား လုယက်မှုကျူးလွန်ခဲ့သူများဖြစ်သည့် လင်းသန့်အောင်၊ ကောင်းခန့်သူရ(ခ)ဝသုန်၊ မင်းခန့်ကို(ခ) ဖိုးကာနှင့် သက်ထူးဇင်တို့ လေးဦးအား သက်သေခံရွှေထည်ပစ္စည်းများနှင့်အတူ ဖြစ်စဉ်ဖြစ်ပွားသည့် အချိန်မှ ၆ နာရီအတွင်း ဖော်ထုတ်ဖမ်းဆီးရမိခဲ့ပြီး ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**



## ဝမ်းတွင်းမြို့နယ်နှင့် ကျိုင်းတုံမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂၃

မန္တလေးတိုင်းဒေသကြီးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၀ ရက် ညနေ ၆ နာရီခွဲတွင် ဝမ်းတွင်းမြို့နယ်

ကျာစောနှင့် ကျကျိုးတို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ခါးတက်ကုန်းကျေးရွာအုပ်စု ဒါးဟတ်ကျေးရွာ အနီးတွင် ပြည့်ဖြိုးဝင်း(ခ) အာပူတူး မောင်းနှင်လာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၂၀၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေသိန်း ၁၂၀) ကိုလည်းကောင်း၊ အလားတူ ပူးပေါင်းအဖွဲ့သည် မတ် ၂၂ ရက် ည ၈ နာရီတွင် ကျိုင်းတုံမြို့နယ် မိုင်းဇင်းကျေးရွာအုပ်စု ပန်ဟုန်းကျေးရွာအနီးတွင် ကျာစော မောင်းနှင်ပြီး ကျကျိုးလိုက်ပါလာသည့် ဆိုင်ကယ်ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား၃၀၀၀၀ (တစ်ပြားလျှင်ငွေကျပ် ၄၀၀ နှုန်းဖြင့် ၎င်းဒေသတန်ဖိုးငွေသိန်း ၁၂၀) သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

ပွင့်လင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ နွေဦးကာလတွင် လေပြင်းတိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်း၊ တစ်ခါတစ်ရံ ရေကြီးရေလျှံခြင်းများနှင့် မီးလောင်ကျွမ်းမှုများဖြစ်ပေါ်နိုင်သဖြင့် မွေးမြူထားသော တိရစ္ဆာန်များအပေါ် ကျရောက်နိုင်သည့် လေပြင်းတိုက်ခတ်မှုအန္တရာယ်၊ ရေကြီးရေလျှံမှုအန္တရာယ်နှင့် မီးဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားများနှင့် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြသည့် မိုးလေဝသ သတိပေးချက်များကို ဂရုပြုနားထောင်၊ ဖတ်ရှု၊ စောင့်ကြည့်ရန်၊

(၂) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုးနှင့် ပဲမှော်အစရှိသည့် တိရစ္ဆာန်အစာနှင့် သောက်သုံးရေများ လုံလောက်စွာရရှိရေး ကြိုတင်စုဆောင်းထားရန်၊

(၃) ရေကြီးရေလျှံဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များကိုရေဘေးအန္တရာယ်မှ ကင်းလွတ်နိုင်ရေး ကြိုတင်စီမံထားရန်၊

(၄) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များကို ရေလွတ်သောနေရာများသို့ အလျင်အမြန်ပြောင်းရွှေ့နေရာချထားရန်အတွက် ကြိုတင်စီမံထားရန်၊

(၅) ရေဘေးအန္တရာယ်ကျရောက်ချိန်၌ ရေပြန်ကျချိန်တွင် ကူးစက်ရောဂါများ ဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များကို ဦးစီးဌာနက သတ်မှတ်ထားသည့်အတိုင်း တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊

(၆) မီးချိတ်၊ မီးကပ်၊ သဲပုံး၊ ရေပုံးနှင့် တစ်ပိုင်တစ်နိုင် ကနဦးမီးငြိမ်းသတ်နိုင်သော မီးသတ်ဆေးဘူးများအား အလွယ်တကူ ရယူနိုင်သောနေရာတွင် ထားရှိပြီး အဆင်သင့်အနေအထားဖြစ်နေရန်နှင့် မီးတားလမ်းများ ပြုလုပ်ထားရှိရန်၊

(၇) သိုလှောင်ထားသော တိရစ္ဆာန်အစာများကို ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့နိုင်ရေး ကြိုတင်စီမံထားရန်၊

(၈) တိရစ္ဆာန်များ ကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှု အမြန်ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊

(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်ထံသို့ ဆက်သွယ်အကြောင်းကြား ပူးပေါင်းဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

# လှိုင်းဘွဲမြို့နယ်၌ နှစ်(၈၀)ပြည့်တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကွန်ကရစ်လမ်းနှင့် ကတ္တရာလမ်းဖွင့်

ဘားအံ မတ် ၂၃

မတ် ၂၇ ရက်တွင် ကျရောက်မည့် နှစ်(၈၀)ပြည့် တပ်မတော်နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ကရင်ပြည်နယ်အစိုးရအဖွဲ့ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်သော လှိုင်းဘွဲမြို့နယ် ပိုင်ကျုံမြို့ ပိုင်ကျုံ-ပညာပလီးကျေးရွာချင်းဆက် ကွန်ကရစ်လမ်း တစ်မိုင်နှင့် ပိုင်ကျုံမြို့ မြို့မဘုန်းတော်ကြီးကျောင်းမှ ခရစ်ယာန်ဘုရာရှိခိုးကျောင်းထိ မြို့တွင်းလမ်း ငါးဖာလုံ ကတ္တရာလမ်းဖွင့်ပွဲကို မတ် ၂၂ ရက် မွန်းလွဲပိုင်းက အဆိုပါလမ်းများမှခ်ဦးတည်နေရာ၌ ကျင်းပသည်။

## ဖဲကြိုးဖြတ်ဖွင့်လှစ်

ဦးစွာ ပိုင်ကျုံမြို့ အမှတ်(၂)ရပ်ကွက်-ပညာပလီး ကျေးရွာချင်းဆက်ကွန်ကရစ်လမ်းတစ်မိုင် ဖွင့်ပွဲကို ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ကရင်တိုင်းရင်းသားလက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ



ကိုယ်စားလှယ်များက လမ်းကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ပိုင်ကျုံ-ပညာပလီးလမ်းကို ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေကျပ် ၂၈၂ ဒသမ ၃၀၃ သန်းဖြင့် မဟာမြေကုမ္ပဏီမှတာဝန်ယူဆောင်ရွက်ပြီး အကျယ် ၁၄ ပေ၊ ဒု ခုနစ်လက်မ၊ လမ်းပခုံး တစ်ဖက်သုံးပေစီပါဝင်ကာ ထီးဖိုးကပေ၊ သရဲထ၊ တငေါ၊ ကျပန်ကုန်း၊ ဂဏန်းကုန်း၊ လော်ကော်၊ နတ်ကြီး စသည့်ကျေးရွာများအနေဖြင့် ပညာပလီးကျေးရွာမှတစ်ဆင့် ပိုင်ကျုံ-လှိုင်းဘွဲ- ဘားအံမြို့တို့သို့ လွယ်ကူစွာသွားလာနိုင်မည်ဖြစ်သည်။

ထို့နောက် ပိုင်ကျုံမြို့တွင်းလမ်း ပိုင်ကျုံမြို့မဘုန်းကြီးကျောင်းမှ ခရစ်ယာန်ဘုရားကျောင်းအထိ ကတ္တရာလမ်း ဖွင့်ပွဲကိုကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်ဒုတိယတိုင်းမှူး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီးနှင့် ကရင်တိုင်းရင်းသားလက်နက်ကိုင် ငြိမ်းချမ်းရေးအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များက လမ်းကိုဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် အဆိုပါလမ်းများဖွင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က ယခုကဲ့သို့ လမ်း/တံတားများ ဆောင်ရွက်ဖွင့်လှစ်ပေးနိုင်ခြင်းသည် ဒေသအတွင်းရှိ တိုင်းရင်းသားပြည်သူများ၏ တည်ငြိမ်အေးချမ်းမှုကို မြတ်နိုးတန်ဖိုးထား၍ ရရှိလာသော အသီးအပွင့်များပင်ဖြစ်ကြောင်း၊ ပြည်ပအားကိုးဘေးပယောဂများ၏ စကားကိုနားမယောင်ဘဲ မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးကို အမြင်ကျယ်ကျယ်ဖြင့် ရှုမြင်တတ်ရန်လိုပြီး ယခုဆောင်ရွက်ပြီးစီးသွားသည့်လမ်းများကို တန်ဖိုးထားဝိုင်းဝန်းထိန်းသိမ်းပေးကြစေလိုကြောင်း ပြောကြားခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ပြပွဲနှင့် ပြိုင်ပွဲအခမ်းအနား တက်ရောက်

မကွေး မတ် ၂၃

မကွေးတိုင်းဒေသကြီး မြန်မာ့သနပ်ခါးယဉ်ကျေးမှုဓလေ့ ပြပွဲနှင့် ပြိုင်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက မကွေးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြန်မာ့ရိုးရာယဉ်ကျေးမှု သနပ်ခါးဓလေ့ပွဲတော်ဖွင့်ပွဲ အခမ်းအနားမှခ်ဦးကို မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်၊ အနောက်ပိုင်း လေတပ်ကွပ်ကဲမှုဌာနချုပ် ကွပ်ကဲရေးမှူး ဗိုလ်ချုပ်သိန်းထွန်းဦး၊ တိုင်းဒေသကြီး တရားသူကြီးချုပ် ဒေါ်မိမိမော်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးမိုးမင်းသိန်းနှင့် လူမှုရေးရာဝန်ကြီး ဦးမျိုးမြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။



ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖွင့်ပွဲအခမ်းအနားတွင် ဖျော်ဖြေပေးခဲ့သော ဘင်ခရာနှင့် ပန်းဖွားအဖွဲ့များအား ဂုဏ်ပြုဆုငွေများ ပေးအပ်ခဲ့ပြီး အညာဓလေ့ သနပ်ခါးယဉ်ကျေးမှုပြပွဲတွင် ပြခန်းများအလိုက် ခင်းကျင်းပြသထားရှိမှုများ၊ မြန်မာ့သနပ်ခါးယဉ်ကျေးမှု ဓလေ့ပြိုင်ပွဲ၌ အမျိုးသမီးငယ်များမှ သနပ်ခါးလိမ်းခြယ်ပြိုင်ပွဲ ယှဉ်ပြိုင်ရန် သတ်မှတ်ထားသော အခန်းများတွင် သနပ်ခါးလိမ်းခြယ်နေမှုများနှင့် မြန်မာ့ရိုးရာသနပ်ခါးယဉ်ကျေးမှုဓလေ့ကို UNESCO ၏ လူသားမျိုးနွယ်ကိုယ်စားပြု ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် စာရင်းသွင်းနိုင်ရေး QR Code အား Scan ဖတ်ပြီး ဆန္ဒပြုနေမှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် အညာဓလေ့သနပ်ခါးယဉ်ကျေးမှုပွဲတော် အခမ်းအနားကို ကျင်းပရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဖျော်ဖြေရေးအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုများနှင့် မြန်မာ့သနပ်ခါး အလှမယ်ပြိုင်ပွဲတွင် အမျိုးသမီးငယ်များ၏ ပါဝင်ယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

ထို့နောက် မြန်မာ့သနပ်ခါး ယဉ်ကျေးမှုဓလေ့ ခေါင်းစဉ်ဖြင့် ကျင်းပခဲ့သော အလွတ်တန်း ဆောင်းပါးပြိုင်ပွဲတွင် ဆုရရှိသူများ၊ မြန်မာ့သနပ်ခါး အလှမယ်ပြိုင်ပွဲများတွင် ဆုရရှိသူများနှင့် People Choice Award ပြိုင်ပွဲတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုငွေနှင့် ဂုဏ်ပြု မှတ်တမ်းလွှာများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# မြို့သစ်မြို့နယ်၌ မြန်မာ့သနပ်ခါးနေ့လှုပ်ရှားမှု သနပ်ခါးလိမ်းခြယ်ပွဲ ကျင်းပ

မြို့သစ် မတ် ၂၃

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် မြို့နယ်အမျိုးသမီးရေးရာအဖွဲ့၊ မြို့နယ်မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းတို့ ပူးပေါင်း၍ မြန်မာ့ရိုးရာသနပ်ခါးနေ့လှုပ်ရှားမှု သနပ်ခါးလိမ်းခြယ်ပွဲကို မတ် ၂၁ ရက် မွန်းလွဲပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

အဆိုပါ မြန်မာ့ရိုးရာသနပ်ခါးယဉ်ကျေးမှု သနပ်ခါးလိမ်းခြယ်ပွဲတွင် မြို့နယ်အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဥက္ကဋ္ဌ ဒေါ်တင်မျိုးသူက မြန်မာ့ရိုးရာသနပ်ခါးလိမ်းခြယ်မှုနှင့် ပတ်သက်၍ အသိပညာပေးဟောပြောခဲ့ပြီး တက်ရောက်လာသည့် ကျောင်းသားကျောင်းသူများအား သနပ်ခါးလိမ်းခြယ်ပေးခြင်း၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်သနပ်ခါးလိမ်းခြယ်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဝင်းအိဇွန်(ပြန်/ဆက်)**




**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းကြောင့် ထိခိုက်နိုင်မှုများ

တောင်ယာခုတ်ထွင်မီးရှို့ခြင်း၊ ရိုးပြတ်များမီးရှို့ခြင်းနှင့် တောမီးရှို့ခြင်းတို့ကြောင့် အောက်ပါအချက်များ ဖြစ်ပေါ်နိုင်ပါသည်-

(က) မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်းနှင့် ကျန်းမာရေးထိခိုက်နိုင်ခြင်း။

( ခ ) ကမ္ဘာကြီးပူနွေးလာခြင်းနှင့် ရာသီဥတုပြောင်းလဲမှု ဖြစ်ပေါ်ခြင်း။

(ဂ) မြေဆီသြဇာခန်းခြောက်ခြင်းနှင့် သီးနှံများ အထွက်နှုန်းလျော့နည်းခြင်း။

(ဃ) သစ်တောထွက်ပစ္စည်းများ ဆုံးရှုံးခြင်းနှင့် လူနေမှုဘဝကို ထိခိုက်စေနိုင်ခြင်း။

## တောမီးလောင်မှုမရှိစေရေး သတိပြုရန်

တောမီးလောင်ကျွမ်းမှုကြောင့် သစ်တောသယံဇာတအရင်းအမြစ်များ ဆုံးရှုံးခြင်း၊ မီးခိုးမြူငွေ့ကြောင့် လေထုညစ်ညမ်းခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ဆုံးရှုံးခြင်းတို့ကို ဖြစ်ပေါ်စေပါသည်။ တောမီးလောင်မှုမရှိစေရေးအတွက် အောက်ပါတို့ကို လိုက်နာရန်-

(က) တောထဲတွင် မီးမွေးခြင်း၊ ချက်ပြုတ်ခြင်း၊ မီးရှို့ခြင်း မပြုလုပ်ရန်။

( ခ ) တောမီးရှို့၍ အမဲလိုက်ခြင်း လုံးဝမပြုလုပ်ရန်။

( ဂ ) ဆေးလိပ်မီးအကြွင်းအကျန်များကို စည်းကမ်းမဲ့ စွန့်ပစ်ခြင်းမပြုလုပ်ရန်။

(ဃ) အိမ်သုံးစွန့်ပစ်အမှိုက်များကို သတ်မှတ်နေရာတွင် စွန့်ပစ်ရန်။

( င ) တောမီးလောင်ကျွမ်းမှုတွေ့ရှိရပါက သက်ဆိုင်ရာသို့ အမြန်ဆုံးသတင်းပို့ရန်။




## ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## အလန်းဇယားခေတ်မှာ ရဟန်းတစ်ပါးဖြစ်နေတာက ဆန်းသည်



စာသင်ပျို (မြိုင်) ရေးသားသည့် အလန်းဇယားခေတ်မှာ ရဟန်းတစ်ပါးဖြစ်နေတာက ဆန်းသည် ကဗျာစာအုပ်ထွက်ရှိလာသည်။

အဆိုပါစာအုပ်တွင် ကဗျာ ၆၄ ပုဒ်နှင့် ဝတ္ထုပုံသဏ္ဌာန်စာမူ နှစ်ပုဒ်ပါရှိသည်။

ပျော်စရာများ ရှာဖို့လွယ်သည့်ခေတ်၊ အလိုရှိရာ ဖန်တီးနိုင်သည့်ခေတ်၊ ပျက်စီးရာပျက်စီးကြောင်းများ လက်တစ်ကမ်းအလိုတွင် စောင့်ကြိုနေသည့်ခေတ်၊ ရုပ်ဝတ္ထုနှင့် နည်းပညာများ တိုးတက်လာသလောက် ကိုယ်ကျင့်တရားနှင့်ဖြဟ္မစိုရ်တရားများ ဆုတ်ယုတ်လာသည့်ခေတ်တွင် သီလ၊ သမာဓိ၊ ပညာ၊ သိက္ခာဂုဏ်ဒြပ်ဖြင့် ရပ်တည်နိုင်အောင် ကြိုးစားရသည်ဆိုခြင်းမှာ သာမန်လူသားများထက် ပုထုဇဉ်စာသင်သား ရဟန်းသံဃာများမှာ ပို၍ခက်ခဲသည်။

လောဘ၊ ဒေါသ၊ မောဟ၊ သက္ကာယ၊ မာန်မာနများလျှော့နည်းစေရန်၊ မေတ္တာ၊ စေတနာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာတရားများ ပိုမိုပွားများစေရန်၊ သာသနာတော်နှင့် ဗုဒ္ဓတရားတော်၏ အနှစ်သာရများကို သိမြင်ပြီး သီလ၊ သမာဓိ၊ ပညာတို့ ကျင့်ကြံပွားများနိုင်စေရန် မိမိဘဝအောင်မြင်အောင် ဇွဲ၊ လုံ့လ၊ ဝီရိယဖြင့် ကြိုးစားတည်ဆောက်ရန် ရည်ရွယ်ချက်ကောင်းများဖြင့် စာသင်ပျို (မြိုင်)က စာသင်သားဘဝ သူ့ဝန်းကျင်၊ သူ့ဘဝ၊ သူ့အတွေးအမြင်၊ သူ့ခေတ်မြင်ကွင်းများကို ရေးဖွဲ့ထားသည်။

စာအုပ်ကို ရှင်မတောင်စာပေ ဖုန်း ၀၉ ၇၇၇၁၃၉၄၇၇၊ ၀၉ ၇၆၀၄၆၈၁၃၈၊ အမှတ် ၂၁၉၊ လမ်း (၄၀) လယ်၊ ကျောက်တံတားမြို့နယ် ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၅၀၀၀ ဖြင့် ဖြန့်ချိသည်။

## မြရိပ်တမာ မဂ္ဂဇင်း အမှတ် (၁)




တောင်သာသားများ၏ကြိုးစားအားထုတ်မှုဖြင့် မြရိပ်တမာမဂ္ဂဇင်း အမှတ် (၁) ထွက်ရှိလာသည်။

မဂ္ဂဇင်း၏ နာယကမှာ ဇာနည်၊ အယ်ဒီတာချုပ် တက္ကသိုလ်တေဇာလင်း၊ တာဝန်ခံအယ်ဒီတာ ရွှေသင်နိုင် (ပခုက္ကူ)ဖြစ်သည်။

အဆိုပါမဂ္ဂဇင်းတွင် ကဗျာ၊ သူတို့ဘဝ သူတို့စာ၊ ဆောင်းပါး၊ အတ္ထုပ္ပတ္တိ၊ စာပေသုတေသန၊ ဒေသန္တရ၊ ရုပ်ဓလေ့ ရွာဓလေ့နှင့် ဝတ္ထုတိုများ ပါဝင်သည်။

မြရိပ်တမာမဂ္ဂဇင်းသည် တောင်သာသူ တောင်သာသားများ အနုပညာအလှပန်းများ ဖန်တီးပန်ဆင်နိုင်ရန် ဦးစွာ ဖော်ဆောင်ကြခြင်းဖြစ်သည်။ ဆက်လက်၍ တဖြည်းဖြည်းတိုးချဲ့ကာ ကျယ်ပြန့်သောအမြင်၊ နက်ရှိုင်းသောခံစားမှု၊ စူးရှဖောက်ထွင်းသောအသိပညာများဖြင့် အဆင့်မြင့်မြင့် ကျယ်ကျယ်ပြန့်ပြန့် စွမ်းဆောင်သွားကြမည်ဖြစ်ပြီး ကမ္ဘာလောကကြီးနှင့် လူသားအားလုံး အလှကိုယ်စီပန်ဆင်နိုင်ကြပြီး ငြိမ်းချမ်းပျော်ရွှင်သော လူ့ဘောင်သစ်ကို တည်ဆောက်နိုင်ကြသောစွမ်းအားများပေးချင်သည်။ တာဝန်ကိုယ်စီထမ်း၍ တာဝန်ကျေပွန်သော လူသားကောင်းများ ဖြစ်ကြစေချင်သည်ဟုဆိုသည်။

မြရိပ်တမာ မဂ္ဂဇင်းစီစဉ်သူများက အတိတ်ဖြစ်ရပ်များကို ဖော်ဆောင်၍ ပစ္စုပ္ပန်မှာ အလှတရားများ ဝေစည်အောင် စွမ်းဆောင်နိုင်ကြပြီး အနာဂတ်အလှကောင်းများ ဖန်တီးနိုင်ကာ သမိုင်းကောင်းအမွေများ လက်ဆင့်ကမ်းဖန်တီးသယ်ဆောင်နိုင်ကြစေရန် ရည်ရွယ်သည်။

စာအုပ်ကို ရှင်မတောင်စာပေ အမှတ် ၂၈ (က)၊ ၁/အနော်မာ ၃ လမ်း (အနောက်)၊ သာကေတမြို့နယ် ရန်ကုန်မြို့မှ ထုတ်ဝေပြီး တန်ဖိုးငွေကျပ် ၆၀၀၀ သတ်မှတ်ထားသည်။

ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

### ခရမ်းလွန်ရောင်ခြည်အန္တရာယ်

ခရမ်းလွန်ရောင်ခြည်အညွှန်းကိန်း မြင့်မားစွာရှိနေသည့်အချိန်များတွင် ခရမ်းလွန်ရောင်ခြည်နှင့်ထိတွေ့မှုကြောင့်နေလောင်ခြင်း၊ အသားအရောင်ညိုမဲလာခြင်းတို့ကိုဖြစ်စေနိုင်ပြီး ထိတွေ့မှုကာလကြာလာသောအခါ မျက်စိတိမ်စွဲခြင်း၊ အရေပြားများအရွယ်မတိုင်မီအိုမင်းရင့်ရော်ခြင်း၊ ခုခံအားကျဆင်းလာခြင်း၊ အရေပြားကင်ဆာဖြစ်ခြင်း စသည့်ဆိုးကျိုးများကို ဖြစ်ပေါ်စေနိုင်ပါသည်။

**ကာကွယ်နိုင်မည့်နည်းလမ်းများ**

၁။ ခရမ်းလွန်ရောင်ခြည်မြင့်မားစွာကျရောက်နိုင်သည့် နံနက်(၁၀)နာရီမှညနေ(၄)နာရီအတွင်းတွင် နေရောင်ခြည်နှင့်တိုက်ရိုက်ထိတွေ့ခြင်းကို တတ်နိုင်သမျှရှောင်ကြဉ်ပါ။

၂။ အပြင်ထွက်ပါက မိမိအသားကိုနေရောင်ခြည်နှင့် တိုက်ရိုက်မထိတွေ့မိစေရန် မျက်နှာ၊ လည်ပင်းနှင့်ပခုံးတို့ကိုပါ လုံခြုံသော ထီး၊ ဦးထုပ်စသည်တို့ကို ဆောင်းသွားပါ။ ခရမ်းလွန်ရောင်ခြည် အလွယ်တကူမဖောက်နိုင်သော ချည်သားထူထူပွပွအဝတ်အထည်များကို ဝတ်ဆင်ပါ။ ခရမ်းလွန်ရောင်ခြည်သည် မျက်စိကိုလည်းထိခိုက်စေနိုင်သဖြင့် ခရမ်းလွန်ရောင်ခြည်ကို (၉၉)%အထိ အကာအကွယ်ပေးနိုင်သည့် နေကာမျက်မှန်ကိုတပ်ဆင်ပါ။

၃။ အဝတ်ကင်းလွတ်နေသောလက်၊လည်ပင်းနှင့်ပခုံးစသည့်နေရာများကို သနပ်ခါးထူထူ(သို့မဟုတ်)SPF ၁၅+ ပါဝင်သောနေရောင်ခံလိမ်းဆေးကို နေရောင်ခြည်ထဲမထွက်မီ (၁၅)မိနစ်ခန့်ကြိုလိမ်းပါ။ နေရောင်ခံလိမ်းဆေး တစ်ခါလိမ်းပြီး (၂)နာရီကြာပြီးတိုင်း တစ်ခါထပ်၍ လိမ်းပေးပါ။

၄။ ကလေးငယ်များနှင့်သက်ကြီး ဘိုးဘွားများသည် ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကို ပိုမိုခံစားရနိုင်သဖြင့် အထူးဂရုပြုဆင်ခြင်ရန် လိုအပ်ပါသည်။ အသက်တစ်နှစ်အောက်ကလေးငယ်များကို နေပူထဲသို့ခေါ်ဆောင်ခြင်း မပြုပါနှင့်၊ ကလေးများကို အရိပ်ထဲတွင်သာ ကစားစေပါ။




မတ်လ၊ ၂၀၂၅ခုနှစ်

### အပူဒဏ်အန္တရာယ်ကာကွယ်ရေးနှိုးဆော်ချက်

နွေရာသီတွင် ရာသီဥတုပူပြင်းလာပြီဖြစ်သဖြင့် ခန္ဓာကိုယ်အတွင်းရှိ ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှု ပိုမိုများပြားပါသည်။ အပူဒဏ်အန္တရာယ်ကြောင့် မိတ်နှင့်ယားဖုများထွက်ခြင်း၊ ပင်ပန်းနွမ်းနယ်ခြင်း၊ မူးဝေခြင်း၊ ခေါင်းကိုက်ခြင်း၊ ကြွက်တက်ခြင်း၊ ချွေးခြောက်ခြင်း၊ ကိုယ်အပူချိန်မြင့်တက်ခြင်း၊ သတိလစ်ခြင်းတို့ အပြင် ပြင်းထန်စွာခံစားရပါက အသက်အန္တရာယ်ထိခိုက်နိုင်ပါသည်။

ပြည်သူများအနေဖြင့် အပူဒဏ်အန္တရာယ်ကြောင့် မလိုလားအပ်သော အကျိုးဆက်များ မဖြစ်ပေါ်စေရေးအတွက် အောက်ဖော်ပြပါအချက်များကို လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

(၁) ကလေးသူငယ်များ၊ သက်ကြီးရွယ်အိုများနှင့် ဆီးချိုရောဂါ၊ နှလုံးရောဂါ၊ သွေးတိုးရောဂါ အခံရှိသူများ အနေဖြင့် နေ့လယ်နေ့ခင်းအချိန်တွင် အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာများတွင် နားနေပါ၊

(၂) ပူပြင်းသည့်နေရောင်အောက်တွင် ပြင်းထန်စွာအလုပ်လုပ်ခြင်းနှင့် ကိုယ်လက်လှုပ်ရှားမှု ပြုလုပ်ခြင်းတို့ကို ရှောင်ကြဉ်ပါ၊

(၃) ပူပြင်းသည့်နေရောင်အောက်တွင် သွားလာလှုပ်ရှားရန်၊ အလုပ်လုပ်ရန် လိုအပ်ပါကလည်း အရိပ်လုံလောက်စွာရနိုင်သည့် ထီး၊ ဦးထုပ်များဆောင်းသွားပါ၊ အရိပ်ရအေးမြသည့် နေရာများတွင် ခေတ္တအနားယူခြင်းကိုလည်း မကြာခဏပြုလုပ်ပါ၊

(၄) အလင်းပြန်သောအဖြူရောင် (သို့မဟုတ်) အရောင်ဖျော့သောပွပွချောင်ချောင် ချည်ထည်များကို ဝတ်ဆင်ပါ၊

(၅) နေပူထဲမှပြန်လာပြီး ချက်ချင်းရေချိုးခြင်းနှင့် နံနက် (၁၀) နာရီမှ ညနေ (၅) နာရီအထိ လွင်တီးခေါင်ပြင်၊ မြစ်ကမ်းနား၊ ရေချိုးဆိပ်များ၌ အဝတ်လျှော်ဖွပ်ခြင်း၊ ရေချိုးခြင်းစသည်တို့ကို ရှောင်ကြဉ်ပါ၊

(၆) ပူပြင်းသောနေရောင်အောက်တွင် အလွန်အေးသောအခန်းနှင့်ကားအတွင်းမှ ပူပြင်းသော နေရောင်ထဲသို့ ချက်ချင်းထွက်ခြင်းနှင့် အလွန်အေးသော အခန်းနှင့်ကားအတွင်းသို့ ချက်ချင်းဝင်ရောက်ခြင်း တို့ကို ရှောင်ကြဉ်ပါ။

(၇) အရက်သေစာသောက်သုံးခြင်းကြောင့် အပူဒဏ်အန္တရာယ်ကို ပိုမိုခံစားရစေနိုင်ပြီး ဖြစ်ပွားပါက ပိုမိုပြင်းထန်စွာ ခံစားရနိုင်သဖြင့် ရှောင်ကြဉ်ပါ၊

(၈) ခန္ဓာကိုယ်အတွင်း ရေနှင့်ဓာတ်ဆားဓာတ်များ ဆုံးရှုံးမှုမဖြစ်ပေါ်စေရန် ရေနှင့်ဓာတ်ဆားရည်ကို လုံလောက်အောင် သောက်သုံးပါ၊

(၉) မိတ်နှင့် ယားဖုများ ထွက်ပါက ရေအေးဝတ်ကပ်ခြင်း၊ သနပ်ခါးလိမ်းခြင်းတို့ကို ပြုလုပ်ပါ၊

(၁၀) အပူဒဏ်အန္တရာယ်ခံစားရသောလူနာအား အရိပ်ရအေးမြ၍ လေဝင်လေထွက်ကောင်းသော နေရာတွင်ထားရှိခြင်း၊ ရေနှင့်ဓာတ်ဆားရည်များ သောက်သုံးစေခြင်း၊ လူနာ၏ခန္ဓာကိုယ်အပူချိန် အမြန်ကျဆင်းစေရန် နဖူး၊လည်ပင်း၊ချိုင်းကြား(၂)ဖက်နှင့် ပေါင်ခြံ(၂)ဖက်တို့အား ရေအေးပတ်တိုက်ပေးခြင်းစသည်တို့အား ဦးစွာဆောင်ရွက်၍ နီးစပ်ရာဆေးရုံ/ ဆေးခန်း/ ကျန်းမာရေးဌာနသို့ အမြန်ဆုံးသွားရောက်ပြသ၍ ကုသမှုခံယူစေပါ။

ကျန်းမာရေးဝန်ကြီးဌာန
(မတ်လ၊ ၂၀၂၅)

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာမှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်စေရန်အတွက် Basic English Grammar & Writing ရေးသားနည်းပုံစံများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

## Grade 9

ဒီတစ်ပတ်မှာ Grade 9 ကျောင်းသား ကျောင်းသူများအတွက် ပြဋ္ဌာန်းစာအုပ်တွင် ဖော်ပြထားတဲ့ Grammar ရှင်းလင်းချက်နှင့် Writing ရေးသားနည်းပုံစံများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

Unit 1

Lesson 3 : Be my guest!

Grammar

- Would you mind + Ving...? (ယဉ်ကျေးစွာဖြင့်ပန်ကြား)
- Do you mind + (not) Ving ....? (ယဉ်ကျေးစွာဖြင့်ပန်ကြား)
- Would you mind if Subject V2 ...? (ယဉ်ကျေးစွာဖြင့် ခွင့်ပြုချက်တောင်းခံ)
- Do you mind if Subject V1 ...? (ယဉ်ကျေးစွာဖြင့်ခွင့်ပြုချက်တောင်းခံ)

အောက်ပါဥပမာများကို လေ့လာပါ။

- (ယဉ်ကျေးစွာဖြင့် ပန်ကြား)

e.g. close the window

(1) Would you mind closing the window?

(ပြူတင်းပေါက်လေး ပိတ်ပေးနိုင်မလား။)

(2) Do you mind closing the window?

e.g. help me carry these bags

Would you mind helping me carry these bags?

(ဒီအိတ်တွေ ကူသယ်ပေးနိုင်မလား။)

(2) Do you mind helping me carry these bags?

e.g. turn down the music

(1) Would you mind turning down the music? (သီချင်းသံတိုးပေးနိုင်မလား။)

(2) Do you mind turning down the music?

* (ယဉ်ကျေးစွာဖြင့် ခွင့်ပြုချက်တောင်းခံ)

e.g. me borrow your pen

(1) <u>Would</u> you mind if I <u>borrowed</u> your pen?

(2) <u>Do</u> you mind if I <u>borrow</u> your pen?

e.g. sit here

(1) <u>Would</u> you mind If I <u>sat</u> here?

(2) <u>Do</u> you mind If I <u>sit</u> here?

**(A) Make polite requests using <u>"Would you mind/ Do you mind ...?"</u>**

1. bring a glass of water
   Would ______________? Do ____________________?
2. Turn on the TV
   Would ______________? Do ____________________?
3. return the books to the library
   Would ______________? Do ____________________?
4. Change that ringtone
   Would ______________? Do ____________________?
5. Give me a hand solving the Maths questions
   Would ______________? Do ____________________?

**(B) Rewrite the following sentences using <u>'Would you mind if .../ Do you mind if ...?'</u>**

1. Can I sit here?
   Would ______________? Do ____________________?
2. May I have a look at your book?
   Would ______________? Do ____________________?
3. Can I switch off the lights?
   Would ______________? Do ____________________?
4. Can I play with your pets?
   Would ______________? Do ____________________?
5. May I use your phone for a while?
   Would ______________? Do ____________________?

**(C) Study the following common responses to the expressions on making requests and asking for permission. Then give the correct responses to the following expressions.**

- Not at all. I'll ...
- Of course not. I'll ...
- No problem. I'll ...
- Sure, go ahead.
- I don't mind.
- Go ahead. Feel free to ...

**e.g. Would you mind closing the window?**
**Not at all. I'll close the window.**

(1) Do you mind lending me your pen?

________________________________________

(2) Would you mind turning down the volume?

________________________________________

(3) Would you mind if I used your phone to make a call?

________________________________________

(4) Would you mind if we changed the meeting time to 6 p.m. today?

________________________________________

(5) Would you mind if I borrowed your umbrella?

________________________________________

**(D) Rewrite the sentences according to the instruction given in brackets.**

e.g. May I have a ride on your bike for a while? (Rewrite using Would you mind/ Do you mind?)

**Would you mind** if I **<u>had</u>** a ride on your bike for a while?

**Do you mind** if I **<u>have</u>** a ride on your bike for a while?

1. Can I open the window? (Rewrite using Would you mind/ Do you mind?)
   ________________________________________?
2. Could I borrow your pen for a moment? (Rewrite using Would you mind/ Do you mind?)
   ________________________________________?
3. Is it okay if I sit here? (Rewrite using Would you mind/ Do you mind?)
   ________________________________________?
4. Can I use your computer briefly? (Rewrite using Would you mind/ Do you mind?)
   ________________________________________?
5. May I ask you a question? (Rewrite using Would you mind/ Do you mind?)
   ________________________________________?
6. Could you pass me the salt? (Rewrite using Would you mind/ Do you mind?)
   ________________________________________?
7. Is it fine if I take a break now? (Rewrite using Would you mind/ Do you mind?)
   ________________________________________?
8. Can I have a moment of your time? (Rewrite using Would you mind/ Do you mind?)
   ________________________________________?
9. Is it acceptable if I turn off the lights? (Rewrite using Would you mind/ Do you mind?)
   ________________________________________?
10. Could I get your opinion on this matter? (Rewrite using Would you mind/ Do you mind?)
    ________________________________________?

***************************

---

## Grade 10

ဒီတစ်ပတ်မှာ Grade 10 ကျောင်းသား ကျောင်းသူများအတွက် ပြဋ္ဌာန်းစာအုပ်တွင်ဖော်ပြထားတဲ့ Grammar ရှင်းလင်းချက်နှင့် Writing ရေးသားနည်းပုံစံများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

### <u>Grammar</u>

### Nouns in Apposition

ဝါကျနှစ်ကြောင်းအနက် Verb to be ပါသော ဝါကျကို "ဖြုတ်ဆက်ဝါကျ"၊ Verb to be မပါသောဝါကျကို "မူတည်ဝါကျ" ဟု သတ်မှတ်ပါ။ ဖြုတ်ဆက်ဝါကျကို Verb to be ရောက်တဲ့အထိ ဖြုတ်ပါ။ ထိုအခါ ဂုဏ်ပုဒ်ကျန်မည်။ ယင်းဂုဏ်ပုဒ်ကို မူတည်ဝါကျ၏ သက်ဆိုင်သည့် နာမ်အနားတွင် ကော်မာ(,)ခံပြီးရေးပါ။

e.g. U Ba <u>is</u> a teacher. (ဖြုတ်ဆက်)

He <u>goes</u> to school. (မူတည်)

U Ba, a teacher, goes to school. (အထူးပြုမည့်နာမ်သည် ဝါကျအရှေ့တွင် ရှိပါက ကော်မာ (,) နှစ်ခုခံရေးပါ။)

e.g. Most of Myanmar people <u>like</u> mango. (မူတည်)

It <u>is</u> a tropical fruit. (ဖြုတ်ဆက်)

Most of Myanmar people like mango, a tropical fruit. (အထူးပြုမည့်နာမ်သည် ဝါကျ၏ နောက်ဆုံးတွင် ရှိပါက ကော်မာ (,) တစ်ခုသာခံရေးပါ။)

မှတ်သားရန် (၁)

လူတစ်ယောက် ဂုဏ်ပုဒ်နှစ်ခုဖြစ်နေလျှင် ဂုဏ်ပုဒ်နှစ်ခုကို "and" ဖြင့် ဆက်ပါ။ and ၏အနောက်တွင် "a/an/the" မထည့်ရပါ။

e.g. Sai Sai is <u>a singer</u>. He is also <u>a writer</u>. He appears in this film.

Sai Sai, <u>a singer and writer</u>, appears in this film.

မှတ်သားရန် (၂)

လူက နှစ်ယောက် ဂုဏ်ပုဒ်နှစ်ခုဖြစ်နေလျှင် ဂုဏ်ပုဒ်နှစ်ခုကို "and" ဖြင့်ဆက်ပါ။ and ၏အနောက်တွင် "a/an/the" ပြန်ထည့်ရေးရသည်။

e.g. Ko Gyi is a university student. Nyi Lay is a G 10 student. They play football together.

ပုံစံ (၁) Ko Gyi, **a university student and Nyi Lay, a G 10 student,** play football together.

ပုံစံ (၂) Ko Gyi <u>and</u> Nyi Lay, a university student <u>and</u> a G 10 student, play football together. (လူနှစ်ယောက်၊ ဂုဏ်ပုဒ်နှစ်ခုကို and ဖြင့် ဆက်ရေးလည်းရသည်။)

မှတ်သားရန် (၃)

ဝါကျနှစ်ကြောင်းစလုံးတွင် Verb to be ပါနေလျှင် Verb to be နှင့် Noun တွဲရေးထားသည့် ဝါကျကိုသာ ဖြုတ်ဆက်ဝါကျဟု သတ်မှတ်ပါ။

(ဥပမာ- a / an / the noun ပုံစံ)

e.g. Yadanar <u>is</u> a model. She <u>is singing</u> a song.

Yadanar, <u>a model</u>, is singing a song.

**(A) Rewrite the sentence, using "nouns in apposition".**

1. I want to meet Zaw Zaw. He is the managing director of the company.
2. Thailand is situated on the gulf of Siam. Thailand is a neighbouring country of Myanmar, Laos, Cambodia and Malaysia.
3. Ma Ma was punished by her father. She is my best friend.
4. I met Nay Chi Phu and Zar Chi Phu on the bus this morning. Nay Chi Phu is a salesperson. Zar Chi Phu is a government staff.
5. My brother introduced me to Hla Hla and Mya Mya. Hla Hla is a Grade 10 student. Mya Mya is a Grade 11 student.
6. We saw U Aung off at the airport. He is our uncle's friend.
7. Hla Thuza is very beautiful. She is one of the most popular girls in our school.
8. Daw Lay is religious. She is a strict vegetarian.
9. Have you ever been to Bagan? It is an ancient city of Myanmar Kings.
10. Are you interested in Chinese Language? It is one of the most difficult languages to learn.
11. We all like Daw Mu Mu . She is a good teacher.
12. Mya Thuzar is very beautiful . She is the most popular girl in our class.
13. Daw Mya Mya is our class teacher .She is very patient with her students.
14. Daw Khin Khin is very patient with her customers . Daw Khin Khin is a shopkeeper.
15. Shwe Wah loves friend fish . Shwe Wah is my cat.
16. Singapore is one of the most developed countries in South East Asia . Most people like to work in Singapore.
17. Pyin Oo Lwin is famous for flowers. It is a pleasant town.
18. Bagan is an ancient city . We will visit Bagan this summer.
19. Ngapali is an attractive beach. Most people like to visit there.
20. Inlay Lake is visited by most tourists. It is one of the tourist attractions in Myanmar.

***************************

စာမျက်နှာ ၂၂ သို့ ☆

✰ စာမျက်နှာ ၂၀ မှ

## Grade 11

ဒီတစ်ပတ်မှာ Grade 11 ကျောင်းသား ကျောင်းသူများအတွက် ပြဋ္ဌာန်းစာအုပ်တွင်ဖော်ပြထားတဲ့ Grammar ရှင်းလင်းချက်နှင့် Writing ရေးသားနည်းပုံစံများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

**Grammar**

**Both ….and (နှစ်ခုစလုံး)**

- ဝါကျနှစ်ကြောင်းတွင် မတူညီသောပုဒ်များကို both…and ဖြင့်ဆက်ပါ။
- Subject များကို both…and ဖြင့် ဆက်ပါက Verb (ကြိယာ)ကို အများကိန်းပုံစံပြောင်းရေးပါ။
- သက်ဆိုင်ရာ Noun (နာမ်)တို့ကိုလည်း အများကိန်းပုံစံပြောင်းရေးပါ။ မလိုအပ်ပါက မပြောင်းရပါ။

e.g. U Ba is a doctor. U Mya is a doctor.
Both U Ba and U Mya are <u>doctors</u>.

e.g. Ko Lay drives a car. Nyi Lay drives a car.
Both Ko Lay and Nyi Lay drive (two) <u>cars</u>.

e.g. Ma Ma studies her lessons. Ko Ko studies his lessons.
Both Ma Ma and Ko Ko study <u>their</u> lessons.

**Join the sentences, using " both......and"**

1. Chaungtha is a beautiful beach. Ngwesaung is a beautiful beach.
2. Myanmar is an agro-based country. Vietnam is an agro-based country.
3. I did my best in the exam and so did my brother.
4. Chemistry is an interesting subject. Physics is also an interesting subject.
5. I like chocolate ice cream. I like vanilla ice cream.
6. I find Chemistry difficult and so does my brother.
7. He has good table manners. His sister has good table manners.
8. Ni Ni is a dutiful daughter, and so is Win Win.
9. Ko Ko does his homework and so does Nyi Nyi.
10. The computer makes our life convenient. The telephone also makes our life convenient.
11. Not only Zaw Zaw but also Moe Moe attends her classes regularly.
12. I want to visit Bagan. I also want to visit Taunggyi.
13. Not only Khin Khin but also her sister is a doctor.
14. Zaw Lay has a laptop and so has Maw Lay.
15. Maung Gyi has a new watch. Zaw Gyi has a new watch.
16. Yi Mon Aung knows how to cook this curry and so does Nwe Ni Lin.
17. Lin Lin has gone to school and so has Min Min.
18. Teacher as well as the students was tired for doing the classroom activities.
19. Wai Mar is proud of her beauty and so is her sister.
20. Mother is sociable and so is father.

(မှတ်ချက်။ အငြင်းဝါကျများဆိုလျှင် Both…and ဖြင့်ဆက်လို့မရပါ။ Neither … nor ဖြင့် ဆက်ရသည်။)

**Answers**

**Both… and**

1.Both Chaungtha and Ngwesaung are beautiful beaches. 2. Both Myanmar and Vietnam are agro-based countries. 3. Both my brother and I did our best in the exam. 4. Both Chemistry and Physics are interesting subjects. 5. I like both chocolate ice cream and vanilla ice cream. 6. Both my brother and I find Chemistry difficult. 7. Both he and his sister have good table manners. 8. Both Ni Ni and Win Win are dutiful daughters. 9. Both Ko Ko and Nyi Nyi do their homework. 10. Both the computer and the telephone make our life convenient.11. Both Zaw Zaw and Moe Moe attend their classes regularly. 12. I want to visit both Bagan and Taunggyi. 13. Both Khin Khin and her sister are doctors. 14. Bothe Zaw Lay and Maw Lay have laptops. 15. Both Maung Gyi and Zaw Gyi have new watches. 16. Both Yi Mon Aung and Nwe Ni Lin know how to cook this curry. 17. Both Lin Lin and Min Min have gone to school. 18. Both teacher and the students were tired for doing the classroom activities. 19. Both Wai Mar and her sister are proud of their beauty. 20. Both mother and father are sociable.

## Grade 12

ဒီတစ်ပတ်မှာ Grade 12 ကျောင်းသား ကျောင်းသူများအတွက် ပြဋ္ဌာန်းစာအုပ်တွင်ဖော်ပြထားတဲ့ Grammar ရှင်းလင်းချက်နှင့် Writing ရေးသားနည်းပုံစံများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

**Unit 1 GOOD MANNERS**

**Modal auxiliaries: can, should, must**

**must**

1. **မလုပ်မဖြစ်လိုအပ်မှု (ပြောသူကသတ်မှတ်ပေး)**
2. **လက်ရှိတာဝန်ဝတ္တရား**
3. **လေးနက်စွာ အကြံပြုတိုက်တွန်း**
4. **တစ်စုံတစ်ရာမှာ ယုံကြည်ချက်**
5. **လုပ်ဖို့လိုအပ် (မလုပ်ရင် နောက်ဆက်တွဲဆိုးကျိုးကျန်)**

**e.g. 1.** You <u>must arrive</u> two hours before your flight. လေယာဉ်မထွက်မီ နှစ်နာရီအလို မင်းရောက်ဖို့လိုတယ်။ **(မလုပ်မဖြစ်လိုအပ်မှု)**

**e.g. 2.** Students <u>must follow</u> the instructions of their teachers. ကျောင်းသားကျောင်းသူတွေ ဆရာဆရာမတွေရဲ့အမိန့်တွေကို လိုက်နာဖို့လိုတယ်။ **(လက်ရှိတာဝန်ဝတ္တရား)**

**e.g. 3.** You <u>must study</u> hard to pass the examination. စာမေးပွဲအောင်ဖို့ စာကြိုးစားရမယ်။ **(လေးလေးနက်နက်အကြံပေးတိုက်တွန်းခြင်း)**

**e.g. 4.** All things <u>must come</u> to an end someday. အရာအားလုံးဟာ တစ်နေ့တော့ အဆုံးသတ်ရမယ်။ **(တစ်စုံတစ်ခုမှာ ယုံကြည်ချက်)**

**e.g. 5.** You <u>must nourish</u> yourself emotionally as well as physically and mentally, or else you will get sick. စိတ်ပိုင်းဆိုင်ရာ ရုပ်ပိုင်းဆိုင်ရာပါ ကောင်းမွန်အောင်နေဖို့လိုတယ်။ ဒါမှမဟုတ်ရင် နေထိုင်မကောင်းဖြစ်လိမ့်မယ်။ **(လုပ်ဖို့လိုအပ် (မလုပ်ရင်နောက်ဆက်တွဲဆိုးကျိုးရှိ))**

**Have to (လုပ်ဖို့လိုအပ်)**

**အခြားသူတစ်ဦးကြောင့် (သို့) ပြင်ပအခြေအနေတစ်ရပ်ရပ်ကြောင့် လုပ်ဖို့လိုအပ်**

**e.g. 1.** I **have to submit** the report by Friday. (အခြားသူတစ်ဦးက သတ်မှတ်ထားသော လိုအပ်ချက်)

You <u>have to wear</u> a uniform at this school. (စည်းမျဉ်းအရ)

I <u>have to finish</u> this assignment by tomorrow because my boss needs it for a meeting. (အခြားသူတစ်ဦးက သတ်မှတ်ထားသောလိုအပ်ချက်)

They <u>have to evacuate</u> the area due to the severe weather warning issued by authorities. (ပြင်ပအခြေအနေတစ်ရပ်ရပ်)

**Mustn't (လုပ်ဖို့ခွင့်မပြု)**

e.g. 1. You <u>mustn't</u> speak loudly in the library. စာကြည့်တိုက်ထဲမှာ စကားကျယ်ကျယ် မပြောရဘူး။ **(လုပ်ဖို့ခွင့်မပြု)**

e.g. 2. You <u>mustn't</u> run when you cross the road. လမ်းဖြတ်ကူးတဲ့အခါ မပြေးရဘူး။ **(လုပ်ဖို့ခွင့်မပြု)**

e.g. 3. Students mustn't talk during the exam. စာမေးပွဲအတွင်း စကားမပြောရဘူး။ (လုပ်ဖို့ခွင့်မပြု)

**Don't have to (လုပ်လို့ရတယ် လုပ်ဖို့မလိုအပ်)**

e.g. 1. You <u>don't have to</u> wake up early tomorrow; it's a holiday. မနက်ဖြန် အိပ်ရာစောစောထဖို့မလိုဘူး။ မနက်ဖြန် အားလပ်ရက်။ (စောစောထချင်လည်း ထလို့ရတယ်။ ဒါပေမဲ့ စောစောထဖို့မလိုအပ်ဘူး။)

e.g. 2. We <u>don't have to</u> bring food; the organizers will provide it. ငါတို့ အစားအစာတွေ ယူလာစရာမလိုဘူး။ စီစဉ်ဆောင်ရွက်သူတွေက ကျွေးမှာ။ (အစားအစာတွေ သယ်လာဖို့မလိုဘူး။ သယ်လာချင်လည်းရတယ်။ ဒါပေမဲ့ ယူလာစရာမလိုဘူး။)

e.g. 3. She <u>doesn't have to</u> finish the report today if she's too busy. သူ အလုပ်တွေရှုပ်နေရင် ဒီနေ့ အစီရင်ခံစာကို အပြီးသတ်စရာမလိုဘူး။ (အပြီးသတ်ရင်လည်းရတယ်။ ဒါပေမဲ့ အဲဒီလိုလုပ်ဖို့ မလိုအပ်ဘူး။)

**Must Vs have to**

- **တာဝန်ဝတ္တရား (သို့) လိုအပ်ချက်ကို ပြောသူက သတ်မှတ်ရင် – must**
- **ပြင်ပအခြေအနေက သတ်မှတ်ပေးရင် – have to**

e.g. Thanks for everything. It was a great party. <u>I must go</u> now. I'm really tired.
Thanks for everything. It was a great party. I <u>have to go</u> now. My husband is waiting for me outside.

e.g. My back has been hurting for weeks. I <u>must</u> go to the doctor's.
My company said that if I want this promotion, I <u>have to</u> go to the doctor's for a thorough medical check-up first.

**Should Vs must**

- **သာမန်သဘောပြောတဲ့ တာဝန်ဝတ္တရား – should**
- **မဖြစ်မနေလုပ်ဆောင်ရမယ့် တာဝန်ဝတ္တရား – must**

e.g. You <u>should</u> focus more on your family and less on your work.
You <u>must</u> come to school on time.

**(A) Fill each blank with an appropriate modal verb: must, can or should.**

1. You __________ eat more vegetables for a balanced diet.
2. Students __________ listen carefully to the teacher in class.
3. We __________ arrive at the airport at least two hours before the flight.
4. She __________ study hard if she wants to pass the exam.
5. I __________ go to the doctor if I feel sick.
6. They __________ wear helmets when riding bikes.
7. You __________ turn off the lights before leaving the room.
8. He __________ speak Chinese fluently after taking classes for a year.
9. We __________ be quiet during the movie so as not to disturb others.
10. Children __________ ask for permission before using someone else's things.
11. You __________ be careful when crossing the street.
12. The guests __________ take their shoes off before entering the house.
13. She __________ finish her homework before going out to play.
14. We __________ try to recycle as much as possible to help the environment.
15. You __________ save money for emergencies instead of spending it all.

**Answers**

(A)1. should; 2. must; 3. must; 4. must; 5. should; 6. must; 7. should; 8. can; 9. should; 10. must; 11. should; 12. should; 13. must; 14. should; 15. should;

**အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉-၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။**

# ၂၀၂၅ ခုနှစ် မတ်လအတွင်း (၁-၃-၂၀၂၅ ရက်နေ့မှ ၁၅-၃-၂၀၂၅ ရက်နေ့အထိ) ဝန်းကျင်လေထုအရည်အသွေး လေ့လာဆန်းစစ်ခြင်းနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံတစ်ဝန်းရှိ ဝန်းကျင်လေထုအရည်အသွေးအခြေအနေအား လေ့လာဆန်းစစ်နိုင်ရန်အတွက် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနအနေဖြင့် ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များရှိ သတ်မှတ် Sampling Point နေရာများတွင် ဝန်းကျင်လေထု အရည်အသွေးကို Environmental Perimeter Air Station (EPAS) – Haz–Scanner၊ Air Quality Monitoring Station (AQM–65)၊ Scentroid (SL – 50 Scential)၊ Aeroqual (Series – 500 Portable Air Quality Monitor)၊ AQMesh (Dust Analyzer – 1941150)၊ (Gas Analyzer – 1940150)၊ Portable Beta Attenuation Mass Monitor (BAM 1022)၊ Air Quality Monitoring Station (AQMS) နှင့် Continuous Particulate Monitor များအသုံးပြု၍ Particulate Matter 2.5 ($PM_{2.5}$)၊ Particulate Matter 10 ($PM_{10}$)၊ Sulphur Dioxide ($SO_2$)၊ Nitrogen Dioxide ($NO_2$)၊ Ozone ($O_3$) နှင့် Carbon Monoxide (CO) စသည့် အဓိက Parameter များကို ပုံမှန်တိုင်းတာပြီး လေ့လာဆန်းစစ်လျက်ရှိပါသည်။

<table>
<tr><th rowspan="2">စဉ်</th><th rowspan="2" colspan="2">ပြည်ထောင်စုနယ်မြေ/ တိုင်းဒေသကြီး/ ပြည်နယ်များတွင် တိုင်းတာသည့်နေရာ</th><th colspan="6">တိုင်းတာသည့် Parameter များ</th></tr>
<tr><th>၂.၅ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>၁၀ မိုက်ခရွန် အရွယ်ရှိသော အမှုန်အမွှားများ</th><th>ဆာလဖာ ဒိုင် အောက်ဆိုဒ်</th><th>နိုက်ထရိုဂျင် ဒိုင် အောက်ဆိုဒ်</th><th>အိုဇုန်း</th><th>ကာဗွန် မိုနောက်ဆိုဒ်</th></tr>
<tr><td>၁</td><td colspan="8">နေပြည်တော်</td></tr>
<tr><td></td><td>၁</td><td>ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်</td><td colspan="2">လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၂</td><td colspan="8">ရန်ကုန်တိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး၊ ဒဂုံမြို့နယ်</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>International Business Center (IBC)၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>လက်ခံနိုင်သော</td><td colspan="3">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td><td>လက်ခံနိုင်သော</td></tr>
<tr><td>၃</td><td colspan="8">မန္တလေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>အမရပူရမြို့နယ်</td><td>ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>အောင်မြေသာစံမြို့နယ်</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၃</td><td>ပုသိမ်ကြီးမြို့နယ်</td><td>ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td></td><td>၄</td><td>ညောင်ဦးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၅</td><td>ကျောက်ဆည်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၆</td><td>ပြင်ဦးလွင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၇</td><td>မိတ္ထီလာမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၄</td><td colspan="8">စစ်ကိုင်းတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မုံရွာမြို့</td><td>ခံနိုင်ရည်နည်းပါးသူများသာ ထိခိုက်နိုင်</td><td>လက်ခံနိုင်သော</td><td colspan="4">ကောင်းမွန်</td></tr>
<tr><td>၅</td><td colspan="8">တနင်္သာရီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ထားဝယ်မြို့</td><td>–</td><td colspan="3">ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td>၆</td><td colspan="8">ပဲခူးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပဲခူးမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၇</td><td colspan="8">မကွေးတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>မကွေးမြို့</td><td colspan="2">ခံနိုင်ရည်နည်းပါးသူများ သာထိခိုက်နိုင်</td><td>–</td><td colspan="3">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>သရက်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
<tr><td>၈</td><td colspan="8">ဧရာဝတီတိုင်းဒေသကြီး</td></tr>
<tr><td></td><td>၁</td><td>ပုသိမ်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၉</td><td colspan="8">ကရင်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>ဘားအံမြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td></td><td>၂</td><td>မြဝတီမြို့</td><td>လက်ခံနိုင်သော</td><td>ကောင်းမွန်</td><td>ခံနိုင်ရည်နည်းပါးသူများသာ ထိခိုက်နိုင်</td><td>လက်ခံနိုင်သော</td><td colspan="2">ကောင်းမွန်</td></tr>
<tr><td>၁၀</td><td colspan="8">မွန်ပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>မော်လမြိုင်မြို့</td><td>လက်ခံနိုင်သော</td><td colspan="5">ကောင်းမွန်</td></tr>
<tr><td>၁၁</td><td colspan="8">ရှမ်းပြည်နယ်</td></tr>
<tr><td></td><td>၁</td><td>တောင်ကြီးမြို့</td><td>–</td><td>–</td><td colspan="2">ကောင်းမွန်</td><td>–</td><td>–</td></tr>
<tr><td></td><td>၂</td><td>တာချီလိတ်မြို့</td><td>ခံနိုင်ရည်နည်းပါးသူများသာ ထိခိုက်နိုင်</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td></td><td>၃</td><td>ကျိုင်းတုံမြို့</td><td>ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့်</td><td>–</td><td>–</td><td>–</td><td>–</td><td>–</td></tr>
<tr><td></td><td>၄</td><td>မိုင်းဆတ်မြို့</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td><td>–</td><td>ကောင်းမွန်</td></tr>
</table>

လေထုအရည်အသွေးညွှန်းကိန်း (Air Quality Index – AQI)

| | |
|---|---|
| 0–50 | လေထုအရည်အသွေးကောင်းမွန်သောအဆင့် |
| 51–100 | လက်ခံနိုင်သော လေထုအရည်အသွေးရှိသည့် အဆင့် |
| 101–150 | ခံနိုင်ရည်နည်းပါးသောသူများအတွက်သာ ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 151–200 | ကျန်းမာရေးကို ထိခိုက်စေနိုင်သောအဆင့် |
| 201–300 | ကျန်းမာရေးကို အလွန်ထိခိုက်စေနိုင်သောအဆင့် |
| 301–500 | ကျန်းမာရေးအတွက် ဘေးအန္တရာယ်ရှိသောအဆင့် |

လေထုအပူချိန်၊ လေတိုက်နှုန်း၊ လေတိုက်ခတ်ရာလမ်းကြောင်း၊ စိုထိုင်းမှု၊ မိုးရွာသွန်းမှုအခြေအနေ၊ မော်တော်ယာဉ်အသုံးပြုမှုအခြေအနေ၊ ပူပြင်းခြောက်သွေ့မှုကြောင့် ဖုန်မှုန့်ပျံ့လွင့်မှု၊ စက်ရုံများမှ ထုတ်လွှတ်အခိုးအငွေ့များ ထုတ်လွှတ်မှုအခြေအနေနှင့် ဝန်းကျင်လေထုအရည်အသွေးတိုင်းတာသည့်နေရာ အနီးဝန်းကျင်အခြေအနေတို့အပေါ်မူတည်၍ တိုင်းတာရရှိသည့် ဝန်းကျင်လေထုအရည်အသွေး ရလဒ်များသည် ပြောင်းလဲမှုရှိနိုင်ပါကြောင်း သုံးသပ်ရရှိပါသည်။

**ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန**

# ကံမမြို့နယ်၌ အောင်နိုင်တိုး နှမ်းစပါး ဧက ၁၀၀ စံပြကွက် ကွင်းပိတ်စိုက်ပျိုးပွဲကျင်းပ

ကံမ မတ် ၂၃

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်၌ အောင်နိုင်တိုး နှမ်းစပါး ဧက ၁၀၀ စံပြကွက် ကွင်းပိတ်စိုက်ပျိုးပွဲနှင့် ပိုက်ဆံလျှော် သစ်စိမ်းမြေသြဇာ မျိုးစေ့ထောက်ပံ့ပွဲကို ယနေ့နံနက်ပိုင်းက စပါယ်ခြံကျေးရွာ ကွင်းအမှတ် ၁၆၆ ၌ ကျင်းပသည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်လွင်ဦးက အောင်နိုင်တိုးနှမ်းစပါး ဧက ၁၀၀ စံပြကွက် စိုက်ပျိုးပြသခြင်းနှင့် ပိုက်ဆံလျှော် သစ်စိမ်းမြေသြဇာမျိုးစေ့များ ထောက်ပံ့ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို ဆွေးနွေးပြောကြားပြီး သရက်ခရိုင် စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်စိုးက မဒေးဆည်ရေသောက်ဧရိယာတွင် သုံးသီးစိုက်ပျိုးမည့်သီးနှံပုံစံကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးမျိုးသီဟက အောင်နိုင်တိုးစပါးမျိုး၏ မျိုးအရည်အချင်းလက္ခဏာများကို ရှင်းလင်းပြောကြားပြီး ခရိုင်မြေအသုံးချရေးတာဝန်ခံ ဦးဇော်မိုးလွင်က ပိုက်ဆံလျှော်အသုံးပြု၍ သစ်စိမ်းမြေသြဇာပြုလုပ်သုံးစွဲခြင်း၏ အကျိုးကျေးဇူးများကို ဆွေးနွေးသည်။ ဆက်လက်၍ စပါယ်ခြံကျေးရွာ ကွင်းအမှတ် ၁၆၆ တွင် အောင်နိုင်တိုး နှမ်းစပါးဧက ၁၀၀ စံပြကွက် ကွင်းပိတ်စိုက်ပျိုးနေသော တောင်သူများအား သွားရောက်ကြည့်ရှုအားပေးပြီး ပိုက်ဆံလျှော် သစ်စိမ်း



မြေသြဇာမျိုးစေ့အိတ်များ ထောက်ပံ့ပေးအပ်ကြသည်။ ကံမမြို့နယ်တွင် ယခုနှစ် နွေစပါးရာသီ၌ နွေစပါးလျာထား ၁၇၂၇ ဧက အောင်မြင်စွာ စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။ ငွေကြယ်

# လူသားသမိုင်းတစ်လျှောက် နည်းပညာ၏ အခန်းကဏ္ဍ

**နီဇော်သစ်**



လူသားသမိုင်းတစ်လျှောက် လူ့အဖွဲ့အစည်းတို့ကို ပုံဖော်ရာတွင် နည်းပညာသည် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်ခဲ့သည်။ ကြီးမားရှုပ်ထွေးသော ဦးနှောက်ရှိခြင်း၊ သင်္ကေတတို့ကို တွေးနိုင်သုံးနိုင်ခြင်း၊ စူးစမ်းလိုစိတ်ရှိပြီး လက်တွေ့စမ်းသပ်တတ်ခြင်း၊ အခြားသတ္တဝါများနှင့် မတူကွဲပြားသည့် လက်မတည်ဆောက်ပုံရှိပြီး ကိရိယာများကို ကိုင်တွယ်ရာတွင် အားသာချက်ရှိခြင်းတို့က လူသားတို့ကို နည်းပညာအမျိုးမျိုး ဖန်တီးနိုင်စေခဲ့သည်။ ထိုသို့ဖန်တီးခဲ့သောနည်းပညာများတွင် အချို့သည် ယာယီအသုံးပြုမှုမျှသာဖြစ်ပြီး အခြားပိုကောင်းသော နည်းပညာတို့ပေါ်လာလျှင် ပျောက်ကွယ်သွားကြသည်။ သို့သော် အုပ်စုတစ်စု သို့မဟုတ် အနည်းငယ်မျှအတွင်းသုံးခြင်းမျှသာ မဟုတ်သော၊ တစ်ကမ္ဘာလုံးကိုပျံ့နှံ့ပြီး လူ့အဖွဲ့အစည်းတည်ဆောက်ပုံတို့ကို ပြောင်းလဲစေနိုင်သော၊ တစ်ခေတ်တစ်ခါအတွက်သာမဟုတ်ဘဲ သမိုင်းတစ်လျှောက်လုံးအတွက် အကျိုးပြုပြီး နောက်ပေါ်လာသမျှ နည်းပညာများနှင့် ပေါင်းစည်းကာ ဆက်လက်ဖွံ့ဖြိုးတိုးတက်သော နည်းပညာများရှိသည်။

ထိုသို့သော နည်းပညာများကို အထွေထွေသုံးနည်းပညာ (General-Purposed Technologies) ဟု ခေါ်သည်။ လူသားသမိုင်းတစ်လျှောက် အထွေထွေသုံးနည်းပညာ တော်တော်များများကို ဖန်တီးခဲ့ကြသည်။ ဖန်တီးပြီးတိုင်းလည်း လူ့သမိုင်း၏ အချိုးအကွေ့မှတ်တိုင်တို့ကို ဖြစ်စေသည်။ သို့သော် ချက်ချင်းလက်ငင်း ဖြစ်သည်တော့မဟုတ်။ အချိန်ယူရသည်။ ပံ့ပိုးပေးသော အခြားအချက်အလက်များ လိုအပ်သည်။ ပုံပေါ်သွားပြီးနောက်ပိုင်းတွင်တော့ တားမရ ဆီးမရကိစ္စများ ရှိလာသည်။

ပထမဆုံးအချက်မှာ ပျံ့နှံ့နှုန်းဖြစ်သည်။ လွန်ခဲ့သော နှစ်ပေါင်းသန်းနှင့်ချီသည့်ကာလက ကမ္ဘာတစ်ဝန်း ကျက်စားနေထိုင်ကြသော ပရိုင်းမိတ်လူသားတို့သည် ကျောက်လက်နက်နည်းပညာတို့၊ မီးကို အသုံးပြုနည်းတို့ကို စတင်ဖန်တီးခဲ့ကြသည်။ ထိုခေတ် အနေအထားအရ လမ်းပန်းဆက်သွယ်မှုဟူ၍မရှိ၊ ဘာသာစကားဟူ၍မရှိ။ သို့သော် ထိုနည်းပညာတို့သည် ကမ္ဘာတစ်ဝန်းရှိ လူသားတို့အကြား အတားအဆီးမရှိ ပျံ့နှံ့နိုင်ခဲ့သည်။

နောက်တစ်ဆင့်မှာ သုံးရလွယ်လာခြင်းဖြစ်သည်။ နည်းပညာတစ်ခုကို စတင်ဖန်တီးချိန်တွင် သုံးတတ်သူထက် မသုံးတတ်သူက ပိုများသည်မှာ သေချာသည်။ သို့သော် ဆင့်ကဲတီထွင်ဖန်တီးမှုများ၊ တစ်နည်းအားဖြင့် ဆင့်ကဲပြောင်းလဲတိုးတက်မှုများက မည်သည့်နည်းပညာကိုမဆို သုံးရလွယ်သွားစေပြီး နောက်ဆုံး လူတိုင်းနီးပါး သုံးနိုင်သည့်အဆင့်သို့ ရောက်သွားသည်။

နောက်တစ်ဆင့်မှာ လူတိုင်း သုံးခွင့်ရလာခြင်းဖြစ်သည်။ နည်းပညာတစ်ခု စတင်ဖန်တီးပြီးချိန်တွင် ဖန်တီးသူများနှင့် အသိုင်းအဝိုင်းတစ်ခု လက်ထဲတွင်သာရှိခဲ့သည်မှာ သေချာသည်။ သို့သော် အချိန်ကာလကြာလာသည်နှင့်အမျှ လူတိုင်း သုံးခွင့်ရလာသည်။ ကျွန်တော်တို့ ကွန်ပျူတာကို စတင်စိတ်ဝင်စားချိန်က ကွန်ပျူတာတစ်လုံး၏ဈေးနှုန်းသည် ကားတစ်စီး၏ဈေးနှုန်းနှင့် အတူတူလောက်ရှိခဲ့သည်။ သို့သော် ယခုအချိန်တွင် သာမန်ဝင်ငွေရှိသူတိုင်း တစ်ချိန်ကထက် များစွာအဆင့်မြင့်ပြီး သုံးရပိုလွယ်သော ကွန်ပျူတာများကို ပိုင်ဆိုင်နိုင်ကြပြီဖြစ်သည်။

ထိုသဘောတရားသုံးခုမှာ မြင်သာအောင် ခွဲပြထားခြင်းမျှသာဖြစ်ပြီး တကယ်တမ်းတွင်တော့ အထွေထွေသုံးနည်းပညာတို့၏ လူသားတို့ထံ စိမ့်ဝင်ပျံ့နှံ့နိုင်စွမ်းကိုသာ ကိုယ်စားပြုသည်။ ထိုသို့စိမ့်ဝင်ပျံ့နှံ့ပြီးချိန်တွင်ဖြစ်လာသည့် နောက်တစ်ဆင့်မှာ ပါဝါပြန်လည်ဖြန့်ဝေခြင်း(Power Redistribution) ဖြစ်သည်။ ရှေ့ကရေးခဲ့သည့် ဆောင်းပါးများထဲတွင် အကြိုသမိုင်းကာလ အထွေထွေသုံးနည်းပညာများဖြစ်သော ကျောက်လက်နက်၊ မီး၊ စိုက်ပျိုးရေး၊ ဘာသာစကား၊ သတ္တုတူးဖော်အသုံးပြုခြင်း၊ စာအရေးအသားတို့၏ ပျံ့နှံ့မှုနှင့် ပါဝါပြန်လည်ဖြန့်ဝေမှုတို့အကြောင်း အကျဉ်းမျှစီ ဆွေးနွေးခဲ့သည်။ ယခုရှေ့မဆက်ခင် ထိုနည်းပညာတို့ကိုပြန်အနှစ်ချုပ်ပါမည်။

ကျောက်လက်နက် သုံးတတ်ခြင်းသည် လူသားဟူ၍ဖြစ်လာရန် ပထမဆုံးအရွေ့ဟုဆိုလျှင် မီးကို စတင်အသုံးချတတ်ခြင်းသည် သဘာဝကို ပထမဆုံးအောင်နိုင်ခြင်းဟု ဆိုနိုင်သည်။ လွန်ခဲ့သော နှစ်ပေါင်းတစ်သန်းခွဲက မီးကို စတင်သုံးတတ်ခြင်းသည် ရေခဲခေတ်၏ ရာသီဥတုကို တွန်းလှန်နိုင်စေခဲ့သည်။ မီးကိုအသုံးချပြီး ချက်ပြုတ်စားသောက်တတ်ခြင်း အသိဉာဏ်မြင့်လူသားဖြစ်လာရန်လည်း အရေးကြီးသည့်အချက်ဖြစ်သည်။ အစာချက်လုပ်မှုဘက်မှ စွမ်းအင်အသုံးချမှု လျော့နည်းသွားခြင်းသည် ဦးနှောက်ကို စွမ်းအင်ပိုမိုသုံးစွဲစေနိုင်ခဲ့သည်။

နောက်တစ်ဆင့်မှာ စိုက်ပျိုးတတ်လာခြင်းဖြစ်သည်။ စိုက်ပျိုးရေးသည် ခေတ်ပြောင်းတော်လှန်ရေးတစ်ခုဖြစ်သည်။ ခြေသလုံးအိမ်တိုင် သွားလာလှည့်ပတ်နေသည့် လူသားတို့ကို အထိုင်ကျစေပြီး ယဉ်ကျေးမှုကြီးများဖြစ်ထွန်းရန် ပထမဆုံးခြေလှမ်းဖြစ်စေခဲ့သည်။

နောက်ပိုင်း အထွေထွေသုံးနည်းပညာများဖြစ်သည့် သတ္တုကိုသုံးတတ်လာခြင်း၊ ဘီးကိုသုံးတတ်လာခြင်းနှင့် စာအရေးအသား ပေါ်ပေါက်လာခြင်းတို့မှာ လွန်ခဲ့သည့် နှစ်ပေါင်း ၅၀၀၀ နှင့် ၃၀၀၀ အကြားတွင် ပေါ်ထွက်လာခဲ့သည်။ ဤနေရာတွင် နည်းပညာတို့ ပေါ်ထွက်လာသည့်ကာလ ခပ်စိပ်စိပ်ဖြစ်လာသည်ကို မြင်နိုင်သည်။ ယင်းမှာ အခြားပံ့ပိုးမှုများ တိုးတက်ကောင်းမွန်လာခြင်းကြောင့်ပင်။ ကျောက်လက်နက်သုံးတတ်ပြီး မီးကိုသုံးတတ်ရန် နှစ်ပေါင်းတစ်သန်းခန့် အချိန်ယူရသည်။ မီးကိုသုံးတတ်ပြီး စိုက်တတ်ပျိုးတတ်ရန် နှစ်ပေါင်းတစ်သန်းခန့် အချိန်ယူရသည်။ စိုက်တတ်ပျိုးတတ်ရာမှ ရေးတတ်ဖတ်တတ်ရန် နှစ်ပေါင်းတစ်သိန်းမျှ အချိန်ယူရသည်။ နောက်ပိုင်း နည်းပညာများသည် နှစ်ပေါင်း ထောင်ဂဏန်းအချိန်ယူခဲ့ရသည်။ လွန်ခဲ့သည့် ရာစုနှစ်အတွင်း နှစ်ပေါင်းဆယ်ဂဏန်းအတွင်းမှာပင် အမျိုးမျိုးပေါ်ထွက်နေပြီ။ လက်ရှိအချိန်တွင် နေ့စဉ်နှင့်အမျှဆိုသလို နည်းပညာအသစ်များ ပေါ်ထွက်နေပြီ။

ယနေ့ခေတ်တွင် နည်းပညာဆန်းသစ်ရန် လိုအပ်သော အထောက်အပံ့များက ပိုများလာသလို ပုံစံလည်းပြောင်းလာသည်။ ယခင်ကကဲ့သို့ပင် သဘာဝကပေးသော သို့မဟုတ် လူ့အဖွဲ့အစည်း၏ လိုအပ်ချက်ကပေးသော တွန်းအားဖြင့် တီထွင်ဖန်တီးပြီး အများသုံးနိုင်အောင် ကြိုးစားရခြင်းကတော့တူသည်။ ယခင်ကလိုပင် ရှေ့ကနည်းပညာများကို လက်ဆင့်ကမ်းပေးမည့် ဆရာများလိုသည်။ တီထွင်ကြံဆစမ်းသပ်လိုသူများလိုသည်။ ယနေ့ခေတ်တွင်မူ ထိုသို့လုပ်ရန် စိတ်အားထက်သန်သော ငွေရှင်များနှင့် အားပေးအားမြှောက်လုပ်ပေးရန် အစိုးရများပါ လိုအပ်လာသည်။ စဉ်ဆက်မပြတ် သုတေသနလုပ်နေသည့် တက္ကသိုလ်များလို အင်စတီကျူးရှင်းများရှိရန် လိုအပ်လာသည်။ ယနေ့ခေတ်၏ အထွေထွေသုံးနည်းပညာဆီသို့ လျှောက်လှမ်းနေသော နည်းပညာများမှာ အသိဉာဏ်တု (Artificial Intelligence) နှင့် ဇီဝအတု (Synthetic Biology)ဟု ဆိုနိုင်သည်။ ထိုနည်းပညာများအတွက် ပညာရှင်များ၊ ငွေရှင်များ၊ အစိုးရများ ပုံအောပြီး ပြိုင်ဆိုင်နေကြသည်ကိုလည်း မြင်နေရပြီဖြစ်သည်။

ဘာကြောင့် ပြိုင်ဆိုင်ရသလဲဆိုလျှင် ကျောက်ခေတ်မှစ၍ပင် နည်းပညာသာသူက ပါဝါပိုမိုရရှိပြီး အခြားသူများအပေါ် အားသာချက်ယူနိုင်၍ပင်။ နောက်လာမည့် ဆောင်းပါးများတွင် စက်မှုခေတ်နည်းပညာများနှင့် ပါဝါပြန်လည်ဖြန့်ဝေမှုများအကြောင်း ဆက်လက်ဆွေးနွေးသွားမည်ဖြစ်သည်။ ထိုသို့ဆွေးနွေးရင်း ကမ္ဘာ့နည်းပညာဖွံ့ဖြိုးတိုးတက်မှုများအတွင်း မည်သို့နောက်ကျကျန်ခဲ့လဲ။ မည်သည့်အရာများ လိုအပ်နေသလဲ။ မည်သို့ပြင်ဆင်ရမလဲဆိုသည်တို့ကို အနည်းငယ်မျှ ဆဝါးမိစေရန် ရည်ရွယ်ပါသည်။ ။

# ကမ္ဘာ့ရေခဲတောင်များ ၂၁ ရာစုကုန်သည်အထိ ရှင်သန်နိုင်မည်လား

ကမ္ဘာကြီး ပူနွေးလာမှုကြောင့် ကမ္ဘာ့ရေခဲတောင်များ အရည်ပျော်မှု မြင့်တက်လျက်ရှိသည်ဖြစ်ရာ ယခုနှုန်းအတိုင်းဆိုလျှင် ရေခဲတောင်များသည် ၂၁ ရာစုကုန်သည်အထိပင် ရှင်သန်နိုင်မည်မဟုတ်ကြောင်း ပညာရှင်များက သတိပေးလိုက်သည်။



ကမ္ဘာပေါ်ရှိ ရေခဲတောင် ၂၇၅၀၀၀ နီးပါးသည် ကမ္ဘာ့ရေချို ၇၀ ရာခိုင်နှုန်းကို ထိန်းသိမ်းပေးထားပြီး လူ သန်း ၂၀၀၀ ကျော် မှီခိုအားထားနေရသည့် တောင်များဖြစ်သည်။ ကမ္ဘာ့မိုးလေဝသဌာနကြီး၏ တွေ့ရှိမှုအရ လွန်ခဲ့သည့်ခြောက်နှစ်အတွင်း ငါးနှစ်မှာ ရေခဲတောင်များ စံချိန်တင်ဆုတ်ယုတ်မှုနှင့် ရင်ဆိုင်ခဲ့ရသည်ဟု သိရသည်။

**လက်ရှိအချိန်ထိ ရေချိုတန် ၉၀၀၀ ဘီလီယံကို ဆုံးရှုံးလိုက်ရပြီ**

၁၉၇၅ ခုနှစ်မှစတင်ခဲ့သော မှတ်တမ်းများအရ ရေခဲတောင်များသည် လက်ရှိအချိန်ထိ ရေချိုတန် ၉၀၀၀ ဘီလီယံကို ဆုံးရှုံးလိုက်ရပြီဖြစ်သည်။ ယင်းမှာ ဂျာမနီနိုင်ငံလောက်ကျယ်ပြီး ဒု ၁၅ မိုင်ရှိသော ရေခဲထုကြီး၏ ပမာဏနှင့်တူညီသည်။

၂၀၀၀ ပြည့်နှစ်မှ ၂၀၂၃ ခုနှစ်အတွင်းမှာပင် ဥရောပ ရေခဲတောင်များသည် ရေပမာဏ ၄၀ ရာခိုင်နှုန်းကို ဆုံးရှုံးထားရပြီဖြစ်ပြီးလက်ရှိဆက်လက် အရည်ပျော်နေသည့်နှုန်းအရ လူ ၁၀ သန်းခန့်မှာ ရေခဲတောင်များ အရည်ပျော်ခြင်းကြောင့် ဖြစ်လာသည့် ရေကြီးမှုများနှင့် ရင်ဆိုင်ရနိုင်ကြောင်း ပညာရှင်များက သတိပေးထားသည်။

၂၀၂၄ ခုနှစ်တွင် ရေခဲတောင်များသည် ရေပမာဏတန်ချိန် ဘီလီယံ ၄၅၀ ကို ဆုံးရှုံးခဲ့ရပြီး ယင်းမှာ နှစ်အလိုက် စတုတ္ထအများဆုံး ပမာဏဖြစ်သည်။ ၂၀၂၂ ခုနှစ်မှ ၂၀၂၄ ခုနှစ်အထိ သုံးနှစ်ဆက်တိုက် ရေခဲတောင်ပျော်ကျမှုအများဆုံး ကာလဖြစ်သည်ဟုလည်း ဆိုသည်။

ပုံမှန်အားဖြင့် ရေခဲတောင်များသည် နွေရာသီတွင် အရည်ပျော်ကြပြီး ဆောင်းရာသီတွင် နှင်းကျမှုနှင့်အတူ ရေခဲများ ပြန်လည်ဖြစ်တည်ကြသည်။ ယခုကြုံနေရသည်မှာ အရည်ပျော်မှုများပြီး ရေခဲပြန်ဖြစ်မှုနည်းသွားခြင်းဖြစ်သည်။ ထိုသို့ ဆက်တိုက်လျော့နည်းလာပါက ၂၁ ရာစု မကုန်ခင်မှာပင် ရေခဲတောင်များ ပျောက်ကွယ်သွားမည်ဟုလည်း ဆိုလိုသည်။

**Ref: Daily Mail**

# ဆိုရှယ်မီဒီယာနှင့် ယနေ့ကမ္ဘာ

စိုးသူရ

ယနေ့ကမ္ဘာတွင် ဆယ်ကျော်သက်များနှင့် ကလေးများအကြား မိုဘိုင်းဖုန်းနှင့် ကွန်ပျူတာများမှတစ်ဆင့် ဆိုရှယ်မီဒီယာသုံးစွဲမှုများ မြင့်တက်လာသည်ကို တွေ့ရှိရသည်။ ၎င်းတို့သည် အားလပ်ချိန်သုံးစွဲရာမှအစပြု၍ ဆိုရှယ်မီဒီယာ အလွန်အကျွံသုံးစွဲသူများဖြစ်လာပြီး ကျန်းမာရေးနှင့် နေ့စဉ် လူနေမှုဘဝများကိုပါ ထိခိုက်လာနေကြောင်း လူမှုပတ်ဝန်းကျင်တွင် ကြားသိနေရသည်။

နိုင်ငံ ၄၄ နိုင်ငံမှ ဆယ်ကျော်သက်များကို လေ့လာခဲ့ရာတွင် ၎င်းတို့အနက်မှ ၁၁ ရာခိုင်နှုန်းသည် ဆိုရှယ်မီဒီယာစွဲလမ်းခြင်းနှင့် မသုံးစွဲရပါက စိတ်ဓာတ်ကျဆင်းခြင်းတို့ကို ခံစားရကြောင်း တွေ့ရှိရသည်။

ကမ္ဘာ့နိုင်ငံများရှိ ဆယ်ကျော်သက်များ၏ ၃၆ ရာခိုင်နှုန်းသည် အွန်လိုင်းတွင် သူငယ်ချင်းများနှင့် အချိန်ပြည့် ဆက်သွယ်နေကြောင်း လေ့လာမှုအရ သိရသည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အစည်း၏ ဥရောပဒေသဆိုင်ရာညွှန်ကြားရေးမှူး ဒေါက်တာ Hans Henri P Kluge က ဆိုရှယ်မီဒီယာသည် ဆယ်ကျော်သက်များ၏ ကျန်းမာရေးအပေါ် ဆိုးကျိုးများ သက်ရောက်စေနိုင်ကြောင်း၊ ဆယ်ကျော်သက်နှင့် ကလေးများအပေါ် စိတ်ကျရောဂါ၊ အနိုင်ကျင့်မှု၊ စိုးရိမ်ပူပန်မှုနှင့် ပညာရေးစွမ်းဆောင်ရည်ညံ့ဖျင်းမှုတို့ကို ဖြစ်ပေါ်စေသည့် လူမှုမီဒီယာအလွန်အကျွံအသုံးပြုမှုကို ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆယ်ကျော်သက်များနှင့် ကလေးများတွင် ဆိုရှယ်မီဒီယာ အလွန်အကျွံသုံးစွဲခြင်းကြောင့် စိတ်ဓာတ်ကျခြင်း၊ စိုးရိမ်ပူပန်ခြင်း၊ အစာစားချိန်နှင့် အိပ်ချိန်မမှန်ခြင်းတို့ကို တွေ့ကြုံနေရကြောင်း ကျွမ်းကျင်သူများက ပြောကြားသည်။

ထို့ကြောင့် ကျောင်းများတွင် ဆိုရှယ်မီဒီယာသုံးစွဲမှုကြောင့် ဖြစ်လာနိုင်သည့် ကျန်းမာရေးအရ အကျိုးသက်ရောက်မှုများကို ဆွေးနွေးရန်နှင့် လူမှုမီဒီယာများအား ဝင်ရောက်ကြည့်ရှုနိုင်သည့် အသက်အရွယ်ကန့်သတ်ချက်တို့ကို သတ်မှတ်ရန် လူမှုမီဒီယာလုပ်ငန်းများက ဆောင်ရွက်ရမည်ဟု ၎င်းက ပြောကြားသည်။

ဂိမ်းဆော့ခြင်းနှင့် ဆိုရှယ်မီဒီယာ အလွန်အကျွံသုံးစွဲခြင်းကြောင့် ဂျာမနီရှိ သန်းနှင့်ချီသော ကလေးများနှင့် ဆယ်ကျော်သက်များတွင် သိသာထင်ရှားသည့် ဆိုးကျိုးများရှိလာခဲ့ကြောင်း လေ့လာမှုများအရ သိရသည်။

ဂျာမနီကျန်းမာရေးအာမခံကုမ္ပဏီ DAK-Gesundheit နှင့် University Medical Center Hamburg-Eppendorf (UKE) တို့၏ ပူးတွဲလေ့လာမှုအရ ဂျာမနီနိုင်ငံရှိ အသက် ၁၀ နှစ်မှ ၁၇ နှစ်ကြားရှိ လူဦးရေ ၁ ဒသမ ၃ သန်းသည် ဆိုရှယ်မီဒီယာအလွန်အကျွံသုံးစွဲနေကြောင်း တွေ့ရှိရသည်။



စမတ်ဖုန်း အလွန်အကျွံသုံးစွဲခြင်းကြောင့် ကလေး ၂၅ ဒသမ ၂ ရာခိုင်နှုန်းသည် လူမှုရေးပြဿနာများနှင့် တွေ့ကြုံခဲ့ရသည်ဟု သိရသည်။

"ကလေးများနှင့် ဆယ်ကျော်သက်များကြားတွင် မီဒီယာစွဲလမ်းမှုသည် ပြင်းထန်ပြီး ရေရှည်ပြဿနာတစ်ရပ်ဖြစ်လာသည်" ဟု DAK-Gesundheit ၏ CEO Andreas Storm က ဆိုသည်။ ဒစ်ဂျစ်တယ်ခေတ်တွင် ဆိုရှယ်မီဒီယာသုံးစွဲသူကလေးများနှင့် ဆယ်ကျော်သက်များအား ၎င်းတို့၏ ဆိုရှယ်မီဒီယာသုံးစွဲမှုမှန်ကန်စေရေးအတွက် အကျိုးရှိသည့် လုပ်ဆောင်ချက်များကို အွန်လိုင်းတွင် ဆောင်ရွက်စေပြီး ထိန်းသိမ်းသင့်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဥရောပဒေသရုံးတာဝန်ရှိသူ ဒေါက်တာနာတာရှာ အဇာဗာဒီ မူစကတ်က ပြောကြားသည်။

ဩစတြေးလျဖက်ဒရယ်ပါလီမန်သည် ယမန်နှစ် နိုဝင်ဘာလတွင် အသက် ၁၆ နှစ်အောက်လူငယ်များအတွက် ဆိုရှယ်မီဒီယာသုံးစွဲမှုတားမြစ်သည့် ဥပဒေကို အတည်ပြုခဲ့သည်။

ယခုနှစ်ကုန်တွင် အပြည့်အဝအသက်ဝင်လာမည့် ၎င်းဥပဒေသည် Facebook၊ Instagram၊ Snapchat အပါအဝင် သတ်မှတ်ထားသော လူမှုမီဒီယာပလက်ဖောင်းများသို့ အသက် ၁၆ နှစ်အောက်များ ဝင်ရောက်ခွင့်ကို ကန့်သတ်ထားသည်။

အွန်လိုင်းဘေးကင်းရေး ပြင်ဆင်ချက်အက်ဥပဒေဟု လူသိများသော ယင်းဥပဒေအရ အွန်လိုင်းတွင် ဝန်ဆောင်မှုပေးသူများအနေဖြင့် ၁၆ နှစ်အောက်များကို ဆိုရှယ်မီဒီယာပလက်ဖောင်းများတွင် အကောင့်များမပြုလုပ်နိုင်စေရေး တားဆီးရမည်ဖြစ်ပြီး သတ်မှတ်ချက်ကို မလိုက်နာသော ဝန်ဆောင်မှုပေးသည့်လုပ်ငန်းများကိုလည်း ပြစ်ဒဏ်များ ချမှတ်နိုင်သည်။

အဆိုပါဥပဒေပြဋ္ဌာန်းရခြင်းမှာ နိုင်ငံအတွင်း ဆိုရှယ်မီဒီယာများတွင် အချိန်ဖြုန်းသူလူငယ်များရှိနေသောကြောင့်ဖြစ်ကြောင်း တာဝန်ရှိသူများက ဆိုသည်။

ဩစတြေးလျရှိ ရုပ်သံထုတ်လွှင့်မှုဆိုင်ရာ ဝန်ဆောင်မှုများသည် ကလေးများကို ကာကွယ်ရန်အတွက် ရုပ်သံကန့်သတ်ချက်များထားရှိသည်။

နိုင်ငံအတွင်း Apple နှင့် Google ကဲ့သို့သော ဝန်ဆောင်မှုများမှနေ၍ မသင့်လျော်သောအကြောင်းအရာများ ဝင်ရောက်ကြည့်ရှုခွင့်ကို ကန့်သတ်ထားသည်။

ကမ္ဘာ့နိုင်ငံများကိုလေ့လာပါက ဆိုရှယ်မီဒီယာသုံးစွဲခြင်းသည် လူငယ်များ၏ အပြုအမူအပေါ် ကြီးမားသောသက်ရောက်မှုရှိပြီး အကြမ်းဖက်မှုနှင့် ရာဇဝတ်မှုများ တိုးပွားလာခြင်းနှင့် ဆက်စပ်နေကြောင်း တွေ့ရှိရသည်။ ဆိုက်ဘာအနိုင်ကျင့်မှု၊ အုပ်စုဖွဲ့အကြမ်းဖက်မှုများသည် ဆိုရှယ်မီဒီယာအသုံးပြုမှုနှင့် ဆက်စပ်လျက်ရှိသည်။ ဆိုရှယ်မီဒီယာတွင် အကြမ်းဖက်မှုကို ပုံမှန်ကြည့်ရှုသည့်လူငယ်များသည် ကြမ်းတမ်းသောအပြုအမူကို လက်ခံခြင်း၊ ရန်လိုသည့်ခံစားချက်များ များပြားလာခြင်းနှင့် လူမှုရေးနှင့် ဆန့်ကျင်သောအပြုအမူများ ပြုလုပ်မှုများ ပိုမိုများပြားလာသည်။

**အုပ်ထိန်းသူများက ကူညီနိုင်**

မိဘများအနေဖြင့် ၎င်းတို့၏ ကလေးများ ဒစ်ဂျစ်တယ်နည်းပညာတတ်မြောက်မှု စွမ်းရည်များဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒစ်ဂျစ်တယ်နည်းပညာအား လွဲမှားစွာအသုံးပြုခြင်းမှ ထိန်းကျောင်းကူညီပေးနိုင်ကြောင်း တွေ့ရှိရသည်။

အွန်လိုင်းတွင် အခြားသူများ၏ ကိုယ်ရေးကိုယ်တာ အချက်အလက်များကို လေးစားစောင့်ထိန်းခြင်းနှင့် ဆိုက်ဘာအနိုင်ကျင့်သည့်လုပ်ရပ်များတွင် မပါဝင်သင့်ကြောင်း ကလေးများအား ဆွေးနွေးရမည်ဖြစ်သည်။ ဥပမာအားဖြင့် အွန်လိုင်းအသုံးပြုခြင်းထက် စာပေဗဟုသုတ လေ့လာခြင်းသည်ကောင်းကြောင်း ကလေးများအား ပြောပြသင့်သည်။

ထို့ပြင် အွန်လိုင်းတွင် ဖြန့်ဝေသင့်သည့် အကြောင်းအရာများကို ကလေးများနှင့် ဆွေးနွေးရမည်ဖြစ်သည်။

တတိယအချက်မှာ မိဘများသည် ၎င်းတို့၏ သားသမီးများကို အွန်လိုင်းတွင် အကျိုးရှိစေသည့် နည်းလမ်းဖြင့် တက်ကြွစွာပါဝင်ရန် တိုက်တွန်းသင့်သည်။ ဥပမာအားဖြင့် ကလေးများအား အွန်လိုင်းတွင် ကျွမ်းကျင်သူများဆွေးနွေးသည့် ဆွေးနွေးပွဲများကိုပြသပြီး အတုယူဆောင်ရွက်နိုင်စေရေး သင်ကြားပေးရမည်ဖြစ်သည်။

ထို့ပြင် ကျောင်းများ၊ ရပ်ကွက်များနှင့် လူမှုအသိုင်းအဝိုင်းများတွင် ဒစ်ဂျစ်တယ်နည်းပညာ၏ အကျိုးသက်ရောက်မှုများကို ဆွေးနွေးဟောပြောကြရမည်ဖြစ်သည်။

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်ရာ ကလေးများနှင့် ဆယ်ကျော်သက်များအား အွန်လိုင်းကို အကျိုးရှိစွာသုံးစွဲခြင်းဖြင့် အကျိုးများရရှိစေရေး ရေးသားလိုက်ရပါသည်။ ။

**ကိုးကား - Media addiction on rise among children in Germany**

## အများပြည်သူသို့ အသိပေးကြေညာချက်




၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် "1111" အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများ မေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် "1111" ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့်အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များက Short Code "1111" ဖြင့် SMS ပေးပို့မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။ **အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

# ကိုရီးယားသမ္မတနိုင်ငံသို့ မြန်မာလုပ်သားစေလွှတ်နိုင်ရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်

| စဉ် | စံပြုလုပ်ငန်းစဉ် (SOP) | ဆောင်ရွက်ရမည့်လုပ်ငန်းအစီအစဉ် | ဆောင်ရွက်ရမည့် အဖွဲ့အစည်း |
|---|---|---|---|
| **E-9 (Employment Permit System- EPS) စနစ်ဖြင့် စေလွှတ်သည့် အလုပ်သမားများအတွက်** | | | |
| ၁။ | ကိုရီးယားဘာသာစကား အရည်အချင်းစစ်စာမေးပွဲ ကျင်းပခြင်းနှင့် ဖြေဆိုခြင်း | - Public Overseas Employment Agency (POEA) အစီအစဉ်ဖြင့် စာမေးပွဲအသစ် ကျင်းပမည့်ရက်အား POEA-EPS Facebook Page နှင့် မြန်မာ့အလင်း/ကြေးမုံသတင်းစာတို့၌ အသိပေးကြေညာခြင်း၊ | POEA<br>မြန်မာလုပ်သား |
| ၂။ | စာမေးပွဲအောင်မြင်သည့် စာရင်းကို HRD-Korea သို့ ပေးပို့ခြင်း၊ HRD-Korea မှ POEA သို့ မြန်မာအလုပ်သမားနှင့် စာချုပ်ချုပ်ဆိုနိုင်ရန် ပြန်လည်ပေးပို့ခြင်း | - ကိုရီးယားဘာသာစကား အရည်အချင်းစစ်စာမေးပွဲဖြေဆိုခြင်း၊ ဖြေဆိုအောင်မြင်သူများ၏ အမည်စာရင်းကို HRD-Korea သို့ ပေးပို့ခြင်းနှင့် ကိုရီးယားနိုင်ငံ အလုပ်ရှင်မှ ရွေးချယ်ထားသည့် အလုပ်ခေါ်စာရရှိထားသော အလုပ်သမားစာရင်းကို POEA ရုံး(ရန်ကုန်)သို့ ပြန်လည်ပေးပို့ခြင်း၊ | POEA<br>HRD Korea<br>ကိုရီးယားအလုပ်ရှင် |
| ၃။ | POEA မှ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ စာချုပ်ချုပ်ဆိုခွင့်ပြုရန် တင်ပြခြင်း | - POEA မှ စာချုပ်ချုပ်ဆိုခွင့်အား စာချုပ်ချုပ်လိုသည့်ရက် မတိုင်မီ(၇) ရက်ကြိုတင်၍ အောက်ပါအချက်များအတိုင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း -<br>(က) အလုပ်ရှင်မှ ရွေးချယ်ထားသည့် အလုပ်သမားစာရင်း၊ ကိုရီးယားအလုပ်ရှင်မှ လက်မှတ်ရေးထိုးထားသည့် စာချုပ်မိတ္တူ၊ အလုပ်သမားများ၏ နိုင်ငံကူးလက်မှတ်မိတ္တူ၊ ကိုယ်ရေးအချက်အလက်များပါရှိသော Excel Name List Soft copy တို့နှင့်အတူ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationkorea@gmail.com သို့တင်ပြရန်၊(အလုပ်သမားဝန်ကြီးဌာနသို့ လူကိုယ်တိုင် လာရောက်တင်ပြခြင်း မပြုရန်)၊<br>( ခ ) အလုပ်သမားဝန်ကြီးဌာနမှ ခွင့်ပြုထားသော အရေအတွက်အတွင်း တင်ပြရန်၊ | POEA<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၄။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူခြင်း | - POEA မှ တင်ပြလာသော စာချုပ်ချုပ်ဆိုခွင့်အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူခြင်းနှင့် အလုပ်သမားဝန်ကြီးဌာနမှ စိစစ်ပြန်ကြားခြင်း၊ | အလုပ်သမားဝန်ကြီးဌာန၊ ဝန်ကြီးရုံး<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၅။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ POEA သို့ စာချုပ်ချုပ်ဆိုခွင့်နှင့် ပြည်ဝင်ခွင့်ဗီဇာလျှောက်ထားနိုင်ရေး အကြောင်းကြားခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ ခွင့်ပြုချက်ရရှိပါက POEA ရုံး (ရန်ကုန်)၌ စာချုပ်ချုပ်ဆိုခြင်းနှင့် စာချုပ်ချုပ်ဆိုပြီးသည့် အလုပ်သမားများအတွက် ပြည်ဝင်ခွင့်ဗီဇာရရှိနိုင်ရေး ဆောင်ရွက်ခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>POEA<br>HRD Korea<br>ကိုရီးယားအလုပ်ရှင် |
| ၆။ | POEA မှ သင်တန်းတက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်ပြုရန် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း | - ပြည်ပအလုပ်အကိုင်လမ်းညွှန်သင်တန်း တက်ရောက်ခွင့်နှင့် ပြည်ပအလုပ်အကိုင် အလုပ်သမားသက်သေခံကတ် (OWIC) ပြုလုပ်ခွင့်အား ရက်သတ္တနှစ်ပတ်ကြိုတင်၍ အောက်ပါအချက်များနှင့်တကွ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း-<br>(က) သင်တန်းတက်ရောက်ခွင့် (၄၈ နာရီ)နှင့် OWIC ပြုလုပ်ခွင့်တင်ပြစာ၊<br>( ခ ) ဗီဇာမိတ္တူ၊ နိုင်ငံကူးလက်မှတ်မိတ္တူ၊<br>( ဂ ) ကိုရီးယားအလုပ်ရှင်နှင့် အလုပ်သမားသဘောတူညီမှုစာချုပ်၊ POEA နှင့် အလုပ်သမားအကြား ချုပ်ဆိုသည့် သဘောတူစာချုပ်၊ | POEA |
| ၇။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ POEA သို့ အကြောင်းပြန်ကြားခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ POEA သို့ သင်တန်းတက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်ပြုကြောင်း အကြောင်းကြားခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>POEA |
| ၈။ | POEA မှ စေလွှတ်ခွင့်ပြုနိုင်ရေး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း | - OWIC ပြုလုပ်ပြီးပါက လေယာဉ်လက်မှတ်ဝယ်ယူခြင်းနှင့် စေလွှတ်ခွင့်ပြုရန် ထွက်ခွာမည့်နေ့ရက်မတိုင်မီ အနည်းဆုံး (၇) ရက်ကြိုတင်၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း၊ | POEA<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၉။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ စိစစ်ခွင့်ပြုခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ POEA နှင့် လေဆိပ်တာဝန်ခံထံသို့ အကြောင်းကြားခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၁၀။ | ပြည်ပသို့စေလွှတ်ပြီးစီးမှု သတင်းပို့ခြင်း | - POEA အနေဖြင့် အလုပ်သမားများစေလွှတ်ပြီးပါက သတ်မှတ်ပေးထားသော ဇယားပုံစံအတိုင်း စာရင်းပြုစု၍ Excel Soft copy ဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြခြင်း၊ | POEA |
| ၁၁။ | ပြန်လည်ဝင်ရောက်မှုသတင်းပို့ခြင်း | - ပြည်ပသို့ စေလွှတ်ခဲ့သည့် အလုပ်သမားသည် အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်ရောက်ရှိလာပါက ရောက်ရှိသည့် အကြောင်းအရာ၊ ပြန်လည်ထွက်ခွာမည်ဆိုပါက ထွက်ခွာမည့်နေ့ရက်တို့ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationkorea@gmail.com သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြခြင်း။ | POEA |
| **E-7-3 (သင်္ဘောကျင်းလုပ်ငန်းများအတွက် ကျွမ်းကျင်လုပ်သား) နှင့် E-10-2 (ရေလုပ်သား) အလုပ်သမားများအတွက်** | | | |
| ၁။ | မြန်မာအေဂျင်စီမှ Demand Letter ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း | - ကိုရီးယားနိုင်ငံ၏ အလုပ်ရှင်၊ သို့မဟုတ် အလုပ်ရှင်၏ တရားဝင်ကိုယ်စားလှယ်မှ အလုပ်သမားလိုအပ်ချက် ဖော်ပြထားသောစာ (ရုံးတံဆိပ်/ Letter Head ပါရှိသည့် ကုမ္ပဏီ၏စာ၊ လက်မှတ်၊ လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ်)ကို ပူးတွဲဖော်ပြရန်လိုအပ်ပြီး ၎င်း Demand Letter အား မြန်မာအေဂျင်စီထံသို့ ပေးပို့ခြင်းနှင့် ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံးရှိ အလုပ်သမားသံအရာရှိထံသို့လည်း သတ်မှတ်စာရွက်စာတမ်း အပြည့်အစုံ မိတ္တူတစ်စုံပေးပို့ခြင်း၊<br>- မြန်မာအေဂျင်စီသည် Demand Letter အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ အောက်ပါအတိုင်း တင်ပြခြင်း -<br>(က) Demand Letter တစ်စောင်လျှင် လူဦးရေ ၁၀ ဦးထက်မပိုစေရန်၊<br>( ခ ) အေဂျင်စီတစ်ခုသည် တစ်လလျှင် တစ်ကြိမ်သာ တင်ပြရန်၊<br>( ဂ ) Demand Letter တင်ပြရာတွင် dolmigrationkorea@gmail.com သို့ တင်ပြရန် (အလုပ်သမားဝန်ကြီးဌာနသို့ လူကိုယ်တိုင်လာရောက်တင်ပြခြင်း မပြုရန်)၊ | ကိုရီးယားနိုင်ငံအလုပ်ရှင်<br>မြန်မာအေဂျင်စီ |
| ၂။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားသံအရာရှိထံသို့ အကြောင်းကြားခြင်း | - Demand Letter မှန်ကန်မှု ရှိ/ မရှိ စိစစ်ပေးနိုင်ရေး ကိုရီးယားသမ္မတနိုင်ငံဆိုင်ရာ မြန်မာသံရုံး (အလုပ်သမား သံအရာရှိ) သို့ အကြောင်းကြားခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၃။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီသို့ စေလွှတ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားခြင်း | - အလုပ်သမားသံအရာရှိမှ Demand Letter မှန်ကန်မှုရှိကြောင်း ပြန်ကြားလာပါက အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသည် သက်ဆိုင်ရာ မြန်မာအေဂျင်စီများထံသို့ စေလွှတ်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားခြင်း၊ အေဂျင်စီမှ အလုပ်သမားစတင်စုဆောင်းခြင်းနှင့် ဗီဇာလျှောက်ထားခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>မြန်မာအေဂျင်စီ<br>ကိုရီးယားအလုပ်ရှင် |
| ၄။ | မြန်မာအေဂျင်စီမှ စာချုပ်ချုပ်ဆိုခွင့်၊ သင်တန်းတက်ရောက်ခွင့်နှင့် OWIC ပြုလုပ်ခွင့်ပြုရန် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း | - ဗီဇာရရှိပါက မြန်မာအေဂျင်စီမှ စာချုပ်၊ သင်တန်း (၂ ရက်သာ)နှင့် OWIC ပြုလုပ်ခွင့်အား ရက်သတ္တတစ်ပတ်ကြိုတင်၍ အောက်ပါအချက်များအတိုင်း အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ တင်ပြခြင်း -<br>(က) Demand Letter မိတ္တူ၊ စေလွှတ်ရေးလုပ်ငန်းစဉ် ဆောင်ရွက်ခွင့်ပြုကြောင်း အကြောင်းကြားစာ၊ အလုပ်သမားများ၏ နိုင်ငံကူးလက်မှတ်မိတ္တူနှင့် ဗီဇာမိတ္တူ၊ ကိုရီးယားအလုပ်ရှင်-အလုပ်သမားစာချုပ်မိတ္တူများ၊ အလုပ်သမားများ၏ ကိုယ်ရေးအချက်အလက်များပါရှိသော Excel Name List Soft copy တို့နှင့်အတူ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationkorea@gmail.com သို့ အချိန်နှင့်တစ်ပြေးညီ တင်ပြရန်၊<br>( ခ ) အလုပ်ခေါ်စာတစ်စောင်လျှင် လူဦးရေ ၁၀ ဦးထက် မပိုစေရန်နှင့် တစ်လလျှင် တစ်ကြိမ်သာတင်ပြရန်၊ | မြန်မာအေဂျင်စီ |
| ၅။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့ ခွင့်ပြုချက်ရယူခြင်း | - မြန်မာအေဂျင်စီမှ တင်ပြလာသော စာချုပ်ချုပ်ဆိုခွင့်အား အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ အလုပ်သမားဝန်ကြီးဌာနသို့ တင်ပြ၍ ခွင့်ပြုချက်ရယူခြင်းနှင့် အလုပ်သမားဝန်ကြီးဌာနမှ စိစစ်ပြန်ကြားခြင်း၊ | အလုပ်သမားဝန်ကြီးဌာန၊ ဝန်ကြီးရုံး<br>အလုပ်သမားညွှန်ကြားရေးဦးစီးဌာန |
| ၆။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီအား အကြောင်းပြန်ကြားခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ သင်တန်းတက်ရောက်ခြင်း၊ OWIC ပြုလုပ်ခြင်းနှင့် စာချုပ်ချုပ်ဆိုခြင်းတို့အတွက် POEA ရုံး(ရန်ကုန်) နှင့် မြန်မာအေဂျင်စီသို့ အကြောင်းကြားခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>POEA<br>မြန်မာအေဂျင်စီ |
| ၇။ | မြန်မာအေဂျင်စီမှ အလုပ်သမားစေလွှတ်ခွင့်ရရှိရေး အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့တင်ပြခြင်း | - မြန်မာအေဂျင်စီအနေဖြင့် OWIC ရရှိပြီးသည့် အလုပ်သမားများအတွက် စေလွှတ်ခွင့်အား ထွက်ခွာလိုသည့်ရက် ( - -၂၀၂၅) မှ ( - -၂၀၂၅) (ရက်သတ္တတစ်ပတ်အတွင်း)ဖော်ပြ၍ စေလွှတ်မည့် အလုပ်သမားစာရင်း၊ နိုင်ငံကူးလက်မှတ်မိတ္တူ၊ OWIC ကတ်မိတ္တူတို့နှင့်အတူ (Excel Soft copy) ပြုစု၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationkorea@gmail.com သို့ တင်ပြခြင်း၊ | မြန်မာအေဂျင်စီ |
| ၈။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ စိစစ်ခွင့်ပြုခြင်းနှင့် မြန်မာအေဂျင်စီမှ ထွက်ခွာမည့်ရက် ပြန်လည်တင်ပြခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ခွင့်ပြုချက်ရရှိသည့် အချိန်တွင် လေယာဉ်လက်မှတ် ဝယ်ယူခြင်းဆောင်ရွက်ပြီး ထွက်ခွာမည့်ရက်ဖော်ပြ၍ အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationkorea@gmail.com သို့ ပြန်လည်တင်ပြခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>မြန်မာအေဂျင်စီ |
| ၉။ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီနှင့် လေဆိပ်တာဝန်ခံထံ အကြောင်းကြားခြင်း | - အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ မြန်မာအေဂျင်စီ၊ လေဆိပ်တာဝန်ခံထံသို့ အကြောင်းကြားခြင်း၊<br>- သတ်မှတ်ထားသည့် နေ့ရက်အတွင်း စေလွှတ်နိုင်ခြင်းမရှိပါက စေလွှတ်ခွင့်ပြုနိုင်ရေး တင်ပြသည့်အဆင့်မှစ၍ အသစ်ထပ်မံ ပြန်လည်တင်ပြခြင်း၊ | အလုပ်သမားညွှန်ကြားရေးဦးစီးဌာန<br>မြန်မာအေဂျင်စီ |
| ၁၀။ | ပြည်ပသို့စေလွှတ်ပြီးစီးမှု သတင်းပို့ခြင်း | - သက်ဆိုင်ရာအေဂျင်စီများအနေဖြင့် အလုပ်သမားများစေလွှတ်ပြီးပါက သတ်မှတ်ပေးထားသော ဇယားပုံစံအတိုင်း စာရင်းပြုစု၍ Excel Soft copy ဖြင့် အလုပ်သမားညွှန်ကြားရေးဦးစီးဌာနသို့ အချိန်နှင့်တစ်ပြေးညီ တင်ပြခြင်း၊ | မြန်မာအေဂျင်စီ |
| ၁၁။ | ပြန်လည်ဝင်ရောက်မှုသတင်းပို့ခြင်း | - အေဂျင်စီမှ ပြည်ပသို့စေလွှတ်ခဲ့သည့် အလုပ်သမားသည် အကြောင်းအမျိုးမျိုးကြောင့် ပြန်လည်ရောက်ရှိလာပါက ရောက်ရှိသည့် အကြောင်းအရာ၊ ပြန်လည်ထွက်ခွာမည်ဆိုပါက ထွက်ခွာမည့်နေ့ရက်တို့ကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာန၏ dolmigrationkorea@gmail.com သို့ အချိန်နှင့်တစ်ပြေးညီတင်ပြခြင်း။ | မြန်မာအေဂျင်စီ |

**မှတ်ချက်။ (၁) ၃၀-၁-၂၀၂၅ ရက်နေ့မတိုင်မီ Demand Letter တင်ပြထားသည့် မြန်မာအေဂျင်စီများအနေဖြင့် လူဦးရေ ၁၀ ဦးထက်ပိုသော Demand Letter များကို ၁၀ ဦးဖြင့် ၂၅-၃-၂၀၂၅ ရက်နေ့မှစ၍ ပြင်ဆင်တင်ပြရန်နှင့် အေဂျင်စီတစ်ခုသည် တစ်လလျှင် တစ်ကြိမ်သာ တင်ပြရမည်။**

**(၂) ကိုရီးယားသမ္မတနိုင်ငံ၏ Demand Letter အသစ်တင်ပြခြင်းကို ၂၀၂၅ ခုနှစ်၊ မေလ ၂ ရက်နေ့မှစ၍ လက်ခံဆောင်ရွက်ပါမည်။**

# ညောင်ဦးမြို့နယ်၌ သောက်သုံးရေလိုအပ်နေသော တဲတိုက်များနှင့် ဘုန်းတော်ကြီးကျောင်းအတွက် သောက်သုံးရေ လှူဒါန်း

ညောင်ဦး မတ် ၂၃

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် တောင်ဇင်းကျေးရွာအုပ်စု ဘုန်းတော်တဲတိုက်၊ အောင်မြေတဲတိုက်၊ မောက်ဆပ်ကုန်းတဲတိုက်နှင့် ဂျမ်းလှီးကျေးရွာဘုန်းတော်ကြီးကျောင်းတို့တွင် ဆရာတော် သံဃာတော်များနှင့် ဒေသခံပြည်သူများ သောက်သုံးရေ လိုအပ်နေကြောင်း သိရ၍ မတ် ၂၂ ရက်က ညောင်ဦးမြို့ မြင့်မြတ်သူသောက်သုံးရေဆပ်ကော်မတီက ရေသယ်ယာဉ်ဖြင့် သောက်သုံးရေများ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။



ထိုသို့ သွားရောက်လှူဒါန်းပေးရာတွင် ညောင်ဦးမြို့ မြင့်မြတ်သူသောက်သုံးရေဆပ်ကော်မတီမှ ဦးအောင်ငြိမ်း ဦးဆောင်သောကော်မတီအဖွဲ့ဝင်များက ညောင်ဦးမြို့နယ် ဘုန်းတော်တဲတိုက်ရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၂၀၀၀၊ အောင်မြေတဲတိုက်ရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၂၀၀၀၊ မောက်ဆပ်ကုန်းတဲတိုက်ရှိ ဒေသခံပြည်သူများအတွက် ရေဂါလန် ၂၀၀၀၊ ဂျမ်းလှီးကျေးရွာဘုန်းတော်ကြီးကျောင်းရှိ ဆရာတော် သံဃာတော်များအတွက် ရေဂါလန် ၂၀၀၀ တို့ကို စနစ်တကျဖြန့်ဝေလှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့ မြင့်မြတ်သူသောက်သုံးရေဆပ်ကော်မတီက ပွင့်လင်းရာသီချိန်ရောက်ရှိလာပြီဖြစ်၍ မြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းများ၊ ကျေးရွာများ၊ တဲတိုက်များအပြင် ဘာသာရေးဆိုင်ရာပွဲများအတွက် သောက်သုံးရေဖူလုံစွာ သုံးစွဲနိုင်ရန် ရေသယ်ယာဉ်များဖြင့် သောက်သုံးရေများ နေ့စဉ်ဖြန့်ဝေလှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

❖ **အာရှဖလားမှ**

သုဝဏ္ဏကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲတွင် အုပ်စုတစ်ခုစီမှ ထိပ်ဆုံးတစ်သင်းစီသာ ခြေစစ်ပွဲအောင်မြင်မည်ဖြစ်ရာ မြန်မာအသင်းအနေဖြင့် အုပ်စုပွဲတိုင်း ရလဒ်ကောင်းရယူနိုင်ရန် လိုအပ်နေသည်။ မြန်မာ့လက်ရွေးစင်အသင်းသည် မတ် ၃ ရက်မှစ၍ ပဏာမကစားသမား ၄၂ ဦးဖြင့် စတင်လေ့ကျင့်ခဲ့ပြီး ဝင်းနိုင်ထွန်း၊ ဝေလင်းအောင်စသည့် ကစားသမားအချို့ ဒဏ်ရာပြဿနာကြောင့် ယခုခြေစစ်ပွဲနှင့် လွဲချော်မည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလား တတိယအဆင့်ခြေစစ်ပွဲမတိုင်မီ နိုင်ငံတကာခြေစမ်းပွဲကစားခြင်းမရှိဘဲ မြန်မာယူ-၂၂ အသင်း၊ MNL All Stars အသင်းတို့နှင့်သာ ကွင်းပိတ်ခြေစမ်းကစားထားသည်။

မြန်မာ့လက်ရွေးစင်အသင်းကို နည်းပြချုပ်အဖြစ် ဦးမျိုးလှိုင်ဝင်းက ဆက်လက်ကိုင်တွယ်နေပြီး လက်ရှိတွင် ကစားသမား ၂၆ ဦးဖြင့် ဖွဲ့စည်းထားသည်။ မြန်မာ့လက်ရွေးစင်အသင်းတွင် ဂိုးသမား-ဇင်ညီညီအောင် (ဒဂုံစတား)၊ ဆန်းဆက်နိုင် (ရန်ကုန်ယူနိုက်တက်)၊ နေလင်းထက် (ဟံသာဝတီ)၊ နောက်တန်း-နန္ဒကျော်၊ သက်ဟိန်းစိုး၊ ဟိန်းဖြိုးဝင်း၊ ဖွဲခန့်မင်း (ရှမ်းယူနိုက်တက်)၊ သီဟထက်အောင် (ဒဂုံစတား)၊ ဟိန်းဇေယျာလင်း (ရန်ကုန်ယူနိုက်တက်)၊ ကျော်သီဟဇော် (အား/ကာသိပ္ပံ)၊ စိုးမိုးကျော် (အူထိုင်းထာနီ-ထိုင်း)၊ အလယ်တန်း-လွင်မိုးအောင် (ရရောင်း-ထိုင်း)၊ ကျော်မင်းဦး (PDRM-မလေးရှား)၊ ဇော်ဝင်းသိန်း၊ ဥက္ကာနိုင် (ရန်ကုန်ယူနိုက်တက်)၊ မင်းမော်ဦး (သစ္စာအားမာန်)၊ အောင်နိုင်ဝင်း (ရခိုင်ယူနိုက်တက်)၊ မြတ်ကောင်းခန့်၊ ခွန်ကျော်ဇင်ဟိန်း၊ ရဲရင့်အောင် (ရှမ်းယူနိုက်တက်)၊ သီဟဇော် (နာဂါဝေါ-ကမ္ဘောဒီးယား)၊ မောင်မောင်လွင် (လမ်ဖွန်ဝါရီယာ-ထိုင်း)၊ ဟိန်းထက်အောင် (နီဂျီရီဆီဘမ်လန်-မလေးရှား)၊ ရှေ့တန်း-သန်းပိုင် (ကန်ချာနာဘူရီ-ထိုင်း)၊ အောင်ကောင်းမာန် (ဖရေးယူနိုက်တက်-ထိုင်း)နှင့် ပြည်မိုး (ရတနာပုံ) တို့ ပါဝင်ကြသည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-စိုးညွန့်သော်**

❂ **MNL-2 မှ**

အင်းစိန်စီးတီးအသင်းအတွက် ဂိုးစတင်သွင်းယူသော်လည်း ၈၃ မိနစ်တွင် ထွန်းလင်းအောင်က YRFA အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သည်။ 10/Mon အသင်းသည် ယခုပွဲမကစားမီကတည်းက နောက်တစ်ဆင့်တက်ရန် အခြေအနေကောင်းနေသော်လည်း အနိုင်ရလဒ် ရယူခဲ့ခြင်းဖြစ်သည်။ 10/Mon အသင်းအတွက် ဂိုးများကို နှစ်မိနစ်တွင် ညီညီအောင်၊ ၂၆၊ ၅၀၊ ၅၁၊ ၇၂ မိနစ်တွင် ကျော်ထက်နိုင်၊ မိနစ် ၈၀ တွင် အာကာမျိုးတို့က သွင်းယူပြီး မြရောအသင်းအတွက် ချေပဂိုးများကို ၁၅ မိနစ်တွင် နိုင်လင်းစိုး၊ မိနစ် ၅၀ တွင် ချမ်းမြေ့အောင် ၈၇ မိနစ်တွင် အောင်ဆန်းတို့က သွင်းယူခဲ့သည်။

အုပ်စု (ခ) ပွဲစဉ်များအပြီးတွင် YRFA အသင်းက ရမှတ် ၁၀ မှတ်ဖြင့် အုပ်စုပထမ၊ 10/Mon အသင်းက ရမှတ် ကိုးမှတ်ဖြင့် အုပ်စုဒုတိယရရှိကာ ဆီမီးဖိုင်နယ်တက်ရောက်သွားပြီး လေးမှတ်ရခဲ့သည့် အင်းစိန်စီးတီးအသင်း၊ သုံးမှတ်စီရရှိသည့် TKG Hmawbi အသင်းနှင့် မြရောအသင်းတို့မှာ အုပ်စုအဆင့်မှ ထွက်ခဲ့ရသည်။

ဆီမီးဖိုင်နယ်ပွဲစဉ်များကို မတ် ၂၆ ရက်တွင် ကျင်းပမည်ဖြစ်ပြီး Young Boy အသင်းနှင့် 10/Mon အသင်း၊ YRFA အသင်းနှင့် Zan United အသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ကိုညီလေး**
**ဓာတ်ပုံ-MNL**

■ FIFA မှ

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် လူငယ်ဖူဆယ်ကစားသမားများ ထွက်ပေါ်လာစေရန်အတွက် လူငယ်လိဂ်ပြိုင်ပွဲနှစ်ခုကို ယခုနှစ်တွင် စတင်ကျင်းပခြင်းဖြစ်ပြီး ယူ-၁၆ လိဂ်ကို မတ် ၂၃ ရက်တွင် စတင်ကျင်းပခဲ့သလို ယူ-၁၉ လိဂ်ပြိုင်ပွဲကိုလည်း ပြိုင်ပွဲဝင်အသင်း ၁၂ သင်းဖြင့် မတ် ၂၄ ရက်တွင် စတင်ကျင်းပမည်ဖြစ်သည်။ ယူ-၁၆ လူငယ်လိဂ်ပြိုင်ပွဲ ပွဲစဉ် (၁) တွင် Pacific Sun Far အသင်းက Golden Boys အသင်းကို သုံးဂိုး-နှစ်ဂိုး၊ Avengers Junior အသင်းက FFU မင်းမဟော်အသင်းကို လေးဂိုး-သုံးဂိုး၊ SGF အသင်းက TKA Star အသင်းကို သုံးဂိုးပြတ်၊ Victoria အသင်းက ရွှေပြည်သာယူနိုက်တက်အသင်းကို ကိုးဂိုးပြတ်၊ Jullniss အသင်းက မလိခအသင်းကို နှစ်ဂိုး-တစ်ဂိုး၊ Kyaung Sayar Tharhtwe အသင်းက King Cobra အသင်းကို ခုနစ်ဂိုး-ငါးဂိုးဖြင့် အနိုင်ရရှိသည်။

ယူ-၁၆ ဖူဆယ်လိဂ်ပြိုင်ပွဲကို မတ် ၂၃ ရက်မှ ဇွန် ၁ ရက်အထိ အပတ်စဉ် တနင်္ဂနွေနေ့များတွင် ကျင်းပမည်ဖြစ်သည်။ **သတင်း-ကိုညီလေး၊ ဓာတ်ပုံ-MFF**



SGF အသင်းနှင့် TKA Star အသင်းတို့ ယှဉ်ပြိုင်ကစားစဉ်။


**သက်ရှည်ကျန်းမာဖို့ စားသုံးဆီကို တတ်နိုင်သမျှ လျှော့စားစို့**



## မြေကွက်အရောင်းအဝယ် ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာရပ်ကွက်၊ ညောင်သုံးပင်ကျေးရွာ၊ အိမ်အမှတ်(၃၃၈)၊ မြတ်လေး(၂)လမ်း၊ ညောင်သုံးပင်ရွာဟုခေါ်ဆိုသော တည်နေရာရှိ အကျယ်(၁၅ပေ x ၆၀ပေ)ရှိ မြေနှင့်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရောင်းချပိုင်ခွင့်ရှိကြောင်း မြွက်ဆိုဝန်ခံသူ ဦးမျိုးလှိုင်[၁၂/ဗတထ(နိုင်)၀၁၃၄၉၆]မှ ဝယ်ယူသူ ဒေါ်ကြည်ဖြူဇင်[၁၂/အစန(နိုင်)၂၃၃၇၃၄]ဖြစ်သူအား သဘောတူအရောင်းအဝယ် ပြုလုပ်ရန် ဝယ်ယူသူမှ စရန်ငွေအချို့ ရောင်းသူထံ ပေးချေပြီးဖြစ်ပါသည်။

ယခု အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ကြေညာပါသည့် (၁၀) ရက်အတွင်း ကျွန်ုပ်ထံ မူရင်းပိုင်ဆိုင်ခွင့် စာရွက်စာတမ်းဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအသိပေးအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးလှချို**
**တရားလွှတ်တော်ရှေ့နေ (စဉ် - ၅၅၅၄)**
**B.Sc, H.G.P. R.L, D.B.L, D.M.L**
**Ph:09-420300712, 09-266068408**



## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အရှေ့ဒဂုံမြို့နယ်၊ (၇)ရပ်ကွက်၊ ငထွေးရှူးလမ်း၊ အမှတ်(၂၉)နေ အဖ ဦးအောင်သူရ + အမိ ဒေါ်ဥမ္မာစိုးလွင်တို့၏ သမီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်အမှတ်[၁၂/ဒဂရ(နိုင်)၀၂၀၉၁၇]ကိုင်ဆောင်သူ မသဒ္ဒါစိုးသည် မိဘများ၏ ပြောဆိုဆုံးမမှုများကို လက်မခံသောကြောင့် (၂-၁၁-၂၀၂၄) နေ့မှစ၍ သားသမီးအဖြစ်မှ အမွေပြတ် စွန့်လွှတ်လိုက်ပါကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမဆို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးအောင်သူရ+ဒေါ်ဥမ္မာစိုးလွင်**



## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၀)၊ လူနေရပ်ကွက်အမှတ်(၇)၊ ရွှေစင်(၃)လမ်း၊ မြေကွက်အမှတ်(၁၉၅/က)၊ ဒေါ်လင်းလင်းစိုး အမည်ပေါက် နှစ်(၆၀)ဂရန်ထွက်ရှိထားသော အကျယ်ပေ(၂၀x၆၀)၊ ဧရိယာ(၀.၀၂၇)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီးစုံပါ လူနေအိမ်၏ လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍၎င်းမှသာလက်ဝယ်ထားရှိ ပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြု လွှဲပြောင်းရောင်းချသူ ဦးအောင်မင်း[၁၂/ဥကမ(နိုင်)၁၆၂၃၉၅]၊ ဒေါ်ပွင့်ပွင့်စိုး[၁၀/ကထန(နိုင်)၀၆၈၆၇၀]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးသိုက်ဟိန်း[၁၂/ကမတ(နိုင်)၀၄၉၅၁၄]မှ အပြီးအပိုင်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသည့်မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားစာရွက်စာတမ်းမူရင်းများနှင့်အတူကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်နှင်းဝေ(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၇၄)**
**အမှတ်(၉၃)၊ နဝရတ်လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၆၃၆၄၄၅၁၇**



## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉)၊ လူနေရပ်ကွက်အမှတ်(၇)၊ နှင်းပန်း(၃)လမ်း၊ မြေကွက်အမှတ်(၇၆)၊ ဦးသန်းစိုး အမည်ပေါက် မြေချပါမစ် ထွက်ရှိထားသော အကျယ်ပေ(၄၀x၆၀)၊ ဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီးစုံပါလူနေအိမ်၏ လက်ရောက်ပိုင်ဆိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား အရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူ၍ ၎င်းမှသာ လက်ဝယ်ထားရှိ ပိုင်ဆိုင်သည်ဟု ဝန်ခံကတိပြု လွှဲပြောင်းရောင်းချသူ ဒေါ်ချိုချိုမာ[၁၂/ကမတ(နိုင်)၀၆၀၁၅၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးလှရွှေ[၁၂/ရပသ(နိုင်)၀၆၀၇၈၄]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးတန်ဖိုးငွေအနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသည့် မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ယဉ်နှင်းဝေ(LL.B,D.B.L) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၂၇၄)**
**အမှတ်(၉၃)၊ နဝရတ်လမ်း၊ (၇)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၉၆၃၆၄၄၅၁၇**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန်ကြေညာချက်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်[ကြီးပွားရေး (မြောက်)]၊ တပင်ရွှေထီးလမ်း၊ မြေကွက်အမှတ်(၂၆၈/ခ) ပေါ်တွင် ဆောက်လုပ်ထားသော ၁ ခန်းတည်း(၃)ထပ်ခွဲတိုက်အဆောက်အဦရှိ (ဒါဘာ)၊ အကျယ်အဝန်း–အလျားxအနံ (၁၈ပေx၅၁ပေ)ရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့် ဆက်စပ်တွယ်ကပ်လျက်ရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်နေထိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော ဦးထင်ကျော်[၁၂/ဗဟန(နိုင်)၀၆၆၅၉၇]၊ ဒေါ်ဥမ္မာဝင်း [၁၂/ဗဟန(နိုင်)၀၀၃၆၉၈]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိုးမိုးလှိုင်[၁၂/ကတတ(နိုင်) ၀၂၃၀၀၄]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ တိုက်ခန်းနှင့်ပတ်သက်ပြီး ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား(မူရင်း)များဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သွားပါက အပြီးသတ်ငွေပေးချေ၍ တရားဝင်ပိုင်ဆိုင်ရေးကိစ္စရပ်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်သူဇာငြိမ်း(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၄၀၁)**
**အမှတ်(၇၉၃/က)၊ စာဂ(၁၇)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း –၀၉–၅၁၃၁၂၀၃၊ ၀၉–၂၅၁၀၁၂၅၃၀**

## “ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း”

ရန်ကုန်မြို့၊ မင်္ဂလာဒုံခရိုင်၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းအမှတ်–၄၁၊ လူနေရပ်ကွက်အမှတ်–တ/၁၅ ရပ်ကွက်၊ ပန်းခြံ(၁၀) အတွင်းလမ်းရှိ မြေအကျယ်ပေ မူလအနံ ၂၀ပေ xအလျား ၆၀ပေမှ ခွဲခြမ်းစိတ်ဖြာရောင်းချထားသောခြေရင်းဘက်အခြမ်းရှိ အနံ ၁၀ပေx အလျား ၆၀ပေ ပေါ်တွင်ဆောက်လုပ်ထားသော တစ်ထပ်တိုက်အပါအဝင်ရေ၊ မီးမီတာ၊ သီးပင်စားပင်၊ မြေပေါ်မြေအောက် အကျိုးခံစားခွင့်အရပ်ရပ်တို့အား မိမိသာတရားဝင်ပိုင်ဆိုင်ပြီး၊ အခြားမည်သူတစ်ဦးတစ်ယောက်မျှ ပိုင်ဆိုင်စရာအကြောင်းမရှိဘဲ မိမိ၏ပိုင်ဆိုင်မှုသာဖြစ်၍ လက်ရှိအိမ်ငှားများ အငှားချထားခြင်းသည် မိမိကိုယ်တိုင်ငှားရမ်းထားခြင်းသာဖြစ်ကြောင်း၊ ပိုင်ဆိုင်မှုဆက်စပ်စာချုပ်များ၊ ပါမစ်မူရင်းများ လက်ဝယ်မရှိဘဲ ပျောက်ဆုံးနေသော်လည်း၊ ပါမစ်မူရင်း၏ပရင့်များ၊ မိတ္တူများပြ၍ ရောင်းချရန် ကမ်းလှမ်းလာသူ ဦးစိုးပိုင် [၁၂/လသယ(နိုင်)၀၀၃၀၇၁]ထံမှ ယခုလက်ရှိ ၎င်းအိမ်ခြံမြေပေါ်၌ပင် ငှားရမ်းနေထိုင်နေသူ ကျွန်ုပ်၏မိတ်ဆွေ ဦးတင်ထွန်းဦး [၁၂/ဒဂတ(နိုင်)၀၆၆၈၁၂]မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်သောကြောင့် ပိုင်ဆိုင်မှုနှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ယနေ့ (၂၄–၃–၂၀၂၅)မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်မှုများ ပြသ၍ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်ထွန်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မိုးစံပယ်ထွေး (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်–၁၅၁၄၈)**
**အောင်သုခလမ်းမကြီး၊ ပန်းခြံ(၅)၊ တ/၁၅ ရပ်ကွက်**
**ရွှေပြည်သာမြို့နယ်၊ ရန်ကုန်မြို့။ ၀၉–၇၉၉၇၄၁၃၃၂**

## အများသိစေရန်အသိပေးကြေညာခြင်း

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ဒေါ်သီရိမြင့်အောင် [၁၂/ဥကမ(နိုင်)၂၂၉၁၉၉] သည် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ ကြယ်စင်မြို့တော်အိမ်ရာစီမံကိန်းအတွင်းရှိ Star City Condo CL(1)၊ အခန်းအမှတ်(၂၁၄) ဟုခေါ်တွင်သော အကျယ်အဝန်း (၇၁၀)စတုရန်းပေအကျယ်ရှိ Condoတိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့် ဆက်စပ်အသုံးပြုနေသည့် ပစ္စည်းများအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို Condoတိုက်ခန်း အမည်ပေါက်ဖြစ်သူ ဦးအောင်ဌေး [၁၁/စတန(နိုင်)၀၀၉၇၈၉]ထံမှ(၂၁–၃–၂၀၂၅) ရက်စွဲပါ “Condoတိုက်ခန်း အပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်” ဖြင့် ဝယ်ယူလက်ဝယ်ပိုင်ဆိုင်ထားကာ ယနေ့အချိန်ထိ ပိုင်ဆိုင်မှုအဆက်ဆက်အရောင်းအဝယ် ကတိစာချုပ်မူရင်းများနှင့်တကွ အေးချမ်းစွာစီမံခန့်ခွဲနေထိုင်လျက်ရှိကြောင်း သိရှိရပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ Condoတိုက်ခန်းနှင့်ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ၏ တရားဝင် ခွင့်ပြုချက် တစ်စုံတစ်ရာမရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းပေးအပ်ခြင်း၊ ပေးကမ်းလှူဒါန်းခြင်း၊ အာမခံအနေဖြင့်တင်သွင်းခြင်း၊ အခြားသောနည်းလမ်း တစ်နည်းနည်းဖြင့် ဥပဒေနှင့်ဆန့်ကျင်၍ စီမံခန့်ခွဲခြင်းများ လုံးဝ (လုံးဝ)မပြုလုပ်ရန်နှင့် ပြုလုပ်ခဲ့မည်ဆိုပါက ပြုလုပ်သူအပေါ်တွင် တရားဥပဒေနှင့်အညီ တရားစွဲဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးစွမ်းထက်ပိုင်LL.B, DBL, DIL, MA(Business Law) ဒေါ်ပိုးဇာနည်ဝင်း LL.B**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၆၂၀၆)      အထက်တန်းရှေ့နေ(စဉ်–၅၀၅၉၅)**
**ဖုန်း –၀၉–၄၃၀၉၄၆၇၂      ဖုန်း –၀၉–၇၉၉၈၉၀၄၉၂**
**တိုက်(၁၄)၊ အခန်း (B–1 / B–2)၊ မဟာမြိုင်အိမ်ရာ၊ (၄၁/တိုးချဲ့)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၂၉) ရပ်ကွက်၊ အောင်မေတ္တာလမ်း၊ အမှတ်– (၄၂၄) ဟု ခေါ်တွင်သော (၂)ခန်းတွဲ (၆)ထပ်တိုက် အဆောက်အဦကို မြေရှင်နှင့် တာဝန်ခံ ဆောက်လုပ်သူတို့၏ **“(၁၀–၇–၂၀၁၄)ရက်စွဲပါ အခန်းအပေးအယူစနစ်ဖြင့် ကန်ထရိုက်တိုက်ဆောက်လုပ်ရန် နှစ်ဦးသဘောတူ ကတိစာချုပ်”** အရ ဒုတိယထပ်၊ (၃–လွှာ) (ယာ)၊ (တိုက်၏မျက်နှာမူရာ ဝဲဘက်အခြမ်း)၊ အကျယ်အဝန်း (၁၉ ပေ x ၅၄ ပေ)ရှိ တိုက်ခန်းသည် တာဝန်ခံဆောက်လုပ်သူ ရရှိသော အခန်းများထဲမှ အခန်း(၁)ခန်းဖြစ်ပြီး ယင်းတိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား မိမိသာလျှင် ပိုင်ဆိုင်၍ လက်ဝယ်ထားရှိ အကျိုးခံစားလျက်ရောင်းချခွင့်ရှိသည်ဟု အဆိုပြုသူ ဦးခင်မောင်မောင် [၉/မနမ(နိုင်)၀၉၂၃၁၉]ထံမှ ကျွန်ုပ်တို့မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်တို့ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ပြီးစီးအောင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**

| | | |
|---|---|---|
| **ဦးကျော်စိုးမိုး LL.B** | **ဒေါ်ခင်မာဆွေ LL.M** | **ဦးချစ်သွယ်ဦး LL.B** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **(စဉ်–၇၈၈၅)** | **(စဉ်–၇၈၉၈)** | **(စဉ်–၅၂၂၀၅)** |

**အမှတ်–၉၇၊ ပထမထပ်၊ ၃၈–လမ်း(အောက်)ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်မြို့။ ဖုန်း–၀၉–၄၃၀၆၉၉၂၃၊ ၀၉–၅၀၃၈၉၇၄**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

## အများသိစေရန်ကြေညာခြင်း

(၁) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆၃)၊ စက်မှုဇုန်၊ မြေကွက်အမှတ်(၂၈၃၂)၊ ဧရိယာ(အလျား ၂၇၃ပေ/၁၇၅ပေxအနံ၁၁ပေ/၁၆၉ပေ)(၀.၃၃၅)ဧကရှိ နှစ်(၆၀)ဂရန် မြေကွက်ယင်းမြေကွက်ပေါ်တွင် တည်ရှိသော အမှတ်(၂၈၃၂)၊ အောင်မင်္ဂလာလမ်း၊ (၆၃)စက်မှုဇုန်ရပ်ကွက်၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်ရှိ စက်ရုံအဆောက်အဦနှင့်
(၂) ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၆၄)စက်မှုဇုန်၊ မြေကွက်အမှတ်(၃၁၇+၃၁၈)၊ ဧရိယာ(အလျား၉၀ပေx အနံ ၆၀ ပေ) (၀.၁၂၄)ဧကရှိ နှစ် (၆၀)ဂရန်မြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင် တည်ရှိသော အမှတ် (၃၁၇+၃၁၈)၊ ပန်းလှိုင်လမ်း၊ (၆၄)စက်မှုဇုန်ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးရှိ အဆောက်အဦနှင့်
(၃) ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်၊ မြေကွက်အမှတ်(၁၂၅)၊ ဧရိယာ (အလျား၂၀ပေxအနံ၄၀ပေ)ရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် တည်ရှိသောအမှတ်(၃၃)၊ အနောက်မြင်းပြိုင်ကွင်းလမ်း၊ ဗိုလ်စိန်မှန်ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးဟုခေါ်တွင်သာ အဆောက်အဦနှင့် ပတ်သက်၍ အမည်ပေါက် ဦးလှထွန်း၏ဇနီး ဒေါ်တင်တင်ဝင်း [၁၂/ဗဟန (နိုင်) ၀၄၄၂၈၆]နှင့် သမီးများဖြစ်ကြသော ဒေါ်သီတာထွန်း[၁၂/ဗဟန(နိုင်)၀၄၀၂၈၇]၊ ဒေါ်နီလာထွန်း [၁၂/ဗဟန(နိုင်)၀၄၀၅၂၅]၊ ဒေါ်စန္ဒာမိုးထွန်း[၁၂/ဗဟန(နိုင်) ၀၄၃၈၆၆]၊ ဒေါ်ခင်ဥမ္မာထွန်း [၁၂/ဗဟန(နိုင်)၀၄၅၇၁၉]၊ ဦးဇော်ဝင်းထွန်း[၁၂/ဗဟန(နိုင်)၀၀၃၇၆၉]တို့၏ သဘောတူခွင့်ပြုချက်မရရှိဘဲ လွှဲပြောင်းခြင်း၊ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ကျူးကျော်ဝင်ရောက်နေထိုင်ခြင်း၊ အာမခံတင်ခြင်းမပြုရန် အများသိစေရန် ကြေညာအပ်ပါသည်။ **ညွှန်ကြားချက်အရ**
**ဒေါ်စန်းစန်းဝင်း B.A (LAW) LL.B (Advocate), D.B.L, D.M.L,D.I.L, D.A.Psy.**
**WIPO, DL (101), (201), (317) Switzerland ( Geneva).**
**တရားလွှတ်တော်ရှေ့နေ(စဉ် –၂၁၇၂)**
**အမှတ်(၂၀၉/ဃ)၊ ဘူတာရုံလမ်း၊ ကန်ဘဲ့၊ (၁၂) ရပ်ကွက်၊ ရန်ကင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း–၀၉ –၅၀၇၁၂၀၆၊ ၀၉ –၉၇၄၇၃၅၆၈၆**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၁) ရပ်ကွက်၊ (၃၃)လမ်း၊ အမှတ်(၁၅၅/၁၉၂)၊ အခန်းအမှတ်(၂၀၁)ကို မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးသိန်းဝင်း[၁၂/ဗဟန(နိုင်) ၀၀၉၅၀၅] နှင့် ဒေါ်စန်းစန်းဝင်း[၁၂/ဗဟန(နိုင်)၀၁၉၂၂၀]တို့ထံမှ တစ်ဆင့်ပြန်လည် ဝယ်ယူထားသူ ဒေါ်တင်တင်ဦး (ခ)အက်စ်ချောင်ဒရီ [၁၂/ဗတထ(နိုင်)၀၂၅၃၂]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ၊ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## အများသိစေရန် ကြေညာခြင်း

ကျွန်တော် ဦးကျော်သူရ [၁၂/စခန(နိုင်)၀၁၉၂၈၀]သည် ဒေါ်ရတနာဦး[၁၂/ဒဂတ(နိုင်)၀၅၀၆၈၄] နှင့် လက်ထပ်ပေါင်းသင်းကာ သား(၃)ဦးထွန်းကားခဲ့ပါသည်။ (၂၄–၉–၂၀၂၄)ရက်နေ့မှ စတင်ကာ နှစ်ဦးသား စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ တရားရုံးချုပ်၌ တရားဝင်ကွာရှင်းပြတ်စဲခဲ့ပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၂၄–၉–၂၀၂၄)ရက်နေ့ နောက်ပိုင်းမှစတင်ကာ ဒေါ်ရတနာဦး၏ ကိစ္စအဝဝသည် ကျွန်တော် ဦးကျော်သူရနှင့်တကွ သား(၃)ယောက်တို့နှင့် လုံးဝပတ်သက်ဆက်စပ်မှုမရှိကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးကျော်သူရ [၁၂/စခန(နိုင်)၀၁၉၂၈၀]**
**၀၉–၇၇၈၂၁၂၁၃၆**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၉၀)၊ မြန်အောင်လမ်း၊ မြေကွက်အမှတ်(၆၀)၊ အကျယ်အဝန်း(၄၀ပေx၆၀ပေ) အနက်မှ (၂၀ပေx၆၀ပေ)အကျယ်ရှိသော ခြေရင်းခြမ်း ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့် တစ်ထပ်ခွဲတိုက်နှင့် ရေ၊ လျှပ်စစ်မီတာ ပါဝင်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို မြေချပါမစ်အမည်ပေါက် ဦးအောင်တင်[၁၂/အစန(နိုင်)၀၄၆၇၈၇] ကိုင်ဆောင်သူထံမှ ဒေါ်ကြည်ဖြူခင် [၁၄/ရကန(နိုင်)၁၁၇၀၄၅]ကိုင်ဆောင်သူမှ အရပ်ကတိစာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး တရားဝင်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုလာရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်လဲ့လဲ့ထွေး[၁၂/သကတ(နိုင်)၁၂၅၁၀၂]က အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူ မည်သူမဆို ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံလာရောက် ကန့်ကွက်နိုင်ကြောင်းနှင့်ကန့်ကွက်သူမရှိပါကအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်လဲ့လဲ့ထွေး၏လွှဲအပ်ညွှန်ကြားချက်အရ –**
**ဒေါ်မြတ်ပပခိုင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်–၄၄၈၇၃)**
**အမှတ်(၅၇၈/က)၊ စိန်ပန်း(၈)လမ်း၊ (၁၉)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်။**
**ဖုန်း–၀၉ ၄၂၁၀၂၀၇၈၀**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ ထောက်ကြန့်မြို့၊ ရဲစုတောင်ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်(၆၆၅)တွင်တည်ရှိသည့် မျက်နှာစာအနံ (၂၄)ပေ x ရှေ့နောက်အလျား (၆၀)ပေ ဧရိယာ အကျယ်ပမာဏရှိသော မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိထားပိုင်ဆိုင်သူ ဒေါ်ခင်မာကြူ [၁၂/လကန(နိုင်)၀၈၄၇၄၇] ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျောက်တဲ့လင်း [၁၃/လရန(နိုင်)၁၁၇၄၃၃] က အပြီးအပိုင် ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေကို ပေးချေထားပြီးဖြစ်၍ ဤကြော်ငြာပါသည့်နေ့ရက်မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသောအထောက်အထား စာချုပ်စာတမ်းမူရင်းများနှင့်တကွ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက် ကန့်ကွက်မှုမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးဝင်းမင်းထွန်း LL.B**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၆၃၃၉)**
**အမှတ်(၆၂၆)၊ ပြည်တော်သာ(၅)လမ်း၊ ပြည်တော်သာရပ်ကွက်၊**
**လှည်းကူးမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ၀၉–၂၅၃၈၇၅၉၅၉**

## မင်းကွန်းတိပိဋက–နိကာယသာသနာပြုဥပဋ္ဌာကအဖွဲ့
## လှူဒါန်းနိုင်ပါသည်

မြန်မာနိုင်ငံတော်တွင် အဆင့်မြင့်တိပိဋကရေ ပရိယတ္တိစာပေများကို သင်ကြားပို့ချနေသည့် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကရေဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက–နိကာယကျောင်းတိုက်ကြီးများတွင် ဓမ္မာစရိယအောင်မြင်ပြီး တိပိဋက(၁)ပုံအောင်၊ (၂)ပုံအောင်၊ (၃)ပုံဆောင်၊ (၃)ပုံအောင် ဆရာတော်၊ သံဃာတော်များ ပိဋကတ်စာပေများကို ကျက်၊ အံ၊ ကြံ၊ ကြည့်၍ ဓမ္မက္ခန္ဓာပေါင်း(၈၄၀၀၀) တို့ကို နှလုံးအိမ်၌ ကိန်းအောင်းစေလျက် သီတင်းသုံး နေထိုင်တော်မူကြသော သာသနာ့အာဇာနည်အရှင်သူမြတ်အပါး(၁၅၀)တို့အား ဆွမ်း၊ ပစ္စည်းလေးပါး၊ မပူမပင် မကြောင့်မကြရလေအောင် တိ–နိအဖွဲ့များမှ ကြိုးပမ်းဆောင်ရွက်တော်မူ၍ ဆရာတော်၊ သံဃာတော်များအား အရုဏ်ဆွမ်း၊ နေ့ဆွမ်း၊ နေ့–ည စတုမဓု အချိုရည်များ ဆက်ကပ်လှူဒါန်းလျက်ရှိပါသည်။

| | | | |
|---|---|---|---|
| ၁။ | ဆွမ်းပဒေသာပင်တစ်ပင်လျှင် | ကျပ်–၁၀၀၀၀ဝိ/– | ပိတ်ရက်မရှိ လှူဒါန်းနိုင်ပါသည် |
| ၂။ | ပစ္စည်းလေးပါးပဒေသာပင်တစ်ပင်လျှင် | ကျပ်–၂၀၀၀ဝိ/– | |
| ၃။ | ရေ၊ မီး၊ ဆေးပဒေသာပင်တစ်ပင်လျှင် | ကျပ်–၅၀၀၀ဝိ/– | |
| ၄။ | စာအောင်ဆုနှင်းပဒေသာပင်တစ်ပင်လျှင် | ကျပ်–၅၀၀၀ဝိ/– | |
| ၅။ | ကျောင်းရှိသံဃာအကုန် အရုဏ်ဆွမ်း | ကျပ်–၇၅၀၀ဝိ/– | |
| ၆။ | ကျောင်းရှိသံဃာအကုန် နေ့ဆွမ်း | ကျပ်–၁၅၀၀၀ဝိ/– | |

လှူဒါန်းပြီး အနုဂါမိကရွှေအိုးကြီးမြှုပ်နှံ၍ ပရိယတ္တိသာသနာတော်ကြီးအား ချီးမြှောက်တော်မူကြရန် နိဗ္ဗာန် အကျိုးမျှော်၍ နိုးဆော်အပ်ပါသည်။ ဆွမ်းပဒေသာပင်များ (၁၀၀၀)စီပြည့်တိုင်း မှတ်တမ်းတင်စာအုပ်ထုတ်၍ ရေစက်ချပွဲ အခမ်းအနားကို ရန်ကုန်မြို့၊ တိပိဋကကျောင်းတော်၌ ကျင်းပပြုလုပ်ပါသည်။

**ဆက်သွယ်လှူဒါန်းနိုင်သောဌာနများ**

၁။ တိ–နိ ရန်ကုန်၊ တိပိဋကကျောင်းတော်၊ အမှတ်(၁၂ )၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်၊
– မြန်မာ့စီးပွားရေးဘဏ်၊ ငွေစုဘဏ်(၂)၊ ရန်ကုန် A/C No.SS.177064
– KBZ BAHOSI BR Yangon. A/C No.061–301–06100094501 –ဦးသိန်းလှိုင်
– AGD Bank(MGTN), A/C 3240301000254013
– CB Bank A/C 0002600 1000 28851
AYA Bank A/C 40020682989
A Bank A/C–0014010200009553
ရန်ကုန်မြို့၊ ဖုန်း–၀၉–၄၂၀၀၄၀၄၉၂၊ ၀၁–၂၂၂၇၈၊ ၀၉–၄၄၃၁၉၇၉၉၅
၂။ တိ–နိ မန္တလေး၊ အမှတ်(၁၉)၊ ၂၆(ဘီ)လမ်း၊ ပိုက်ကျုံးရပ်၊ မန္တလေးမြို့၊ ဖုန်း–၀၉–၂၁၃၁၀၂၃–ဦးဝင်းဆွေ
၃။ တိပိဋက–နိကာယ မော်လမြိုင်ကျောင်းတိုက်၊ ၃၇ လမ်းနှင့် ၃၈ လမ်းကြား၊ ဗိုလ်ချုပ်လမ်းမ၊ ရန်ကုန်။
ဖုန်း–၀၉–၄၄၃၁၉၇၉၉၅၊ ၀၉–၇၉၅၇၉၅၇၉၀

## အမည်ပြောင်း

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁) ရပ်ကွက်၊ အမှတ်–၁၄၁နေ အဖ ဦးဝေဟင်ထွန်း[၁၂/ဥကမ(နိုင်) ၂၁၉၉၂၃]၏သား အမက(၂) မူလွန် Grade–3 မှ မောင်အောင် မင်းခန့်အား မောင်မြတ်သုတကို ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ ခရမ်းမြို့၊ ကမ်းနားလမ်း၊ (၂)ရပ်ကွက်တွင် နေထိုင်သူ မိခင်ဖြစ်သူ ဒေါ်မြင့်မြင့်ဌေး (ဘ)ဦးစံရ နှင့် ဇနီးဖြစ်သူ မဌေးအိမွန်(ဘ) ဦးခင်မောင်ကြည်တို့မှ မောင်ကျော်မင်းဦး (ဘ)ဦးစိန်လှအောင် [၁၂/ခရန(နိုင်)၀၈၁၄၁၄] သည် (၃–၃–၂၀၂၅)ရက်နေ့တွင် နေအိမ်မှ ၎င်း၏ သဘောဆန္ဒအတိုင်း ထွက်သွားပါသဖြင့် ၎င်းနှင့် ပတ်သက်သော ငွေကြေးကိစ္စ၊ လူမှုရေးကိစ္စ အစစအရာရာတို့ကို တာဝန်မယူကြောင်း အများသိစေရန် ဒေါ်မြင့်မြင့်ဌေး နှင့် မဌေးအိမွန်တို့၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာခြင်း ဖြစ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သိန်းသိန်းဆင့်(L.L.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၆၉၇/၂၀၁၂)**
**အောင်မေတ္တာလမ်း၊ (၃)ရပ်ကွက်၊ ခရမ်းမြို့။**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဝင်းညွှန့်[၈/ဆဖန(နိုင်)၀၃၀၇၁၇]၏ သင်္ဘောသားလုပ်သက်စာအုပ် ရန်–၁၁၄၂/၉၈မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**Ph:09–450029956**

## မှတ်ပုံတင်
## အမှန်ဖြစ်ပါကြောင်း

၂–၈–၂၀၁၁ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၁၄)ကြေညာပါ အဖ ဦးတင့်ဝေ (ခ) ဦးဝင်းခင်၏ သား ဦးမြတ်နိုးဦး၏ နိုင်ငံသားစိစစ်ရေး အမှတ်အမှန်မှာ [၁၂/သလန (နိုင်)၀၉၅၆၇၃] ဖြစ်ပါကြောင်း။

## **ရန်ကုန်မြို့၊ ရွှေပြည်သာမြို့နယ်၊ (၁၁)ရပ်ကွက်၊ ရဲရန်နိုင်လမ်း၊ အမှတ်(၁၀၅/ခ)၊ မြို့မြေကွက်အမှတ်(၃၅)၊ ဦးသိန်းအောင် အမည်ပေါက် အကျယ်အဝန်း(၂၀x၆၀)ပေရှိ ပါမစ်မြေကွက်နှင့် ယင်းမြေပေါ်ရှိ နေအိမ်အရောင်းအဝယ်တို့နှင့်ပတ်သက်၍**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်နှင့် နေအိမ်အပါအဝင် တွယ်ဆက်အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရှုပ်အရှင်းကင်းရှင်းစွာ တရားဝင် ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထားရှိ၍ တရားဝင် လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံပြောဆိုသူ ဦးတင်နိုင်[၉/ညဥန(နိုင်)၁၅၄၁၉၄]ထံမှ အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေထားပါ၍ အဆိုပါ အရောင်းအဝယ်နှင့် ပတ်သက်ပြီး ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားမူရင်းများနှင့်အတူ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ် ပြီးမြောက်သည်အထိ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးယဉ်ထွန်း(LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၁၂၉၅၁)**
**ရုံးခန်း–အမှတ် (၁၀/၉၇)၊ နှယ်သာကီပန်းခြံရှေ့၊ ခေမာသီလမ်းမကြီး၊**
**မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း– ၀၉–၄၂၁၁၀၂၅၆၄**

**သင့်သွေးဖြင့်**
**အသက် ကယ်ပါ**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ သီရိခေမာရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်–(၂၇. ဘီ၁)၊ မြေကွက်အမှတ်[၂၈. ဘီ၅/၁. င (၁)]၊ ခတ္တာလမ်း၊ အိမ်အမှတ်(၂၂)ရှိ အကျယ်အဝန်း–(၃၇ပေx၅၅ပေ)အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော (၁၈.၅ပေx၅၅ပေ) အကျယ်အဝန်းရှိ (ခေါင်းရင်းခြမ်း) အိမ်မြေအား မူလပိုင်ရှင်ဖြစ်သူ ဒေါ်ညိုပိုင်း[၁၂/စခန(နိုင်)၀၂၈၄၅၈]ထံမှ ကျွန်ုပ်တို့ မိတ်ဆွေ ဒေါ်ဌေးဌေးဝင်း[၁၂/မရက(နိုင်)၀၆၆၀၆၆]၏ ကွယ်လွန်သူ မိခင်ဒေါ်တင်ကြည်က (၁၉၉၄) ခုနှစ်ကတည်းမှစ၍ ဝယ်ယူကာ လက်ရောက်နေထိုင်ပိုင်ဆိုင်ခဲ့သည့် အိမ်မြေဖြစ်ပါသည်။ မိခင်ဒေါ်တင်ကြည် ကွယ်လွန်ပြီးနောက်ပိုင်းတွင်လည်း အဆိုပါအိမ်မြေနှင့်ပတ်သက်၍ ကျွန်ုပ်တို့မိတ်ဆွေမှ လက်ရှိနေထိုင် ပိုင်ဆိုင်ကာ ယနေ့တိုင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ရောင်းချ၊ ပေးကမ်း၊ ပေါင်နှံ၊ စွန့်လွှတ်ထားခြင်း မရှိပါကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဟေမာဝင့်အောင် (LL.B)** | **ဒေါ်စုစု (LL.B, LL.M)** |
| **(စဉ်–၁၀၉၇၁)** | **(စဉ်–၁၉၀၃၀)** |

**(တရားလွှတ်တော်ရှေ့နေများ)**
**အမှတ်–(၃၉)၊ မြေညီထပ်၊ အောင်ဇေယျ(၂)လမ်းယာ၊ ရန်ကုန်သစ်ရပ်ကွက်၊ သုဝဏ္ဏ၊**
**သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း– ၀၉–၂၅၄၃၅၅၃၃၂**

## အထူးဝမ်းနည်းကြေကွဲခြင်း

မျက်စိအထူးကု ဆရာဝန်ကြီး ဒေါက်တာ ဒေါ်ဥမ္မာဇင်၏ မိခင် ဒေါ်ဌေးရီ (၈၂) နှစ်သည် ၂၂-၃-၂၀၂၅ ရက် နံနက် ၇:၃၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာနိုင်ငံ ဆရာဝန်အသင်း၊**
**မျက်စိရောဂါ ပညာအဖွဲ့**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ (၈)လမ်း၊ တိုက်အမှတ်-၆၁(မြေညီထပ်)၊ တိုက်မျက်နှာမူရာညာဘက်ခြမ်း၊ အကျယ်အဝန်း(၁၂ ၁/၂ ပေx၅၀ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်အဆင့်ဆင့်ဖြင့် ဝယ်ယူထားပြီး လက်ရောက်ရယူပိုင်ဆိုင်ထားသည့် ကိုယ်တိုင်စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိသူ ဦးစိုးကြည် [၁၂/လမတ(နိုင်)၀၁၇၆၃၃]ထံမှ ကျွန်ုပ်မိတ်ဆွေများက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ တစ်စိတ်တစ်ဒေသ(စရန်ငွေ)ပေးချေထားပြီးဖြစ်၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ပိုင်ရေးပိုင်ခွင့်ရှိ၍ ကန့်ကွက်လိုပါက ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန့်ဇင်**
**B.Sc. M. Sc(Zool), H.G.P, D.B.L MA(Business Law)**
**အထက်တန်းရှေ့နေ (၁၈၅၇၇/၁၉၉၀)**
**၁၄၁/၅၊ မီးဒုံးလမ်း၊ သုဝဏ္ဏ။ Ph-09-443095191**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်ခရိုင်၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ အေးသာယာရပ်ကွက်၊ နှင်းဆီ(၁၁)လမ်း၊ စလစ်မြေကွက်အမှတ်-အီး(၁)၊ (၄၀ပေx၆၀ပေ)(ထောင့်ကွက်)မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အား မူလစလစ်အမည်ပေါက်ပိုင်ရှင် ဒေါ်ကြွေ [၁၂/သလန(နိုင်)၀၂၆၈၂၈]ထံမှ ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင် ရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြု ပြောဆိုသူ ဒေါ်ဝါဝါဝင်း[၁၂/ကတန(နိုင်)၀၆၆၁၆၄]ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် စရန်ငွေတချို့ ပေးချေထားပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော ပိုင်ဆိုင်မှုအထောက်အထားမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ဤကြော်ငြာစာပါသည့်နေ့မှ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးသန်းထွန်းလွင်**
**အထက်တန်းရှေ့နေ(စဉ်-၁၇၅၆၉/၁၉၈၉)**
**အမှတ်(၈)၊ ကျီးပင်လမ်း၊ မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့။**
**ဖုန်း-၀၉-၅၁၀၇၀၈၃**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၃-ရပ်ကွက်၊ ယသဝတီ(၁၅)လမ်း၊ အမှတ်(၁၀၂)၊ (၄၀ပေx၆၀ပေ)ဂရန်မြေပေါ်ရှိ (၃)ခန်းတွဲ ဆောက်လုပ်ထားသော (၅)ထပ်တိုက်၏ မြေညီ(ခြေရင်းခြမ်း)၊ အကျယ်အဝန်း (၁၂ပေx၅၅ပေ)ရှိ လျှပ်စစ်မီတာအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို လက်ဝယ် ပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်သိင်္ဂီလွင်[၁၂/ဥကတ(နိုင်)၁၃၃၇၅၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်သီတာမိုး[၁၂/ဥကတ(နိုင်)၁၃၀၃၉၃]က တိုက်ခန်းကို အပြီးအပိုင် ဝယ်ယူရန်အတွက်(၂၀-၃-၂၀၂၅) ရက်နေ့တွင် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက မည်သူမဆိုအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံ ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံဖြစ်စေ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ပြီးမြောက်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်သီတာမိုး၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အိအိထွေး (LLB)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၀၆၅)(၂၇-၇-၂၀၁၇)**
**အမှတ်(၈၂၇)၊ (၂၆)လမ်း၊ ၁၀-ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၆၉၇၉၈၉၅၁၅**

**ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၆၊ မြေကွက်အမှတ်-၁၀၁၂၊ ဒေါ်မြရီ(AH-၁၉၂၀၉၃)၊ အမည်ပေါက် ပါမစ်မြေ၊ မြေအကျယ်အဝန်း(ပေ၄၀xပေ၆၀)ထဲမှ တရားဝင်မခွဲစိတ်ရသေးသည့်မြေမှ မြေကွက်ကိုမျက်နှာမူပါက ညာဘက်ရှိအကျယ်အဝန်း(ပေ ၂၀xပေ၆၀)ရှိ မြေကွက်၊ မြေကွက်လိပ်စာအမှတ်-၁၀၁၂၊ သဟာရလမ်း၊ ၁၀၆-ရပ်ကွက်ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ရှိအိမ်နှင့် မြေကွက်ပိုင်ဆိုင်မှုနှင့် ပတ်သက်၍**

## ကန့်ကွက်နိုင်ကြောင်းကြေညာချက်

အထက်အမည်ပါမြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ဦးကျော်ဝင်း[၁၂/ဒဂတ(ပြု)၀၀၀၂၂၅]ထံမှ ကျွန်ုပ်၏မိတ်ဆွေကအပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက်တန်ဖိုးငွေ၏တစ်စိတ်တစ်ဒေသကိုပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါကခိုင်လုံသောစာရွက်စာတမ်း မူရင်းများဖြင့် ကြော်ငြာပါသည့် ရက်မှ (၁၀)ရက်အတွင်းကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့်သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ခင်မြင့်ရွှေ**
**B.SC, H.G.P, D.L, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၆၅)**
**အမှတ်(၁၁၁)၊ မြေညီ၊ (၃၉)လမ်း၊ (၈)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၁၅၄၈၄၉**

## အထူးဝမ်းနည်းကြေကွဲခြင်း
## ဘုရားအမကြီး ဒေါ်မေမေမြင့်(သံတွဲ)
## အသက်(၈၈)နှစ်

ကမာရွတ်မြို့နယ်၊ ရန်ကုန်တက္ကသိုလ်၊ စစ်ကိုင်းလမ်း၊ ခြံအမှတ်(၂)နေ ပါမောက္ခဒေါက်တာ တင်တင်ကျော် (ပါမောက္ခချုပ်၊ သူနာပြုတက္ကသိုလ်/ရန်ကုန်)၏ ချစ်လှစွာသော မွေးသမိခင် ဒေါ်မေမေမြင့်(သံတွဲ) အသက်(၈၈)နှစ်သည် ၁၉-၃-၂၀၂၅ ရက် (ဗုဒ္ဓဟူးနေ့) ည ၇:၃၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပါမောက္ခချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ**
**ဆေးတက္ကသိုလ်(၁)၊ ရန်ကုန်**

## "ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးခရိုင်၊ လှည်းကူးမြို့နယ်၊ သာသနာ့ရိပ်သာရပ်ကွက်၊ မြို့အုပ်စု(၂)လမ်းရှိ ဧရိယာ(၂၈x၈၅)ပေ အကျယ်အဝန်းရှိ ခြံမြေကွက်နှင့်ယင်းမြေတွင် ဆောက်လုပ်ထားသော တိုက်ခံနှစ်ထပ်အိမ် အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူလက်ရှိ ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူများဖြစ်ကြောင်း အဆိုပြုသူ ဦးသန်းဇော်(ဘ) ဦးမောင်စော[၁၂/လကန(နိုင်)၂၄၈၉၆၀]နှင့် ဒေါ်စိမ်းလှဲ(ဘ)ဦးထူး[၁၂/လကန(နိုင်)၂၃၈၈၄၄]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကိုးဆွေ[၄/ပလဝ(နိုင်)၀၃၃၁၇၁]က အပိုင်ဝယ်ယူရန် အတွက် အရောင်းအဝယ်ပြုလုပ်သော တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ကျွန်ုပ်၏မိတ်ဆွေဘက်မှ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကိုးဆွေ ၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဆွေဇင်ဝင်း (LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၅၀၂၄)**
**အမှတ်(၁/ရ-၁၂၃)၊ (၁/ရ- ၅ လမ်း)၊ မေဃဝတီတိုးချဲ့၊**
**သာသနာ့ရိပ်သာရပ်ကွက်၊ လှည်းကူးမြို့။**
**ဖုန်း-၀၉-၄၂၀၃၀၆၈၇၊ ၀၉-၇၉၅၄၈၅၄၃၈**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ (၁)ရပ်ကွက်၊ (၃၃)လမ်း၊ အမှတ်(၁၅၅/၁၉၂)၊ အခန်းအမှတ်(၂၀၂)ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးသိန်းဝင်း[၁၂/ဗဟန(နိုင်)၀၀၉၅၀၅]နှင့် ဒေါ်စန်းစန်းဝင်း[၁၂/ဗဟန(နိုင်)၀၁၉၂၂၀]တို့ထံမှ တစ်ဆင့်ပြန်လည်ဝယ်ယူထားသူဒေါ်တင်တင်ဦး(ခ) အက်စ်ချောင်ဒရီ[၁၂/ဗတထ(နိုင်)၀၂၅၅၃၂]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ လေးထောင့်ကန်ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ ကန်တော်မွန်အိမ်ရာ၊ တိုက်အမှတ်(၂)၊ အခန်းအမှတ်(၄၀၃)ကို မူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးစပါယ်(ခ)ဦးထွန်းဦး[၁၂/သဃက(နိုင်)၀၉၄၀၁၆]က ဝယ်ယူခဲ့ပြီး ၎င်းထံမှ တစ်ဆင့်ပြန်လည် ဝယ်ယူထားသူ ဦးကိုကိုဇော် [၁၂/တတန(နိုင်)၁၆၁၁၀၂]နှင့် ဒေါ်နှင်းဇာခြည်မြင့် [၁၀/ခဆန(နိုင်)၀၈၁၄၅၅]က ၎င်းအမည်ဖြင့် တိုက်ခန်းပိုင်ဆိုင်ခွင့်မှတ်ပုံတင်စာအုပ် ပြုလုပ်ပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အထောက်အထားများဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့်- ၅၊ နည်းဥပဒေ-၂၀)
## သာကေတမြို့နယ်တရားရုံးတော်
## ၂၀၂၅ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၇

ဒေါ်တိုးတိုးဝင်း **(တရားလို)** နှင့် ဦးခင်မောင်ဆွေ **(တရားပြိုင်)**

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၁၀/တောင်)ရပ်ကွက်၊ မီးရထားဝင်း၊ အခန်းအမှတ်(၃)၊ လိုင်းခန်းအမှတ်(၉)နေ ဦးခင်မောင်ဆွေ (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်တိုးတိုးဝင်းက ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင် စာချုပ်ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၅ ခုနှစ်၊ ဧပြီလ ၃ ရက် (၁၃၈၆ခုနှစ်၊ တန်ခူးလဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၅ ခုနှစ်၊ မတ်လ ၂၀ ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ငြိမ်းပြည့်ကျော်)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**သာကေတမြို့နယ်တရားရုံး**

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်းဒါယိကာမကြီး**
## ဒေါ်စောယုကြွေ
## အသက်(၉၅)နှစ်

တောင်ငူမြို့နေ(ဦးဘအုန်း-ဒေါ်လှတင်)တို့၏ သမီးကြီး၊ ရန်ကုန်မြို့နေ(Dr.သိန်းဟန်)၏ဇနီး၊ Victor Thein Han(ခ)ဦးသစ်လွင်ဦး-ဒေါ်ဌေးဌေးခင်၊ ဦးသစ်အောင်-Dr.ခိုင်မာလာမြင့်၊ ဦးကျော်ဆန်း-ဒေါ်တင်မြဝင်း၊ ဒေါ်ခင်မမ၊ (ဦးနိုင်နိုင်)တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၀ ယောက်၊ မြစ် ကိုးယောက်တို့၏ ဘွားဘွားကြီး ဒေါ်စောယုကြွေ သည် ၂၀-၃-၂၀၂၅(ကြာသပတေးနေ့) ည ၁၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ (၉၆)ပါးသော ရောဂါဝေဒနာဖြင့် ကွယ်လွန်အနိစ္စ ရောက်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလာပ်ကို ၂၁-၃-၂၀၂၅(သောကြာနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၆-၃-၂၀၂၅(ဗုဒ္ဓဟူးနေ့) နံနက် ၁၀နာရီတွင် အိမ်အမှတ်(၅)၊ ရှော်ဖီလုံးချင်းအိမ်ရာ၊ သုခလမ်းသွယ်၊ (၅၆)လမ်း၊ (၇)ရပ်ကွက်၊ လှိုင်မြို့နယ်နေအိမ်၌ ဘုရားအမှူးရှိသော ပင့်သံဃာအရှင်သူမြတ်တို့အား ပင့်ဖိတ်၍ ဆွမ်းအစရှိသော ဒါတဗ္ဗဝတ္ထုအစုစုတို့ကို ဆက်ကပ်လှူဒါန်းပြီး ရေစက်ချ အမျှပေးဝေမည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ညို့ငယ်သောစိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်စိန်တင်နု
## အသက်(၉၁)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ အောင်ဆန်းတောရ ပရိယတ္တိစာသင်တိုက်၏ ဦးစီးပဓာန နာယက ဆရာတော် ဘဒ္ဒန္တသုဇာတာဘိဝံသ၏ အစ်မကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ ဈ/၃၃/၁၀ ရပ်ကွက်၊ ရေဖြူလမ်း၊ အမှတ်(၂၃)နေ (ဦးကျော်ထွန်း-ဒေါ်မေလုံး)တို့၏သမီးကြီး၊ (ဦးကြာထွန်း)၏ ဇနီး၊ (ဒေါ်စိန်သောင်း)၊ (ဦးမြသောင်း)တို့၏ အစ်မကြီး၊ ဒေါ်သောင်းမြင့်(လယ်/အုပ်-ငြိမ်း)၊ (ဦးစံထွန်း-YTU-ငြိမ်း)-ဒေါ်စိန်မြင့်(အထပြ-ငြိမ်း)၊ ဦးကျော်မြင့်(Yangon Crown Co.,Ltd)-ဒေါ်သန်းသန်းနု(အ.ထ.က-၆)၊ ဦးတင်မြင့်အောင်(အကောက်ခွန်)၊ ဒေါ်ခင်မိုးနိုင်(အ.လ.က-ခွဲ၊ မ-၁၉)၊ ဦးဖြိုးမင်းဇော်-ဒေါ်ယဉ်နွယ်အေးတို့၏ မွေးသမိခင်ကျေးဇူးရှင်သည် (၁၃၈၆ ခုနှစ်၊ တပေါင်းလဆုတ် ၁၀ ရက်)၊ ၂၃-၃-၂၀၂၅ (တနင်္ဂနွေနေ့) နံနက် ၁:၃၀ နာရီတွင် (၉၆) ပါးသော ရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၂၅-၃-၂၀၂၅ (အင်္ဂါနေ့) ညနေ ၃ နာရီတွင် ကျူချောင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်ခင်သန်းဝင်း(ခ)ချောင်ပိုချုပ်
## အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်-၁၄၉(တတိယလွှာ)နေ (ဦးချောင်ဘွန်ချွန်း-ဒေါ်မားကူးချိုင်)တို့၏ သမီး၊ (ဦးစိန်ဟုတ်-ဒေါ်သိန်းတင်)တို့၏ သမီးချွေးမ၊ [ဦးဝင်းမြင့်(ဒုလက်ထောက်ညွှန်ကြားရေးမှူး၊ စစစ-ငြိမ်း)]၏ ဇနီး၊ ဦးတင့်လွင်(MTM, Shipping)-ဒေါ်နုနုမော်၊ ဒေါ်မေသင်းနိုင်[ဒုတိယအုပ်ချုပ်မှုဒါရိုက်တာ-အိုရီရင်တယ်(လ်)လီစင်ကုမ္ပဏီလီမိတက်]၊ ဦးစိုးမြင့်(ခ)ဦးစိုးမြင့်မောင်-Mrs.Susanti Subianto(USA)တို့၏ ချစ်လှစွာသော မိခင်၊ မယွန်းယမုံလွင်(ခ)မအိန္ဒြေချမ်းမြေ့၏ အဘွားဖြစ်သူ ဒေါ်ခင်သန်းဝင်း(ခ)ချောင်ပိုချုပ် သည် ၂၂-၃-၂၀၂၅(စနေနေ့) မွန်းလွဲ ၁:၁၅ နာရီတွင် ဂရမ်းဟံသာဆေးရုံ၌ (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါ၍ ယင်းနေ့ညနေ ၆ နာရီတွင် ရေဝေးသုသာန်၌မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများကို အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၈-၃-၂၀၂၅(သောကြာနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ **စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်းထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ **လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့်ပြည့်စုံသော လူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။

❖ **အခြေခံအားဖြင့် စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်ရာတွင် မျိုး၊ မြေ၊ ရေနှင့် နည်းစနစ်များ လိုအပ်...**

❖ **မျိုးကောင်းမျိုးသန့်ဖြစ်ရန်၊ မြေကောင်းမွန်ရန်နှင့် သဘာဝမြေဩဇာ၊ ဓာတ်မြေဩဇာများ ပြည့်ဝစွာထည့်သွင်းရန်၊ စိုက်ပျိုးရေ အောင်ရေကောင်းစွာရရှိရန်နှင့် စိုက်နည်းစနစ်များ မှန်ကန်ရန်လို ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၄ ခုနှစ်၊ မေလ ၂၄ ရက်နေ့တွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားမှုမှ ကောက်နုတ်ချက်)

## အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုပထမပွဲစဉ်အဖြစ် မြန်မာနှင့် အာဖဂန်နစ္စတန် မတ် ၂၅ ရက်တွင် ယှဉ်ပြိုင်ကစားမည်



Asean Cup ပြိုင်ပွဲတွင် မြန်မာအသင်း ယှဉ်ပြိုင်နေစဉ်။

ရန်ကုန် မတ် ၂၃

၂၀၂၇ အာရှဖလား တတိယအဆင့်ခြေစစ်ပွဲ အုပ်စုပထမနေ့ကို မတ် ၂၅ ရက်တွင် စတင်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် အာဖဂန်နစ္စတန် အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

အာရှဖလား တတိယအဆင့်ခြေစစ်ပွဲကို လေးသင်း ခြောက်အုပ်စုခွဲ၍ ၂၀၂၅ ခုနှစ် မတ်လမှ ၂၀၂၆ ခုနှစ် မတ်လအထိ တစ်နှစ်ကြာ ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းသည် ဆီးရီးယား၊ အာဖဂန်နစ္စတန်၊ ပါကစ္စတန်အသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေသည်။ မြန်မာအသင်းနှင့် အာဖဂန်နစ္စတန်အသင်းတို့သည် မတ် ၂၅ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ရှိ

စာမျက်နှာ ၂၆ ကော်လံ ၁ သို့❖

### ၂၀၂၇ ခုနှစ် အာရှဖလားဘောလုံးပွဲ မြန်မာနှင့် အာဖဂန်နစ္စတန် အမျိုးသားလက်ရွေးစင်အသင်းတို့ ခြေစစ်ပွဲစဉ် တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် မတ် ၂၃

၂၀၂၇ ခုနှစ် အာရှဖလားခြေစစ်ပွဲစဉ်အဖြစ် အုပ်စု (E) မှ မြန်မာအမျိုးသားလက်ရွေးစင်ဘောလုံးအသင်းနှင့် အာဖဂန်နစ္စတန်လက်ရွေးစင်ဘောလုံးအသင်းတို့၏ ခြေစစ်ပွဲကို မတ် ၂၅ ရက် ညနေ ၅ နာရီတွင် ရန်ကုန်မြို့ သုဝဏ္ဏအားကစားကွင်း၌ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

အဆိုပါပွဲစဉ်ကို ယင်းနေ့ ညနေ ၄ နာရီ ၄၅ မိနစ်မှစတင်၍ MRTV HD Channel၊ MRTV Parliament Channel၊ MRTV Entertainment Channel နှင့် မြန်မာ့အသံရေဒီယိုတို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ သတင်းစဉ်

### FIFA-MFF ယူ-၁၆ လူငယ်လိဂ် ဖူဆယ်ပြိုင်ပွဲ စတင်ကျင်းပ

ရန်ကုန် မတ် ၂၃

FIFA–MFF ယူ–၁၆ လူငယ်လိဂ် ဖူဆယ်ပြိုင်ပွဲ ပွဲစဉ် (၁) ကို မတ် ၂၃ ရက်က ရန်ကုန်မြို့ သုဝဏ္ဏဘောလုံးကွင်းရှိ MFF ဖူဆယ်အားကစားရုံ၌ စတင်ကျင်းပသည်။ စာမျက်နှာ ၂၆ ကော်လံ ၁ သို့ ■

**ယနေ့ ဖတ်စရာ**


တရားမဝင် လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ ကျောက်စိမ်းများ၊ ရေယာဉ်နှင့် တရားမဝင် ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ
စာမျက်နှာ » ၁၄

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်၌ “တိတ်ရှိန်ရွှေဆိုင်” အား သေနတ်ပြခြိမ်းခြောက်၍ ငွေကျပ်သိန်း ၁၂၀၀ ခန့်တန်ဖိုးရှိ ရွှေထည်ပစ္စည်းမျိုးစုံ ၂၀ ကျပ်သား လုယက်မှုကျူးလွန်သူ တရားခံ အမျိုးသားလေးဦးအား သက်သေခံပစ္စည်းများနှင့်အတူ ဖမ်းဆီးရမိ
စာမျက်နှာ » ၁၅

လူသားသမိုင်းတစ်လျှောက် နည်းပညာ၏ အခန်းကဏ္ဍ
ဆောင်းပါး စာမျက်နှာ » ၂၃

ဆိုရှယ်မီဒီယာနှင့် ယနေ့ကမ္ဘာ
ဆောင်းပါး စာမျက်နှာ » ၂၄


## MNL-2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲ အုပ်စုပွဲများပြီးဆုံး

ရန်ကုန် မတ် ၂၃

MNL–2 Promotion Amateur Club Tournament 2025 ပြိုင်ပွဲ အုပ်စု (ခ) နောက်ဆုံးနေ့ကို မတ် ၂၃ ရက်က ဆက်လက်ကျင်းပရာ YRFA အသင်းနှင့် 10/Mon အသင်းတို့ ဆီမီးဖိုင်နယ် တက်ရောက်ခဲ့သည်။

အုပ်စု (ခ) နောက်ဆုံးနေ့တွင် YRFA အသင်းနှင့် အင်းစိန်စီးတီး အသင်းတို့ တစ်ဂိုးစီသရေကျပြီး 10/Mon အသင်းက မြရောအသင်းကို ခြောက်ဂိုး–သုံးဂိုးဖြင့် အနိုင်ရခဲ့သည်။ YRFA အသင်းသည် ယခုပွဲမတိုင်မီကတည်းက ဆီမီးဖိုင်နယ် တက်ရောက်ပြီးဖြစ်သော်လည်း အုပ်စုပထမနေရာအတွက် သရေတစ်မှတ် ရယူခဲ့ခြင်းဖြစ်သည်။ ၃၅ မိနစ်တွင် စိုင်းခမ်းညီက

စာမျက်နှာ ၂၆ ကော်လံ ၅ သို့



YRFA အသင်းနှင့် အင်းစိန်စီးတီးအသင်းတို့ ယှဉ်ပြိုင်နေစဉ်။